
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ရဲမက်တော်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၄၀၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၇၆၁၁၀၇

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀ိ/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

# မင်းမြတ်သူရ

## ရဲမက်တော်



မောင်ကျော်လှိုင်-စေတနာစာပေ
မှ
စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၃။ မိုးကြိုးပစ်ခွန်
၂၄။ ပဥ္စလက်မောင်နှမ
၂၅။ ရွှေဖြစ်ငွေဖြစ်မစိန်ချစ်
၂၆။ ပဥ္စမမြောက်မိုးနတ်မယ်
၂၇။ နတ်သမီးနှင့် ရွှေခေါင်းလောင်း
၂၈။ လိုတရ ကံကြီးရှင်
၂၉။ ဥစ္စာစောင့်မလေး မြနှင်းဆီ
၃၀။ တိမ်ကြားမင်းခေါင်
၃၁။ တစ်ကျွန်းမြန် ဘိုးမှန်
၃၂။ ယက္ခညီနောင်
၃၃။ ပန်းကိုးပွင့်ဒေဝီ
၃၄။ အောင်ပင်လယ်ရွာစား
၃၅။ လေးကျွန်းမောင်ကြီး
၃၆။ နေမင်းစေတမန်
၃၇။ ရလေ လိုလေ အိုတခွေ
၃၈။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်
၃၉။ သူရိယစန္ဒာကိုဏ်း
၄၀။ မြေမြှုပ်ရှင်မ
၄၁။ မြင်းရည်တက်သူရဲကောင်း
၄၂။ ပတ္တမြားဆန်ကျိုး အဆိုမြည်တန်
၄၃။ စကြာရှင်
၄၄။ မှော်တန်ခိုးရှင်မ
၄၅။ မိုးလုံးပြည့်လျှံ
၄၆။ ကောင်းကောင်နဲ့မြွေကြီး
၄၇။ အမုန်းတက်ပါ

တစ်နေ့သ၌ ရွာကြီးတစ်ရွာ၏ အပြင်ဘက်ရှိ အရိပ်ရသော ညောင်ပင်ကြီးအောက် လူလတ်ပိုင်းအရွယ်လူတစ်ဦးသည် စောင်းပြားလေးတစ်လက်နှင့်ထိုင်နေလေ၏။

ထိုသူသည်စောင်းပြားလေးကိုရင်ဝယ်ပိုက်၍ စိတ်ဝင်တစားကြိုးညှိနေလေ၏။

ထိုသူသည် စောင်းကြိုးကိုညှိလိုက်၊ လက်ညှိုး လက်မတို့ဖြင့်တို့ခတ်ကစားလိုက်နှင့် အတန်ကြာသောအခါ စောင်းကြိုးညှိခြင်းပြီးဆုံးသွားလေ၏။

မြန်မာ့စောင်းပညာတွင် စောင်းကြိုးညှိသောအတတ်သည် အလွန်ခက်ခဲလှပေရာ စောင်းကြိုးညှိတတ်လျှင် ဆရာတစ်ဆူဖြစ်ပြီဟု အဆိုရှိ၏။

စေတနာတဖေ

www.burmeseclassic.com

www.burmeseclassic.com



စောင်းပညာရှင်သည် စောင်းကြိုးကို လွယ်ကူစွာပင်ညှိနိုင်ပြီး တောနှင့်တောင်စွယ်သီချင်းကိုပင် အကွက်ကျဲလေးနှင့် သာယာနာပျော်ဖွယ်ကောင်းလောက်အောင် စတင်တီးခတ်နေလေ၏။

ထိုသို့တီးခတ်ပြီး ခဏကြာလျှင် ရွာထိပ်၌ ဖုံတွာထောင်းထောင်း ထအောင်မောင်းနှင်လာသော နွားလှည်းတစ်စီးကို မြင်တွေ့ရလေ၏။ ထိုနွားလှည်းသည် ညောင်ပင်နှင့် မနီးမဝေးတွင် ရပ်တန့်လိုက်၏။

ထိုအခါ စောင်းတီးနေသောလူသည် စောင်းတီးခြင်းကိုရပ်၍ လှည်းပေါ်တွင် လိုက်ပါလာသောသူများကို မျက်လုံးဝေ့ကြည့်လိုက်၏။

နွားလှည်းပေါ်တွင် ထိုင်နေသောလူများအနက် ဂင်တိုတိုလူက

"ဟား ဟား ဟား... ညောင်ပင်အောက်မှာ တို့ရွာက စောင်းအိုရှင်ကြီးပါလား"

ဟု လှောင်ပြောင်သောအသံဖြင့် ပြောလိုက်လေရာ ကျန်သောလူများက တဝါးဝါးတဟားဟားရယ်မောကြလေ၏။ ထိုသူ၏အမည်မှာ မြဦးဖြစ်ပြီး လယ်ပိုင်ရှင်သားဖြစ်နေခြင်းကို အခွင့်ကောင်း





ယူ၍ ဆိုးသွမ်းနေသူဖြစ်၏။

လယ်ပိုင်ရှင်၏သား မြဦးသည် တစ်ရွာလုံးကို ဒုက္ခပေးတတ်ပြီး ရွာသူရွာသားများ၏ မေတ္တာပို့ခြင်းကိုခံရသူဖြစ်၏။

စောင်းတီးနေသူက မြဦး၏အမူအရာကိုကြည့်၍ မည်သည့်စကားကိုမျှ မတုံ့ပြန်ဘဲ စောင်းကိုသာ ဆက်လက်၍ တီးခတ်နေလေ၏။

ထိုအခါ လယ်ပိုင်ရှင်၏သားက စောင်းဆီတိုကြည့်၍ နှာခေါင်းရှုံ့လိုက်ပြီး

"ဟေ့လူကြီး... ခင်ဗျားဘာဖြစ်လို့ ပန်းတျာတွေ [illegible]နေရတာလဲ၊ ရွာမှာနေရင် လယ်ယာအလုပ်ကိုလုပ်ရင်လုပ်၊ လယ်ယာမလုပ်ရင်လည်း ကျုပ်တို့လို သောက်သောက်စားစား လူမင်းသားလုပ်စမ်းပါ"

ဟုပြောလေရာ စောင်းအိုရှင်သည် မြဦးတို့လူစုကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

"ငါ့ဘာသာ ရွာပြင်ထွက်ပြီး အေးအေးချမ်းချမ်း စောင်းတီးနေတာ မင်းတို့ကို ဘာထိခိုက်လို့လဲကွာ၊ စောင်းဆိုတာ အလွန်ရှေးကျတဲ့အနုပညာတစ်ရပ်ပါ၊ ယနေ့ခေတ်မှာ စောင်းတီးတတ်တဲ့သူ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တွေ သိပ်နည်းနေပြီ၊ နောက်ပြီးတော့ စောင်းတီးခြင်းကို ငါ အလွန်မြတ်နိုးတယ်၊ စောင်းကြိုးလေးတွေကို လက်ညှိုး လက်မနဲ့ တီးခတ်ကစားရတာ ငါပျော်တယ်၊ ဒါကြောင့် ကျေးဇူးပြုပြီး စောင်းတီးတဲ့အလုပ်ကို မတားဆီးကြပါနဲ့ကွာ ”

ဟုတောင်းပန်လေ၏။

ထိုအခါမြဦးက မျက်နှာရှုံ့မဲ့လိုက်ပြီး

“ ကျုပ်ကတော့ စောင်းတီးနေတဲ့လူတွေကို မျက်လုံးထဲမှာ ကြက်ခြေခတ်ဖြစ်နေတယ်၊ ပန်တျာတွေဘာတွေလဲ ကျုပ်နားမလည် ဘူး ဒါကြောင့်ခင်ဗျားရဲ့စောင်းကြီးကို ဒီနေ့ကစပြီး ကျုပ်မမြင် ချင်ဘူး၊ နောက်တစ်ကြိမ် ကျုပ်ရှေ့မှာ စောင်းတီးဖို့ကြိုးစားရင် ခင်ဗျားကိုဆုံးမရလိမ့်မယ် ”

ဟုပြောလေ၏။

စောင်းအိုရှင်က ခေါင်းခါယမ်း၍

“ စောင်းကခေတ်နောက်ကျနေပြီ ဟုတ်လား၊ စောင်းက ငါတို့လူမျိုးတွေရဲ့ သီးခြားအနုပညာတစ်ရပ်ကွ၊ မြန်မာ့စောင်းဟာ ဘယ်လူမျိုးတွေရဲ့ စောင်းနဲ့မှမတူဘူး၊ ဒါဟာ မြန်မာပဲဆိုတာ သီးခြားဖော်ဆောင်နေတယ် ”





ဟုပြောလေရာ မြဦးက

“ ဟေ့လူကြီး... အပိုတွေပြောမနေနဲ့ဗျာ၊ ကျုပ်မကြားချင် ဘူး၊ စောင်းတီးတာကျုပ်မမြင်ချင်ဘူးနော်၊ ခင်ဗျားရဲ့စောင်းအိုကြီးကို နောက်မျက်စိရှေ့မှာမြင်ရင် ရိုက်ခွဲမိလိမ့်မယ် ”

ဟုဆိုကာ လှည်းထွက်ရန်အချက်ပြလိုက်လေ၏။

မြဦးတို့လူစု၏ လှည်းထွက်ခွာသွားသောအခါ စောင်းအိုရှင် သည်မျက်လုံးကို စုံမှိတ်လိုက်ရာ အတိတ်ကအရိပ်များ ဝိုးတဝါးမြင် ယောင်လာမိ၏။

ထိုစဉ်က ကုလားစစ်ပုလိပ်များအား တောင်ကြားလမ်း တစ် နေရာတွင် အပြန်အလှန် ဓားစွမ်းပြခဲ့မှုများကို မြင်ယောင်နေမိ၏။

တောင်ကြားလမ်းထဲသို့ မြင်းကိုဒုန်းစိုင်း၍ ဝင်ရောက်သွားပြီး ဓားကြီးတောင်ဓားဖြင့် ကုလားစစ်ပုလိပ်များကို ခုတ်ပိုင်းခဲ့၏။ စစ်ပုလိပ်များကို ခုတ်ပိုင်းရလွန်းသဖြင့် ဓားကိုင်ထားသော လက်ထဲ မှာသွေးစီးများဖြင့် စေးကပ်နေလေ၏။

သူသည်နယ်ချဲ့ကို တော်လှန်ရာ၌ သူ့ရဲကောင်းတစ်ဦးကဲ့သို့ ချုံချုံတိုက်ပွဲဝင်ခဲ့၏။ နောက်မတွန့်တမ်း ရဲစွမ်းသတ္တိပြခဲ့၏။

ရဲမက်တော်ဟူသော အမည်ကို ကုလားစစ်ပုလိပ်များ ဖိန့်ဖိန့်



www.burmeseclassic.com

တုန်အောင် ကြောက်ရွံ့ခဲ့၏။

ယခုတော့ရွာလူမိုက်ပေါက်စကလေးများကို ဦးညွှတ်၍နေရလေပြီ။

ရွာလူမိုက်ကလေးများသည် မိမိအလွန်မြတ်နိုးသော စောင်းအိုကြီးအား ရိုက်ခွဲပစ်ရန်ပင် တောင်းဆိုနေကြ၏။

စောင်းအိုရှင် မခံချင်စိတ်ကြောင့်သူ၏စိတ်များ တင်းမာခက်ထန်လာသဖြင့် စောင်းတီးခြင်းကို ရပ်တန့်ကာ ရွာဘက်သို့ ပြန်ခဲ့လေ၏။

လမ်းတစ်နေရာသို့ ရောက်သောအခါ ရေခပ်ဆင်းသော အပျိုလေးများနှင့် တွေ့လေ၏။ အပျိုလေးများသည် စောင်းအိုရှင်ကို သဘောကျဟန် ဖြင့်ကြည့်ရှုကြပြီး နှုတ်သွက်လျှာသွက်နိုင်သော အပျိုတစ်ဦးက

" အစ်ကိုကြီးရယ် ညီမတို့နားထောင်ရအောင် စောင်းတီးပြပါဦး "

ဟု တောင်းဆိုလေ၏။

ထိုအခါ စောင်းအိုရှင်က ခေါင်းခါယမ်း၍

" ကျုပ်စိတ်တွေ သိပ်ပြီးတော့ တင်းမာနေတယ်၊ ဒါကြောင့် စောင်းတီးရင် နမတို့ နားထောင်ကောင်းမှာ မဟုတ်ဘူး၊ ဒီနေ့တော့ ကျုပ်ကိုခွင့်လွှတ်ပါ "

ဟု ဆိုကာရေခပ်ဆင်းသောအပျိုများကို လမ်းခွဲ၍ထွက်ခဲ့လေ၏။

ရွာအဝင်လမ်းရှိ သရက်ပင်ကြီးအနီးသို့ရောက်သောအခါ အရက်သမားလူစုက စောင်းသမားကိုကြည့်၍

" ဘယ်လိုလဲ စောင်းအိုရှင်ကြီး မြူမြူမောင်းတစ်ပုဒ်လောက် လုပ်စမ်းပါဦးဗျ၊ ကျုပ်တို့ရေက်မင်း စည်းစိမ်လေးခံချင်လို့ "

ဟု လှောင်ပြောင်သောအမူအရာဖြင့် ပြောလေ၏။

ထိုအခါ အရက်သမားတစ်ဦးက

" ဒီလူရှိတာ ရွာမှာဘာအသုံးကျလဲ၊ စောင်းကြီးတစ်လက် ပိုက်ပြီး ဟိုနေရာထိုင်တီး၊ ဒီနေရာထိုင်တီးနဲ့ ရွာကလူတွေနဲ့လည်း ခေါင်းလို့သင်းလို့ရတာ မဟုတ်ဘူး "

ဟု အပြစ်တင်ဟန်ဖြင့် ပြောလိုက်လေ၏။

စောင်းအိုရှင်သည် ထိုသူများ၏ စကားကိုမကြားဟန်ပြု၍ ဘုန်းကျောင်းရှိရာသို့ ထွက်ခဲ့လေ၏။ သူသည် ဆုံးဖြတ်ချက် တစ်ခုကိုလည်းချလိုက်လေ၏။

www.burmeseclassic.com



ရွာဦးကျောင်းအနောက်တွင် ကျယ်ဝန်းသော ဝါးရုံတောကြီးရှိ၏။

ထိုဝါးရုံတောကြီး၏ မလှမ်းမကမ်းတွင် အလွန်ရှေးကျသော ဇရပ်ကြီးတစ်ဆောင်ရှိ၏။

ဇရပ်ပေါ်တွင် အမျိုးသမီးကြီးတစ်ဦး ပုတီးစိပ်နေလေ၏။ စောင်းအိုရှင်သည် အမျိုးသမီးကြီး ပုတီးစိပ်ပြီးသောအခါ ဦးချကန်တော့လိုက်ပြီး တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

"မယ်မယ်ဘုရားကို သားတော်ပြောစရာရှိတယ် "

ဟု ပြောလိုက်ရာ ဣန္ဒြေသိက္ခာရှိသော အမျိုးသမီးကြီးသည် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်၍

"ဘာဖြစ်လို့ ထီးသုံးနန်းသုံးစကားတွေကို ဒီနေရာမှာ ပြောနေရတာလဲ ငါ့သားရယ်၊ အမေတို့ဟာ မင်းမျိုးမင်းနွယ်တွေဆိုတာ လူသိခံလို့မဖြစ်ဘူးလေ "

ဟု ပြောလေ၏။

ထိုအခါ စောင်းအိုရှင်က ခေါင်းညိတ်၍

" ဒါတွေကို သားတော်သိပါတယ် မယ်မယ်ဘုရားရယ်၊ ဒါပေမဲ့ အခု သားတော်ပြောမဲ့ အကြောင်းအရာက ဘဝအတွက် အလွန်အရေးကြီးတဲ့ စကားတစ်ခွန်းဖြစ်နေလို့ပါ "





ဟု ပြောလေ၏။

ထိုအခါ အမျိုးသမီးကြီးက သက်ပြင်းချ၍

" သား ဘာပြောမယ်ဆိုတာ အမေသိပါတယ်၊ သား ဒီရွာက ထွက်ခွာသွားတော့မလို့ မဟုတ်လား "

ဟု ပြောလေရာ စောင်းအိုရှင်ကခေါင်းညိတ်၍

" ဟုတ်ပါတယ် မယ်မယ်ဘုရား၊ သားတော်ဒီနေရာမှာ နေရတာ မပျော်တော့ဘူး၊ နောင်တော်သီပေါ ပါတော်မူပြီးတဲ့နောက်မှာ သားတော်ဟာ နယ်ချဲ့တွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ တွန်းလှန်တိုက်ခိုက်ခဲ့ပါတယ်၊ ဒါပေမဲ့ နယ်ချဲ့နဲ့သားတော်တို့ဟာ ငွေအင်အား၊ လူအင်အား၊ လက်နက်အင်အား အစစအရာရာ ကွာခြားတဲ့အတွက် ဆက်ပြီးတော့ တွန်းလှန်တိုက်ခိုက်နေရင် တိုင်းပြည်ရဲ့သားကောင်းရတနာတွေ အကြောင်းမဲ့ ဆုံးရှုံးနေလို့ တော်လှန်ရေးကြီးကို သားတော် စွန့်လွှတ်ပြီး ဒီရွာမှာ မယ်မယ်ဘုရားနဲ့အတူ မထင်မရှားလာပြီးတော့ နေထိုင်ခဲ့တယ်၊ ဒါပေမဲ့ ဒီရွာကလူတွေနဲ့ သားတော်ဟာ ဘယ်လိုမှ ပေါင်းစည်းလို့မရဘူး၊ သားတော်ဟာ နန်းတွင်းကလာတဲ့လူတွေဆိုတော့ ဂယ်ယာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေကို မလုပ်ကိုင်တတ်ဘူး၊ ကုန်သည်ပွဲစားတွေရဲ့ အလုပ်အကိုင်တွေကိုလည်း သားတော် မကျွမ်းကျင်ဘူး၊ သားတော်ကျွမ်းကျင်တာ စားရေး၊ လှုံရေးနဲ့ မြင်းစီးအတတ်ပဲ၊ ဒါကြောင့်ရွာသားတွေနဲ့ သားတော်ဟာ ဘယ်တော့မှ ပေါင်းစီးလို့မရခဲ့ဘူး။ ရွာသားတွေရဲ့အမြင်မှာ သားတော်ဟာ ဘာအလုပ်မှ မယ်မယ်ရရမလုပ်ဘဲ စောင်းအိုကြီးတစ်လက်နဲ့ အချိန်ကုန်နေတဲ့ လူဖျင်းတစ်ယောက်ပဲ၊ ဒါကြောင့် ရွာသူရွာသားတွေရဲ့ စော်ကားတာကိုသားတော် မကြာခဏခံခဲ့ရတယ်၊ ဒါတွေကို မခံနိုင်တော့ဘူး။ ဒါကြောင့် ရွာက ထွက်ခွာသွားပြီး တိုင်းပြည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းချင်သေးတယ် ”

ဟု ပြောလေရာ ဣန္ဒြေသိက္ခာရှိသော အမျိုးသမီးကြီးကသက်ပြင်းချ၍

“ သားတော်က နယ်ချဲ့ကို မိုက်ရူးရဲလမ်းစဉ်နဲ့ပြန်ပြီးတော်လှန်ဦးမလို့လား”

ဟု မေးမြန်းလေ၏။

ထိုအခါ စောင်းအိုရှင်က ခေါင်းခါယမ်း၍

“နောင်တော်သီပေါပါတော်မူပြီးစအချိန်က သားတော်တို့





နယ်ချဲ့ကို တွန်းလှန်တယ်ဆိုတာ လက်ရုံးရည်သက်သက်ပါ၊ ဒီတစ်ကြိမ်မှာတော့ လူအင်အား၊ လက်နက်အင်အား အစစအရာရာသာလွန်တဲ့နယ်ချဲ့ကို လက်ရုံးရည်သက်သက်နဲ့ တွန်းလှန်လို့မရတော့ဘူးဆိုတာ သားတော် ရိပ်စားမိသွားပြီ၊ ဒီတစ်ကြိမ် နယ်ချဲ့ကိုနှလုံးရည်သက်သက်နဲ့ တွန်းလှန်တော့မယ်၊ သားတော်တို့ တိုင်းပြည်မှာရှိတဲ့ လူငယ်လူရွယ်တွေကို လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်စုံအောင် သားတော်သင်ကြားပေးမယ်၊ သားတော်ကိုယ်တိုင်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ နယ်ချဲ့ကိုတွန်းလှန်ရမယ်၊ ဒါကြောင့်သားတော်ကို ဒီရွာကထွက်ခွင့်ပြုပါ ”

ဟု တောင်းပန်လိုက်လေ၏။

စောင်းအိုရှင်၏ စကားကြောင့် အမျိုးသမီးကြီးသည်သက်ပြင်းချလိုက်ပြီး

“ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သားရဲ့နှုတ်ဖျားက ဒီစကားမျိုးကြားလာတော့မယ်ဆိုတာ အမေရိပ်စားမိပါတယ်၊ ငါ့သား သွားချင်တဲ့ဆီကိုသာ အေးအေးချမ်းချမ်းသွားပါ၊ အမေ့အတွက် ဒီကျောင်းတော်က လုံခြုံမှုရှိပါတယ်၊ ဆရာတော်ဟာ အမေ့ကို နားလည်မှုအပြည့်အဝရှိတယ်၊ မေမေတို့ရဲ့ အတိတ်အကြောင်းကို သိနိုင်တဲ့

www.burmeseclassic.com



တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟာလည်း ဆရာ့ဆော်ပါပဲ၊ ဆရာတော်ရှိ နေစဉ် မေမေ့အတွက် လုံခြုံမှုရှိပါတယ်၊ ဒါကြောင့် သားတော် သွားချင်တဲ့လမ်းကို စိတ်ချလက်ချသွားပါ၊ ဒါပေမဲ့ သားကို တစ်ခုတော့မှာလိုက်ချင်တယ်၊ ခရီးထွက်ခါနီးရင် မဖွားစောနဲ့ သွားတွေ့ဖို့မမေ့ပါနဲ့၊ မဖွားစောဆီက ကံကြမ္မာလမ်းညွှန်တွေဟာ သားရဲ့ အနာဂတ်ခရီးလမ်းအတွက် အကျိုးရှိပါလိမ့်မယ်"

ဟု ပြောလေရာ စောင်းအိုရှင်က ခေါင်းညိတ်၍

" စိတ်ချပါ မယ်မယ်ဘုရား၊ ခေါ်ကြီးဖွားစောနဲ့သားတော် တွေ့ပါလိမ့်မယ် "

ဟု ပြောလေ၏။

ထိုအခါ ဂုဏ်မြေရှိသော အမျိုးသမီးကြီးက အဝေးသို့ ငေးကြည့်၍

" ဟိုးအရင်တုန်းကတော့ နန်းတော်ထဲက ထွက်ပြေးပြီး အိမ်နိမ့်စံဘဝနဲ့ နေရတဲ့ကာလကို အမေစက်ဆုပ်ရွံ့ရှာတယ် အခုတော့ တရားဓမ္မကိုလိုက်စားတဲ့အခါမှာ ဒါတွေအားလုံးဟာ ရေပွက်ပမာပါပဲလားဆိုတာ အမေနားလည်သွားတယ်၊ အမေ့ အတွက် တုန်လှုပ်ခြောက်ခြားခြင်း မရှိတော့ပါဘူး "





ဟု ပြောကာ မျက်လုံးကို စုံမှိတ်ထားလိုက်လေတော့၏။

ထိုအခါ စောင်းအိုရှင်သည် မိခင်ဖြစ်သူ တရားကျင့်ကြံတော့ မည်ဖြစ်ကြောင်း ရိပ်စားမိသဖြင့် ထိုနေရာက ထွက်ခွာလေတော့ ၏။

စောင်းအိုရှင်သည် ဇရပ်ပေါ်မှဆင်းပြီး ဝါးရုံတောကြီးအဝိုင်း အနောက်သို့ လျှောက်သွားလေ၏။

ဝါးရုံတောကြီးကို လွန်မြောက်သွားသောအခါ စမ်းချောင်း လေးတစ်ခုကို မြင်တွေ့ရ၏။ စမ်းချောင်းလေးအနီးတွင် ကျောက်တုံး ကြီးတစ်တုံးရှိ၏။

ထိုကျောက်တုံးကြီးပေါ်တွင် ထိုင်၍ စမ်းချောင်းထဲသို့ မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေသော အမျိုးသမီးကြီးတစ်ဦး ကို မြင်တွေ့ရလေ၏။

ထိုအမျိုးသမီးကြီး၏ ဆံပင်များအားလုံး ခွတ်ခွတ်ဖြူနေပြီး၊ ကိုယ်ခန္ဓာမှာလည်း လွန်စွာပိန်လှီလှ၏။

သို့သော် ထိုအမျိုးသမီးကြီး ၏မျက်လုံးများမှာ စူးရှတောက် ပြောင်နေ၏။

အမျိုးသမီးကြီးသည် အတန်ကြာအောင် စမ်းချောင်းရေပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရိုက်ကြည့်နေပြီးမှ ရုပ်တန့်လိုက်ကာ စောင်းအိုရှင်ဘက်သို့လှည့်၍ လေသံတိုးတိုးဖြင့်

" သားတော်တောင် ရောက်လာမှကိုး၊ ရေကသိုဏ်းရှုနေတဲ့ အတွက်သားတော်ကို လှည့်ပြီးတော့ စကားမပြောနိုင်တာ ဖွားစောကိုခွင့်လွှတ်ပါနော် "

ဟု တောင်းပန်လေ၏။

ထိုအခါ စောင်းအိုရှင်က

" တောင်းပန်စရာမလိုပါဘူး ဖွားစောရယ်၊ ဖွားစောတို့ အလုပ်ကို ကျုပ်နားလည်ပြီးသားပါ "

ဟု ပြောလေ၏။ ထိုအခါ ဆံပင်များ ဆွတ်ဆွတ်ဖြူနေသော ဒေါ်ဖွားစောက

" လူလေး ဒီရွာက ထွက်သွားတော့မယ်ဆိုပြီး ဖွားစောကို လာပြောမလို့မဟုတ်လား "

ဟု ပြောလေ၏။

ထိုအခါ စောင်းအိုရှင်က

" ဖွားစောပြောတာမှန်တယ်၊ ကျုပ်ဒီအရပ်က ထွက်ခွာတော့ မယ်၊ ဒါကြောင့် ကျုပ်ရဲ့အနာဂတ် အဆိုး အကောင်းကို ဖွားစော





မြင်သလောက်ပြောပေးပါဦး "

ဟု မေးမြန်းလေ၏။

ထိုအခါ ဖွားစောက

" လူလေးရဲ့ ဘယ်ဘက်လက် ဖွားစောကိုပေး "

ဟု ဆိုလိုက်ရာ စောင်းအိုရှင်က ဖွားစောဆိုသော အမျိုးသမီး ကြီးလက်သို့ သူ၏လက်ကိုပေးလေ၏။

ဖွားစောဆိုသော အမျိုးသမီးကြီးသည် စောင်းအိုရှင်၏ လက်ကို ညင်သာစွာ ကိုင်ဆောင်ထားပြီး ခဏကြာလျှင်

" ဒီရွာမှာနေတဲ့ဘဝထက် ပိုပြီးရုန်းကန်ကြိုးပမ်းရမဲ့ အတိတ်နိမိတ်တွေ မြင်တွေ့နေတယ်၊ လူကလေးဟာ ဘယ်တော့မှ ငြိမ်မနေရဘူး၊ စွန့်စားခန်းတွေနဲ့ အများကြီးရင်ဆိုင်ရမယ်၊ သူတစ်ပါးအတွက် စွန့်လွှတ်အနစ်နာခံပြီး အလုပ်တွေ လုပ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ဒီအလုပ်တွေဟာ လူကလေးနဲ့ အသင့်တော်ဆုံး အလုပ်တွေပါ၊ လူလေးက ဒီရွာမှာနေရင် အကျိုးမဲ့ အချိန်တွေကုန်ဆုံး သွားမှာ "

ဟု ပြောလေရာ စောင်းအိုရှင်က စိတ်တက်ကြွဟန်ဖြင့် ဖွားစောဆိုသောအမျိုးသမီးကြီးကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်ရဲ့အနောက်ဂတ်နဲ့ပတ်သက်ပြီးတော့ ဖွားစောမြင်တာ ဒါအကုန်ပဲလား၊ နောက်ထပ်မြင်ထားတာရှိရင် ပြောပါဦး "

ဟု ပြောလေရာ ဖွားစောဆိုသောအမျိုးသမီးကြီးသည် သူ၏လက်ကိုကိုင်၍ တစ်ခဏမျှ ငြိမ်သက်နေလေ၏။

အတန်ကြာသောအခါ မျက်လုံးဖွင့်ကြည့်လိုက်ပြီး

" နောက်ပိုင်းတွေ ဖွားစောမမြင်ရတော့ဘူး၊ ဝေဝေဝါးဝါးသာ မြင်တွေ့တယ်၊ အဲဒါတော့ ကြိုးတစ်ချောင်း "

ဖွားစောဆိုသော အမျိုးသမီးကြီးသည် ထိုသို့ရေရွတ်ရင်း မျက်လုံးကိုစုံမှိတ်ထားလိုက်၏။ ထို့နောက် စိတ်လှုပ်ရှားသော အမူအရာဖြင့် မျက်လုံးကိုပြန်ဖွင့်ကာ

" ဟင် . . ကြိုးတစ်ချောင်းဆိုတော့ လူလေးရဲ့နောက်ခံနိမိတ်ဟာ ကြိုးစင်ပဲလား "

ဟု ဆိုကာ အာရုံခံ၍ ကြည့်ပြန်၏။ ခဏကြာလျှင် မျက်လုံးပြန်ဖွင့်ကြည့်လိုက်ပြီး

" လူလေးနဲ့ ပတ်သက်ပြီး ကြိုးတစ်ချောင်းကို ယှဉ်တွဲပြီးမြင်ရတယ်၊ ဒီကြိုးကိုသေချာကြည့်တော့ ရွှေရောင်တလက်လက် တောက်ပနေတဲ့ ကြိုးတစ်ချောင်းဖြစ်နေတယ် "





ဟု မေးမြန်းလေ၏။

ထိုအခါ ဒေါ်ဖွားစောက ခေါင်းခါယမ်း၍

" ဒါကိုတော့ ဖွားစောမမြင်ရတော့ဘူး၊ အားလုံးဟာ ဝေဝေဝါးဝါးဖြစ်နေတယ်၊ ရွှေရောင်တောက်ပတဲ့ကြိုးဟာ လူလေးနဲ့ ဆက်စပ်မှုရှိမှာတော့ သေချာတယ် "

ဟု ပြောရင်း မျက်လုံးအစုံမှိတ်၍ အနားယူနေလေ၏။

စောင်းအိုရှင်သည် ဒေါ်ဖွားစောအား မည်သည့်စကားကိုမျှ မဆိုတော့ဘဲ ငေးစိုက်၍ကြည့်နေမိ၏။

ဒေါ်ဖွားစောသည် ငယ်စဉ်က နန်းတွင်းမှာနေစဉ်အခင် သမထလမ်းစဉ်များကို လိုက်စားခဲ့၏။

မိခင်ဖြစ်သူမှာ ဝိပဿနာတရားတော်ကိုသာ စိတ်ဝင်စား၍ ဒေါ်ဖွားစောကဲ့သို့ သမထကျင့်စဉ်များနှင့် အစွမ်းသတ္တိကိုလိုချင်တပ်မက်ခြင်းမရှိချေ။

ဒေါ်ဖွားစောသည် အဘယ့်ကြောင့် သမထ စွမ်းအင်များကို လိုချင်နေသည်မသိ။

" သမထ စွမ်းအင်တွေကို ပိုင်ဆိုင်ချင်တဲ့ လိုချင်တပ်မက်မှုမျိုး ဖွားစောမှာမရှိပါဘူးကွယ်၊ တကယ်တော့ ဖွားစောဟာ တရားဓမ္မ



www.burmeseclassic.com

ကို အွားဖို့အတွက် သမထလမ်းစဉ်နဲ့သွားမှ ပိုဖြီးနီးစပ်မယ်လို့ ယုံကြည်လို့ပါ၊ ဒါဟာ ဖွားစောတစ်ယောက်တည်းအတွက်သာ ဖြစ်ပါတယ်၊ ညီမတော်ကတော့ ဝိပဿနာလမ်းစဉ်ကို အတော်လေး ခရီးရောက်အောင် ကျင့်ကြံနေပါပြီ ”

ဟု ပြောဖူး၏။

စောင်းအိုရှင်၏မိခင်မှာ မင်းတုန်းမင်းတရားကြီး၏ အဆောင် မရသော မိဖုရားငယ်တစ်ပါးဖြစ်၏။

၄င်းတို့သည် နန်းတွင်းအရေးတော်ပုံကြီး မဖြစ်ပွားမီ နေပြည်တော်၌ မရှိသောကြောင့် ကံကောင်းထောက်မပြီး အသက် ဘေးမှလွတ်မြောက်ခဲ့ခြင်းဖြစ်၏။

ထိုစဉ်က နန်းတွင်း၌ မင်းတုန်းမင်းတရားကြီး၏ သွေးတော်မျိုး တော်များအမြောက်အမြား လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရ၏။

သီပေါမင်းနန်းတက်ရေးအတွက် မင်းညီမင်းသား အမြောက် အမြား အသက်ဆုံးခဲ့ရ၏။

မိုးစာတို့သည် နန်းတွင်း၌ လုပ်ကြံသတ်ဖြတ်မှုကြီး ဖြစ်ပွား ကြောင်းသိရသောအခါ နန်းတွင်းသို့ မပြန်ဝံ့တော့ဘဲ မြန်မာပြည် အရပ်ရပ်လှည့်လည်၍ မထင်မရှားအိမ်နိမ့်စံများအဖြစ် နေထိုင်ခဲ့





ကြ၏။

သီပေါမင်းပါတော်မူပြီးနောက် မိုးစာသည် မျိုးချစ်စိတ်ရှိသူ ဗိုဗိ နယ်ချဲ့အစိုးရအား လက်နက်စွဲကိုင်၍ တွန်းလှန် တိုက်ခိုက်ခဲ့ ၏။

သို့သော် နယ်ချဲ့အစိုးရနှင့် တော်လှန်ရေးတပ်သားများ လက်နက်လူအင်အား ကွာခြားခြင်း၊ ခေတ်မီစစ်လက်နက်များ ရှိခြင်းတို့ကြောင့် တော်လှန်ရေးတပ်သားများ တဖြည်းဖြည်း ပြိုကွဲခဲ့ ရ၏။

မိုးစာသည် ရှမ်းပြည်နယ်ဘက်ရှိ ကုလားစစ်ပုလိပ်များ၏ တိုက်ပွဲ၌ ဒဏ်ရာပြင်းထန်စွာရရှိပြီး မိခင်ရှိရာရွာသို့ ပြန်လာခဲ့ကြ ၏။

မိုးစာသည် ထိုအချိန်မှစ၍ နယ်ချဲ့တို့အား လက်နက်စွဲကိုင်၍ တိုက်ခိုက်ခြင်းသည် ကျောက်တောင်ကို ခေါင်းနှင့်တိုက်ရသကဲ့သို့ ရှိသဖြင့် လက်ရုံးရည်တိုက်ပွဲကို စွန့်လွှတ်ခဲ့၏။

ယခုနယ်ချဲ့များအား နှလုံးရည်တိုက်ပွဲဆင်ရန် အချိန်ရောက်ပြီ ဟု ခံစားမိ၏။

မိုးစာသည် ခရီးမထွက်မီ အချိန်အတွင်း မိခင်ဖြစ်သူနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ရတ်များစွာ နေထိုင်ခဲ့၏။

ခရီးဆက်ရန် အတွက်လိုအပ်သော ပစ္စည်းကိရိယာများကို စုဆောင်းလေ၏။

ထိုအရာများပြည့်စုံသွားပြီးသောအခါ လာမည့်စနေနေ့တွင် ခရီးထွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်၏။

△△△

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။





မိုးဇာသည် ခရီးထွက်မည့်နေ့မတိုင်မီညတွင် မိခင်ကိုဦးစွာရှိခိုးထန်တော့၏။

ထို့နောက် နောက်တစ်နေ့နံနက်စောစော အိပ်ရာထပြီး

" သားတော်ခရီးထွက်တော့မယ်၊ မယ်တော့်ကိုမနက်ဖြန်နေ့တွေ့ဆက်မဆက်တော့ဘူး၊ မယ်တော်အိပ်ရေးပျက်မှာစိုးတယ် "

ဟု ပြောလေ၏။

ထိုအခါ မိခင်ဖြစ်သူက

" သွားပေဦးတော့ သားတော်၊ သားတော်ရဲ့ဘဝမှာ အောင်မြင်မှုတွေ သရဖူဆောင်းပါစေလို့ မယ်တော် ဆုတောင်းပါတယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးစာသည် မိခင်ကိုနှုတ်ဆက်ပြီးနောက် ဒေါ်ဖွားစောကိုလည်း သွားရောက်နှုတ်ဆက်လေ၏။ ဒေါ်ဖွားစောက မိုးစာ၏ပခုံးကို လက်ဖြင့်ပုတ်၍

" အလောင်းဘုရားသွေးက နိုပါတယ်ကွာ၊ မင်းတို့ဟာ အလောင်းဘုရားရဲ့ မျိုးဆက်တွေပါ၊ နယ်ချဲ့ကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်မှာပါ "

ဟု အားပေးစကားပြောလေ၏။

မိုးစာသည် ထိုညကအိပ်လို့မပျော်နိုင်ဘဲ၊ အိပ်ရာထဲတွင် တလူးလူးတလွန့်လွန့်ရှိလေ၏။ ထို့ကြောင့် သူ၏စောင်းပြားလေးကို ယူဆောင်၍ ကျောင်း၏တစ်နေရာ၌ တီးခတ်နေလေ၏။

ထိုအခိုက်မှာပင် လူသံသူသံများကို ဆူညံစွာကြားရပြီး မြင်းခွာသံများကိုလည်း ကြားရလေ၏။ သေနတ်ပစ်ဖောက်သံကိုလည်း ကြားရ၏။ ရွာထဲသို့ ဓားပြဝင်နေချေပြီ။

မိုးစာသည် စောင်းကိုရင်ခွင်ပိုက်၍ ဓားပြတိုက်သည်ဟု ထင်ရသော နေရာသို့ထွက်ခဲ့၏။ ဓားပြများသည် လယ်ပိုင်ရှင် ဦးလူပေါ၏ အိမ်ရှေ့တွင်ရပ်၍ ဆူညံစွာအော်ဟစ်နေကြ၏။

ဦးလူပေါသည် ဤရွာ၌ အချမ်းသာဆုံး လယ်ပိုင်ရှင်တစ်ဦး





ဖြစ်၏။

ဓားပြခေါင်းဆောင်က ဦးလူပေါ၏ အိမ်ခေါင်မိုးရှိရာသို့ သေနတ်ကို ဒိုင်းခနဲပစ်ဖောက်၍

" ဟား ဟား ဟား... လယ်ပိုင်ရှင်ဦးလူပေါ၊ ခင်ဗျား သိပ်ချမ်းသာလွန်းလို့ ကျုပ်တို့ အလည်လာပြီဗျို့၊ ကျုပ်တို့ကို ဧည့်ဝတ်ကျေဖို့ ကြိုးစားပါ "

ဟု အော်ဟစ်လိုက်ရာ ဦးလူပေါမိသားစုသည် အိမ်ထဲတွင် ပုန်းအောင်းနေရာမှ အထိတ်တလန့်ဖြစ်သွားကြလေ၏။

ဦးလူပေါသည် တုန်တုန်ယင်ယင်ဖြင့် အိမ်၏တံခါးမကြီးကို ဖွင့်လိုက်ပြီး

"ကျုပ်တို့က လယ်ပိုင်ရှင် နာမည်ခံပေမဲ့ ရွှေတွေ ငွေတွေ မရှိပါဘူးဗျာ၊ သူများတွေ အလကားသက်သက် အထင်ကြီးနေ တာပါ"

ဟု ငြင်းဆန်လေ၏။

ထိုအခါ ဓားပြခေါင်းဆောင်က မြင်းပေါ်မှလွှားခနဲခုန်ဆင်း၍

" ဟား... ဟား... ဟား... ဦးလူပေါ၊ ဘုရားကကာ ပြောင်းဒကာကြီး၊ မုသားတွေ တော်တော်သုံးတာပဲ၊ ဒီနယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောမှာ ခင်ဗျားပိုင်တဲ့လယ်တွေဟာ လက်ညှိုးထိုးမလွဲဘူး ဆီစက်၊ ဆန်စက်တွေဟာလည်း အများကြီးရှိတယ်၊ မိန်းမနှစ်ယောက်ကိုတောင် တပြိုင်နက်ယူထားပြီး တစ်အိမ်တည်းမှာ ပေါင်းသင်းနေတာပဲ၊ ဒီလောက်ကြွယ်ဝ ချမ်းသာတဲ့လူက မရှိပါဘူး လို့ ငြင်းနေတော့ ဟား… ဟား… ဟား… ခင်ဗျားကြီးစကားကို ကျုပ်တို့က ဘယ်လိုယုံရမှာလဲ ”

ဟု ဆိုကာ ဦးလူပေါ၏ နဖူးကိုခြောက်လုံပြူးသေနတ်ဖြင့် ထောက်လိုက်၏။

ထိုအခါ ဦးလူပေါသည် ထိတ်လန့်လွန်းသဖြင့်

“ အမယ်လေး… အသက်ကိုတော့ ချမ်းသာပေးပါဗျာ မရှိမဲ့ရှိမဲ့ ရွှေတိုရွှေစလေးတွေကို ပေးလိုက်ပါ့မယ် ”

ဟု ပြောလေ၏။

ဓားပြခေါင်းဆောင်က ဦးလူပေါ၏မှသားကို သည်းမခံနိုင်တော့ဘဲ သေနတ်ဒင်ဖြင့် ဦးလူပေါ၏ခေါင်းကို ဖျောင်းခနဲမြည်အောင် ရိုက်လိုက်ရင်း

“ ဟေ့လူကြီး… မဟုတ်တာတွေ မပြောနဲ့၊ ရွှေတို ရွှေစလေးတွေမက်ပြီး ပြန်မဲ့ဓားပြများ အောက်မေ့လို့လား၊ ခင်ဗျား





မီးခံသေတ္တာထဲကပစ္စည်းတွေ ကျုပ်တို့ အကုန်လုံးယူမယ် ”

ဟု ပြောသောအခါ ဦးလူပေါကြီးသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားလေ၏။

ထိုအခိုက်မှာပင် ဦးလူပေါနည်းတူ အလွန်လောဘရမ္မက်ကြီးသော ဦးလူပေါကတော်ကြီးသည် ဓားပြဗိုလ်ရှိရာသို့ အပြေးကလေး ထွက်လာပြီး

“ ကျုပ်တို့မှာ မီးခံသေတ္တာမရှိပါဘူး ဓားပြကြီးရယ်၊ ရွှေတိုရွှေစလေးတွေထည့်တဲ့ သံသေတ္တာလေးပဲရှိပါတယ် ”

ဟု ဝင်ရောက်တောင်းပန်လေ၏။

ထိုအခါ ဓားပြခေါင်းဆောင်က သူ၏သေနတ်ကို ဦးလူပေါကတော်၏ပါးစပ်အတွင်းသို့ တေ့လိုက်ပြီး

“ အဖွားကြီး… ခင်ဗျားပါးစပ်ပိတ်ထားစမ်း၊ သေခါနီးမှ အဲလူအောင် လိမ်နေချင်သေးတယ်၊ ခင်ဗျားတို့အကြောင်းတွေကို ကျုပ်တို့ ကြိုတင်မစုံစမ်းဘဲ ဘယ်တော့မှ ဓားပြမတိုက်ဘူး ”

ဟု ပြောလိုက်ရာ ဦးလူပေါမိသားစုသည် အထိတ်တလန့် ဖြစ်သွားလေ၏။

ဓားပြခေါင်းဆောင်သည် ဦးလူပေါ၏မျက်နှာကို လက်ဝါးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြန်းခနဲရိုက်လိုက်ရင်း

"မီးခံသေတ္တာသော့ အမြန်ပေးစမ်း အဖိုးကြီး၊ ကျုပ်တို့ စိတ်မရှည်နိုင်တော့ဘူး၊ ဘာလဲ… ခင်ဗျားတို့ အချိန်ဆွဲနေတာ လား"

ဟု ကြိမ်းမောင်းလိုက်ရာ ဦးလူပေါကြီးသည် အထိတ်တလန့် ဖြင့် သော့များ ပြန်လာလေ၏။

ရွာလူထုမှာလည်း လက်နက်လူအင်အား တောင့်တင်းသော ဓားပြအဖွဲ့ကို မယှဉ်ပြိုင်နိုင်ဘဲ အဝေးမှသာ ပုန်းအောင်း၍ကြည့်ရှု ကြ၏မှ

ထိုအခိုက်မှာပင် ခေါင်းတီးသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ဓားပြခေါင်းဆောင်သည် မျက်မှောင်ကြုတ်လိုက်မိ၏။ အကာ ညအခါတွင် မည်သည့်အရပ်က ခေါင်းသံထွက်ပေါ်လာသည်မသိ

ဓားပြများသည် ခေါင်းသံ တဖြည်းဖြည်းနီးလာသဖြင့် လှည့်ပတ်၍ ကြည့်ရှုလေ၏။

ခဏကြာလျှင် ခေါင်းအိုလေးတစ်လက်ကို ရင်ဝယ်ပိုက်၍ တီးခတ်လာသော မိုးဇာကို မြင်တွေ့ရ၏။ ဓားပြခေါင်းဆောင်သည် ခေါင်းတီး၍ အိမ်ဝိုင်းအတွင်းသို့ ဣန္ဒြေရရဝင်ရောက်လာသော





မိုးဇာကို အံ့သြဟန်ဖြင့်ကြည့်၍

"ဒီခေါင်းသမားက ဘယ်ကကောင်လဲ"

ဟု အော်ဟစ်မေးမြန်းလိုက်လေ၏။

သို့သော် မိုးဇာမှာ မည်သည့်စကားကိုမျှမဆိုဘဲ အိမ်ဝိုင်း တစ်နေရာရှိ ကွပ်ပျစ်ပေါ်တွင်သွား၍ထိုင်လိုက်ပြီး ခေါင်းကိုသာ အာရုံစိုက်၍ တီးခတ်နေလေ၏။

ဓားပြခေါင်းဆောင်က မိုးဇာ၏ထူးခြားသော အမူအရာကို ကြည့်၍ သဘောကျဟန်ဖြင့် တဟားဟားရယ်မောလိုက်ပြီး

"ဟား ဟား ဟား… ကောင်းတယ်ဟေ့၊ ငါတစ်သက်မှာ ဒီတစ်ကြိမ် ဓားပြတိုက်ရတာ အထူးဆန်းဆုံးပဲ၊ သာယာတဲ့ ခေါင်းသံ လေးတွေ နားဆင်ပြီး ဓားပြတိုက်ရတယ်၊ ဟေ့ခေါင်းသမား၊ ငါတို့ ဓားပြတိုက်ပြီးရင် မင်းကို ဝေစုခွဲပေးမယ်ဟေ့"

ဟု ပြောလေ၏။

ထိုအခါ ခေါင်းတီးနေသော မိုးဇာက ရပ်တန့်လိုက်ပြီး

"ဝေစုမလိုချင်ပါဘူးဗျာ"

ဟု ဣန္ဒြေရရ ပြောလိုက်၏။

ထိုအခါ ဓါးပြခေါင်းဆောင်က မျက်မှောင်ကြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဝေစုမလိုချင်ဘူး ဟုတ်စ၊ ဝေစုမလိုချင်ရင် မင်းက ဘာကိုလိုချင်တာလဲ၊ ကျည်ဆန်လား "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ မိုးဇာက

" ကျုပ် ကျည်ဆန်လည်း မလိုချင်ဘူး၊ ကျုပ်လိုချင်တာ ငြိမ်းချမ်းမှုပဲ၊ ခင်ဗျားတို့က သူတစ်ပါးကြီးစားပမ်းစား ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေကို လက်နက်အားကိုးနဲ့အနိုင်ကျင့်ယူချင်ကြတယ်၊ ခင်ဗျားတို့ကြောင့် ဒီအိမ်ကလူတွေ ဘယ်လောက်များ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ကြမလဲ၊ ဒါတွေကို ကိုယ်ချင်းစာပြီး ဓားပြတိုက်တာကို ရပ်တန့်ကရစ်ပါ "

ဟု တားဆီးလိုက်ရာ ဓားပြခေါင်းဆောင်သည် အလွန်ရယ်ရွှင်ဖွယ်ကောင်းသော ပြက်လုံးတစ်ခုကို နားဆင်ရသကဲ့သို့ တဟားဟား ရယ်မောလိုက်ပြီး

" ဟား... ဟား... ဟား... မိကျောင်းမင်းကို ရေခင်းလာပြနေတယ်၊ ဒီမှာ စောင်းသမား၊ ငါတစ်သက်မှာ တိုက်ခဲ့ပေါင်းများလာပြီ၊ ဘယ်တော့မှ နောက်ကြောင်းပြန်လှည့်ရိုးထုံးစံမရှိဘူး"

ဟု ပြောလိုက်လေ၏။





ထိုအခါ မိုးဇာက

" ခင်ဗျားတို့ ဒီနေ့တော့ ရှုံးလိမ့်မယ် "

ဟု ဆိုကာ စောင်းအိုးလေးတွင် ကွယ်ဝှက်ထားသော လက်နက်ကိုထုတ်လိုက်ရာ လက်ထဲသို့ ဓားတိုလေးတစ်ချောင်း ရောက်ရှိလာလေသည်။

မိုးဇာသည် ဓားတိုလေးဖြင့် ဓားပြခေါင်းဆောင်၏လက်ကို ခုတ်ပေါက်လိုက်ရာ ဓားပြခေါင်းဆောင်သည် အားခနဲအော်ဟစ်၍ သေနတ်လွှတ်ကျသွားလေ၏။

မိုးဇာသည် လေထဲသို့လွှားခနဲ ခုန်တက်လိုက်ပြီး ဓားပြခေါင်းဆောင်၏မျက်နှာတည့်တည့် ခြေဖြင့်တအား ဆောင့်ကန်လိုက်၏။

ထိုအခါ ဓားပြခေါင်းဆောင်သည် ကိုယ်ခန္ဓာ ယိမ်းယိုင်သွားလေ၏။

မိုးဇာသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ၎င်းအားဖမ်းဆီးချုပ်နှောင်လိုက်ပြီး ဓါးပြ၏သေနတ်ဖြင့် နားထင်ကိုပြန်၍ တေ့ကာ ကျန်သောဓားပြများဘက်သို့ လှည့်၍

" ဒီနေ့ညပွဲပြီးသွားပြီ၊ မင်းတို့အားလုံး လက်နက်ချပြီး အမြန်ဆုံးထွက်သွားရင် မင်းတို့ဆရာရဲ့အသက် ချမ်းသာရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခင်တို့အရာရဲ့အသက်နဲ့ လက်နက်တွေကို မလဲချင်ရင်တော့ သေသောာပဲ ''

ဟု ဆိုကာ ခြောက်လုံးပြူးသေနတ်ကို ချောက်ခဲ့ မောင်းတင်လိုက်လေ၏။

ထိုအခါ ဓားပြခေါင်းဆောင်သည် အထိတ်တလန့် ဖြစ်သွားပြီး သူ၏တပည့်များဘက်သို့လှည့်ကာ

'' ဟေ့ကောင်တွေ လက်နက်တွေချလိုက် ''

ဟု အမိန့်ပေးလိုက်လေ၏။

ထိုအခါ ဓားပြများလည်း မတတ်သာတော့ဘဲ လက်နက်များကို မြေပေါ်သို့ ပစ်ချလိုက်လေ၏။

မိုးဇာသည် ရွာရှိလူများအား လက်နက်များကို သိမ်းဆည်းခိုင်းလိုက်၏။

ပြီးနောက် မိုးဇာက လက်နက်များမဲ့သွားသော ဓားပြများကို ကြည့်၍

'' ခင်များတို့မှာ သူရသတ္တိတွေ ရှိပါတယ်၊ လုပ်ရည်ကိုင်ရည်လည်းရှိတယ်၊ အတွေ့အကြုံလည်းပြည့်စုံတယ်၊ ဒီလိုလူမျိုးတွေက တိုင်းပြည်မငြိမ်မသက် ဖြစ်နေတဲ့အချိန်မှာ ဓားကြောင်လုပ်





နေဖို့ မသင့်တော်ဘူး၊ နယ်ချဲ့အစိုးရကို တွန်းလှန်တဲ့နေရာမှာ တစ်တပ်တစ်အားဝင်ပြီး အားပေးဖို့ ပြင်ကြပါ၊ မြန်မာပြည် လွတ်မြောက်ရေးအတွက် ခင်များတို့လိုသတ္တိခဲတွေ အများကြီး လိုနေတယ် ''

ဟု ပြောကာ ရွာမှ မောင်းနှင်ထုတ်လိုက်လေ၏။

ဓားပြခေါင်းဆောင်နှင့်အဖွဲ့သည် မြင်းများကို ခုန်းစိုင်း၍ ထိုနေရာမှပြန်လည်ထွက်ခွာသွားကြလေ၏။

ဓားပြများထွက်ခွာသွားသောအခါ လယ်ပိုင်ရှင် ဦးလူပေါသည် မိုးဇာအား အလွန်ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်အဖန်ဖန် ပြောဆိုလေ၏။

ရွာသူရွာသားများကလည်း မိုးဇာ၏သူရသတ္တိကို အလွန်အံ့သြနေကြ၏။

၄င်းတို့သည် မိုးဇာအား စောင်းသမား လူပျော့လူညံ့တစ်ဦးဟု ထင်မြင်နေရာမှ ယခုမိုးဇာက လက်စွမ်းပြလိုက်သဖြင့် မယုံနိုင်အောင်ရှိနေကြလေ၏။

မိုးဇာသည် လယ်ပိုင်ရှင်ဦးလူပေါနှင့်မိသားစုကိုနှုတ်ဆက်၍

'' ကျုပ်ဒီကနေ့ပဲ ရွာကထွက်သွားဖို့ပြင်ထားတယ်၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



အရက်လည်းတက်နေပြီ၊ ကျုပ်ကိုသွားခွင့်ပြုပါ ''

ဟု ပြောလိုက်လေ၏။

ထိုအခါ ရွာသူရွာသားများသည် နားမလည်ဟန်ဖြင့် ရွာက ထွက်မည့်အကြောင်းကိုတစ်ယောက်တစ်ပေါက် ဝိုင်းဝန်းမေးမြန်းကြလေ၏။

မိုးဇာက သက်ပြင်းချ၍

'' ကျုပ်တို့ တိုင်းပြည်လွတ်လပ်ရေးရဖို့အတွက် အချိန်တန်ပြီ၊ ကျုပ် ရွာမှာပဲ အချည်းနှီး အချိန်ကုန်မခံချင်တော့ဘူး၊ ဒါကြောင့် ရွာကနေ ထွက်ခွာသွားရတာပါ၊ ကျုပ် ဒီရွာလေးကို ချစ်ပါတယ်၊ ကျုပ်အမေနဲ့ ကျုပ်အဒေါ်ကို ဂရုစိုက်ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ် ''

ဟု ပြောလေရာ ရွာသူရွာသားများသည် မိုးဇာ၏အမေနှင့် အဒေါ်အားဝိုင်းဝန်းစောင့်ရှောက်မည်ဖြစ်ကြောင်း ကတိပေးကြလေ၏။





မိုးဇာသည် ခြေဦးတည်ရာသို့ ထွက်ခွာလာခဲ့ပြီးနောက် မြို့တစ်မြို့သို့ရောက်လေ၏။

ထိုမြို့၏အစွန်၌ရှိသော ကာကာဆိုင်တစ်ဆိုင်တွင်ဝင်၍ လက်ဖက်ရည်တစ်ခွက်ကို မှာယူသောက်သုံးလေ၏။

ထိုအခိုက်မှာပင် အနီးရှိစားပွဲသို့ လူနှစ်ဦးရောက်ရှိလာပြီး တီးတိုးပြောဆိုနေကြလေ၏။

ထိုသူများ၏ ပြောဆိုနေသံကို မသိမသာနားစွင့်ကြည့်သော အခါ လူတစ်ဦးက

'' တိုင်းပြည်တစ်ပြည်လုံးတော့ မငြိမ်မသက်ဖြစ်နေပြီဗျို့၊ တောကြောင်တွေလည်း နေရာအနှံ့မှာ သောင်းကျန်းနေတယ်၊ ကျုပ်တို့တော့ တောနယ်လေးတွေကို ခရီးတောင်မသွားဝံ့ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ကျန်သူတစ်ဦးက

" အဟုတ်ပဲဗျို၊ နေရာတိုင်းမှာ ဓားပြမှုတွေ၊ လုယက်မှုတွေ ဖြစ်နေတယ်၊ နယ်ချဲ့အစိုးရကလည်း တောကြောင်တွေကိုနှိုင်နှိုင် နင်းနင်း မနှိမ်နင်းနိုင်သေးဘူး ဖြစ်နေတယ် "

ဟု ပြောလေရာ ကျန်သော လူတစ်ဦးက

" အိန္ဒိယက ကုလားစစ်ပုလိပ်တွေကိုခေါ်ပြီး နှိမ်နင်းဖို့ ပြင်ဆင်နေတယ် ကြားတယ်ဗျ "

ဟု ပြောလေ၏။

ထိုအခါ ကျန်လူက

" ရှမ်းပြည်နယ်ဘက်မှာ လျှို့ဝှက်ပြီး ကြားရတဲ့သတင်း တစ်ပုဒ်ကိုပြောရဦးမယ်၊ နယ်ချဲ့ကို တွန်းလှန်တဲ့အဖွဲ့ထဲမှာတော့ မင်းယက္ခရဲ့အဖွဲ့က အင်အားအတောင့်တင်းဆုံးပဲဗျ၊ ခင်ဗျားတို့ မင်းယက္ခကို ကြားဖူးကြရဲ့လား "

ဟု မေးမြန်းလေရာ ကျန်တစ်ဦးက

" ကြားဖူးတာပေါ့ဗျာ၊ ဆရာကြီး မင်းယက္ခက အစွမ်း ထက်လွန်းလို့ ကုလားစစ်ပုလိပ်တွေ ဘယ်လိုမှနှိမ်နင်းလို့မရဘူး၊





ဆရာကြီးက အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရားတွေကိုလည်း တတ်တယ်ဆိုပဲဗျ၊ သူ့ရဲ့တော်လှန်ရေးတပ်သားတွေကို အင်းအိုင်၊ ခါးလှည့်တွေပေးထားတဲ့အတွက် တပ်သားတွေအားလုံး မီးမတိုး၊ ကျည်မပေါက်ဘူးလို့ ကြားရတယ်ဗျ၊ ဒါကတော့ တကယ် ဟုတ်ချင်မှဟုတ်မှာပါဗျာ၊ ကောလာဟလလည်း ဖြစ်နိုင်ပါတယ် "

ဟုပြောလေ၏။

ထိုအခါ ကျန်သူက

" ဘာပဲဖြစ်ဖြစ်ဗျာ၊ ဆရာကြီးမင်းယက္ခရဲ့ တော်လှန်ရေး အင်အားစုကတော့ မြန်မာပြည်အနှံ့မှာပေါ်နေတဲ့ အင်အားစုတွေ ထက် အများကြီးသာတာတော့ အမှန်ပဲဗျ၊ သူ့ရဲ့အဖွဲ့က အလွန် လျှို့ဝှက်ပြီး ဝင်ချင်လို့တောင် ဝင်လို့မရဘူး "

ဟုပြောလေ၏။

မိုးဇာသည် ထိုသူများ၏စကားကို ကြားသောအခါ ဆရာကြီး မင်းယက္ခ၏ တော်လှန်ရေးအဖွဲ့အစည်းသို့ ဝင်ရောက်အမှုထမ်းရန် ကြံရွယ်မိ၏။

ယခင်က ဆရာကြီးမင်းယက္ခ၏သတင်းကို သဲ့သဲ့ကြားဖူး၏။ သူ၏တပ်သားများအားလုံး အင်းအိုင်၊ ခါးလှည့် လက်ဖွဲ့များ



www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်ထားပြီး မီးစတို့၊ ကျည်မပေါက်စေသော ဆေးများလည်း လည်း ထိုးနှံပေးကြောင်းသိရ၏။

မိုးဇာသည် ဆရာကြီးမင်းယက္ခ၏ တော်လှန်ရေးအဖွဲ့ဆီသို့ ဝင်ရောက်ရန် ဆုံးဖြတ်ပြီး ရှမ်းပြည်နယ်ဘက်သို့ ကားဖြင့် ထွက်ခဲ့လေ၏။

ရှမ်းပြည်နယ်ဘက်သို့ရောက်သောအခါ ဆရာကြီးမင်းယက္ခ၏ အကြောင်းကို လျှို့ဝှက်စွာ စုံစမ်းရ၏။

ဆရာကြီး၏အဖွဲ့သည် အလွန်လျှို့ဝှက်သိပ်သည်းသဖြင့် စုံစမ်းရန် ခက်ခဲလှ၏။

ထိုသို့စုံစမ်းရင်း မြို့ငယ်လေးတစ်မြို့၏ ဈေးလေးရှိရာသို့ ရောက်ရှိသွားလေ၏။

မိုးဇာသည် ဈေးနေ့နှင့်ကြုံရသဖြင့် ဈေးထဲတွင် လှည့်လည်၍ ကြည့်ရှုနေလေ၏။

ထိုအခိုက်မှာပင် မိုးဇာအနီးသို့ ရှမ်းဘောင်းဘီနှင့် ရှမ်းအကျႌ ဝတ်ဆင်ထားသော လူတစ်ဦးတိုးကပ်လာပြီး

" ဆရာကြီးမင်းယက္ခနဲ့ပတ်သက်တဲ့ အကြောင်းကိုသိချင်ရင် ကျုပ်နောက်လိုက်ခဲ့ပါ "





ဟု ခေါ်လေ၏။

ထိုအခါ မိုးဇာသည် ထိုသူကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး အနောက်မှလိုက်ခဲ့လေ၏။ ထိုသူသည် ဈေးကိုလွန်မြောက်ပြီးသော် လူရှင်းသော အပင်ကြီးတစ်ပင်အောက်တွင် ကျောခိုင်း၍ ရပ်လိုက်လေ၏။

မိုးဇာက ထိုသူ၏နောက်ကျောကိုကြည့်၍

" ဆရာကြီးမင်းယက္ခ အကြောင်းကိုပြောလေဗျာ "

ဟု မေးမြန်းလေ၏။

ထိုအခိုက်မှာပင် အနီးပတ်ဝန်းကျင်ရှိ သစ်ပင်များနောက်မှ သေနတ်ကိုင်လူများထွက်လာပြီး မိုးဇာအားဝိုင်းရံထားလိုက်၏။

မိုးဇာသည် မိမိထောင်ချောက်အတွင်း သို့ရောက်ရှိနေပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ကျောခိုင်းထားသော ရှမ်းဘောင်းဘီဝတ်လူက မိုးဇာကို ကြည့်လိုက်ပြီး

" ကိုယ့်လူက ဘာဖြစ်လို့ ဆရာကြီးအကြောင်းကို မေးမြန်းနေရတာလဲ၊ ဒီနယ်ဘက်မှာ ကိုယ့်လူ ဆရာကြီးအကြောင်းကို မေးမြန်းနေတာကြာပြီ၊ ဘာလဲ ကိုယ့်လူက နယ်ချဲ့အစိုးရ...ကလွှတ်



www.burmeseclassic.com

လိုက်တဲ့စုံထောက်လား "

ဟု မေးမြန်းလေ၏။

ထိုအခါ မိုးဇာကခေါင်းခါယမ်း၍

" စုံထောက်မဟုတ်ပါဘူးဗျာ၊ နယ်ချဲ့ကိုတွန်းလှန်ချင်လွန်းလို့ ဆရာကြီးမင်းယက္ခရဲ့အဖွဲ့ကို ဝင်ချင်လို့ပါ "

ဟု ပြောလေ၏။

ထိုအခါ ရှမ်းဘောင်းဘီဝတ်လူက မိုးဇာ၏မျက်နှာကို သေချာစွာကြည့်၍

" ခင်ဗျားဟာ တော်လှန်ရေးကို စိတ်ဝင်စားတယ်ဆိုရင် အရင်တုန်းက တော်လှန်ရေးလုပ်ခဲ့ဖူးတဲ့အတွေ့အကြုံရှိခဲ့ဖူးလား "

ဟု မေးမြန်းလိုက်လေ၏။

မိုးဇာက ရှမ်းဘောင်းဘီဝတ်လူကိုကြည့်၍

" သိပ်ရှိတာပေါ့ဗျာ၊ အဲရှင်နှစ်ပါးပါတော်မူတဲ့အချိန်မှာ ကျုပ်တို့က ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြတယ်၊ ကျုပ်ရဲ့ဓားနဲ့ကုလားစစ်ပုလိပ်တွေရဲ့သွေးကို အများကြီးသောက်ခဲ့ဖူးတယ် "

ဟု ပြောလေရာ မြက်ဦးထုပ်ဆောင်းထားသော လူတစ်ဦးက





" ဒါဆိုရင် ကိုယ့်လူက တော်လှန်ရေးအတွေ့အကြုံတွေ အများကြီးရှိတာပဲ၊ ဓားရေး၊ လှံရေး ကောင်းကောင်းကျွမ်းကျင်မှာ ... "

ဟု မေးမြန်းလေ၏။

ထိုအခါ မိုးဇာကခေါင်းညိတ်၍

" ထိုက်သင့်သလောက်တော့ ကျွမ်းကျင်ပါတယ်၊ ကျုပ်ဓား ... နယ်ချဲ့တွေကို အများကြီး သုတ်သင်ခဲ့ဖူးတာပဲ "

ဟု ပြောလေ၏။

မိုးဇာ၏အမူအရာကိုကြည့်၍ လူတစ်ဦးက

" ဒါဆိုရင် ကျုပ်တို့ကို ဓားရေးနည်းနည်းလောက်ကစားပြ ... "

ဟု တောင်းဆိုလေ၏။

မိုးဇာသည် ထိုသူများက မိမိကို ပညာစမ်းခြင်းဟု ယူဆကာ ... တို့ထံမှ ဓားနှစ်လက်ကို ယူ၍ရှမ်းကြီး ဓားသိုင်းကို အလှ ... ပြလေ၏။

အတန်ကြာအောင် ကစားပြီးမှသာ မိုးဇာသည် ဓားသိုင်း ... ခြင်းကို ရပ်စဲလိုက်လေ၏။ မိုးဇာ၏ ဓားသိုင်းကစားပန်းကိုကြည့်

www.burmeseclassic.com



၌ မြတ်ဦးထုတ်ဆောင်းလူက

" ကိုယ့်လူရဲ့ဓားရေးကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ဒါဟာ အလှသိုင်းပဲ ရှိသေးတယ်၊ အန္တရာယ်နဲ့ရင်ဆိုင်ရရင် ဘယ်လိုနေမလဲ မသိဘူး "

ဟု ပြောလေ၏။

ထိုအခါ မိုးစာက

" ကျုပ်ဆရာကြီးမင်းယက္ခရဲ့ အဖွဲ့ထဲကိုရောက်တဲ့အခါ ကျုပ်ရဲ့ဓားနဲ့ ကုလားစစ်ပုလိပ်တွေကို အနိုင်ယူပြပါမယ် "

ဟုပြောလေ၏။

ထိုအခါ မြတ်ဦးထုပ်ဆောင်းလူက မိုးစာကို သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

" ကောင်းပြီ၊ ကိုယ့်လူကို နယ်ချဲ့ကို တွန်းလှန်ချင်တဲ့စိတ်ရှိတယ်လို့ ယုံကြည်တဲ့အတွက် ကျုပ်တို့အဖွဲ့ကို ခေါ်သွားမယ်၊ နယ်ချဲ့အစိုးရက လွှတ်လိုက်တဲ့ စုံထောက်ဆိုရင်တော့ ဆရာကြီးမင်းယက္ခဆီကိုရောက်ရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီမှတ် "

ဟုပြောလိုက်လေ၏။

ထို့နောက်တွင်မူ မြတ်ဦးထုပ်ဆောင်းသူခေါင်းဆောင်သော





တော်လှန်ရေးအဖွဲ့သားများသည် မိုးစာအား တောလမ်းခရီးအတိုင်း ဦးဆောင်၍ ခေါ်ဆောင်သွားလေ၏။

၄င်းတို့သည် ကြမ်းတမ်းသော တောလမ်းခရီးကို တစ်နေကုန် ဆောင် သွားလာရလေ၏။

တော်လှန်ရေးတပ်သားများသည် လူနေအိမ်ခြေများကို တတ်နိုင်သလောက် ရှောင်ကွင်းပြီး သွားလေ၏။

ညနေစောင်းသောအခါ တောင်ကုန်းကြီးတစ်ကုန်းကို ကျော်ဖြတ်ပြီးနောက် လွင်ပြင်ကျယ်ကြီးသို့ ရောက်လေ၏။ ထိုအရပ်၌ တဲအိမ်ငယ်လေးများကို မြင်တွေ့ရ၏။ မြတ်ဦးထုပ်ဆောင်းလူက မိုးစာ၏ အနီးသို့ ရောက်လာပြီး

" ကိုမိုးစာ၊ ဒီမှာ ကျုပ်တို့စခန်းပဲ "

ဟုလက်ညှိုးညွှန်ပြလေ၏။ မိုးစာက တဲအိမ်ငယ်လေးများကို ချက်လုံးဝေ့ကြည့်၍

" ဒီနေရာက အတော်လုံခြုံတဲ့နေရာပဲ၊ ဒါကြောင့် နယ်ချဲ့တွေက ခင်ဗျားတို့စခန်းကို ခြေရာခံလို့ရနိုင်တာ ဖြစ်လိမ့်မယ် "

ဟုပြောလေ၏။

ထို့အခါတွင်မူ တော်လှန်ရေးတပ်သားများသည် လူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး စခန်းသို့လိုက်ပါလာသဖြင့် မိုးဇာကို အံ့ဩဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏။

မြက်ဦးထုပ်ဆောင်းလူသည် မိုးဇာအား တဲအိမ်တစ်လုံးရှိရာသို့ ခေါ်သွားပြီး ထိုတဲအိမ်၌ နားနားနေနေ နေနိုင်းလေ၏။

မြက်ဦးထုပ်ဆောင်းလူသည် စခန်း၌ အတော်အတန်ဩဇာရှိပုံရ၏။

ညနေစောင်းသောအခါ တော်လှန်ရေးတပ်သားတစ်ဦးသည် မိုးဇာအား ရေချိုးရန် လာရောက်ခေါ်ယူလေ၏။ မိုးဇာ ရေချိုးပြီးသောအခါ ထိုသူက

" ခင်ဗျား ကျုပ်တို့နဲ့လိုက်ခဲ့၊ ခင်ဗျားကို ဆရာကြီးနဲ့တွေ့ဆုံပေးမယ် "

ဟုပြောလေ၏။

မိုးဇာသည် ဆရာကြီးမင်းယက္ခနှင့် တွေ့ရတော့မည်ဆိုသဖြင့် လွန်စွာစိတ်အားတက်ကြွနေမိ၏။

တော်လှန်ရေးတပ်သားသည် မိုးဇာအား စမ်းချောင်းအနီးသို့ ဖြတ်သန်းပြီး ခေါ်ဆောင်သွားလေ၏။

တစ်နေရာသို့ရောက်သောအခါ လူနှစ်ဆယ်ခန့်ကို စာသင်း



ပညာသင်ကြားပေးနေသော ရှမ်းဘောင်းဘီဝတ် လူတစ်ဦးကို မြင်တွေ့ရလေ၏။

မိုးဇာအား ခေါ်ဆောင်လာသူက လေသံတိုးတိုးဖြင့်

" အဲဒီလူ နာမည်က ကိုရာညွန့်လို့ခေါ်တယ်၊ ကျုပ်တို့စခန်းမှာ စာရေးအကျွမ်းကျင်ဆုံးပဲ၊ ကိုရာညွန့်က တော်လှန်ရေးတပ်သားထဲက စာရေးညံ့ဖျင်းတဲ့လူတွေကို ပညာသင်ပေးတဲ့တာဝန်ကိုယူထားတယ် "

ဟုပြောလေ၏။

မိုးဇာသည် လမ်းလျှောက်ရင်း ထိုသူ၏ စာသင်ကွက်များကို သေချာကြည့်ရှုလိုက်သောအခါ ရှမ်းကြီးသင်ကွက်များပင်ဖြစ်နေကြောင်း တွေ့ရ၏။

မိုးဇာတို့သည် သင်းလေ့ကျင့်နေသူများကို ကျော်ဖြတ်၍ လျှောက်လှမ်းသွားလေ၏။

ထိုအခိုက်မှာပင် ကိုရာညွန့်က

" ဟေ့လူ နေဦး "

ဟုဆိုကာ မိုးဇာ၏ရှေ့တွင် ဝိတ်၍ရပ်လိုက်လေ၏။

ကိုရာညွန့်ကပင် ဆက်လက်၍

www.burmeseclassic.com

www.burmeseclassic.com



" ဒီလူက စခန်းကို ဒီနေ့မှရောက်လာတဲ့ လူသစ် မဟုတ်လား "

ဟုမေးမြန်းလေ၏။

ကိုရာညွန့်သည် မိုးဓာ၏ ဘဝနောက်ကြောင်းကို ကြားသိထားပုံရ၏။

ထိုအခါ မိုးဓာအား ခေါ်ဆောင်လာသူက ဝင်ရောက်၍

" ဟုတ်ပါတယ်၊ သူ့မှာ မျိုးချစ်စိတ်ရှိတဲ့အတွက် ကိုတောကျော်တို့က ခေါ်ဆောင်လာတာပါ "

ဟုပြောလေ၏။ ထိုအခါ ရှမ်းဘောင်းဘီဝတ် သိုင်းဆရာက ခေါင်းခါယမ်း၍

" ကိုတောကျော်တို့က အတော်ခက်တာပဲ၊ မျိုးချစ်စိတ်ရှိတယ်ဆိုရုံနဲ့ ဒီကိုခေါ်လာလို့ ဖြစ်မလား၊ ဒီလူမှာ အစွမ်းအစ မရှိရင် ဘယ်လိုလုပ်မလဲ၊ နောက်ဆုံးတော့ ကျုပ်ဆီပဲ ထိုးအပ်ကြမှာပဲ၊ ဂျုမ်ဆီမှာ ဓားရေးသင်နေတဲ့ ကောင်တွေကိုကြည့်ဦး ဓားကိုတောင် ဖြောင့်ဖြောင့်မခုတ်တတ်ကြဘူး "

ဟုပြောလေရာ မိုးဓာသည် ဓားရေးဆရာ၏ မောက်မာသော စကားကြောင့် ရင်ထဲတွင် မခံချိ မခံသာဖြစ်သွားလေ၏။



ထိုသူသည် မိမိ၏ သူရသတ္တိကို များစွာ အထင်သေးနေပုံရ၏။

မိုးဓာအား ခေါ်ဆောင်လာသူက ဝင်ရောက်၍

" သူဟာ အရင်တုန်းက တော်လှန်ရေးရုပ်ရှင်မင်းသားဖြစ်ပါတယ်၊ အခုမှစလုပ်တဲ့ လူသစ်မဟုတ်ပါဘူး "

ဟုပြောလေ၏။

ရှမ်းဘောင်းဘီဝတ် သိုင်းဆရာက

" ဘာပဲဖြစ်ဖြစ် ဒီလူရဲ့ အရည်အချင်းကို မစမ်းသပ်ဘဲ စခန်းကိုခေါ်လာတာ ကိုတောကျော်တို့လူစုရဲ့ မှားယွင်းမှုပဲ၊ ကျုပ်တော့ ဒီလူမှာ အရည်အချင်းဘယ်လောက်ရှိတယ်ဆိုတာ စမ်းသပ်ကြည့်ချင်သေးတယ် "

ဟုပြောလေ၏။

မိုးဓာသည် သိုင်းဆရာ၏စကားကြောင့် မင်းမျိုးမင်းနွယ်တစ်ဦး၏မာန်မာနများ ဝင်ရောက်လာ၏။ မိမိကဲ့သို့ ဘုရင့်သွေးတော်မျိုးတော်တစ်ဦးကို သာမန်သိုင်းဆရာတစ်ဦးက စော်ကားစော်ကားပြုနေပါလား။

မိမိနှမ်းတွင်း၌ နေထိုင်စဉ်က ရှမ်းသိုင်းဆရာကြီးက သိုင်းသင်

www.burmeseclassic.com



ပေးခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။

ထိုစဉ်က မင်းသားတစ်ဦးဖြစ်သဖြင့် ရှမ်းသိုင်းဆရာကြီးက မိမိကို ရိုသေလေးမြတ်စွာ သင်ကြားပေးခဲ့၏။

ယခုတော့ သာမန် သိုင်းဆရာတစ်ယောက်က မိမိ၏သူ့ရဲ့ သတ္တိကို စော်ကားနေပေပြီ။

မိုးဇာသည် သိုင်းဆရာကို မထီလေးစားကြည့်၍

" ကျုပ်ရဲ့အစွမ်းအစကို စမ်းချင်သေးရင်လည်း ရပါတယ် ကျုပ်ကို ဓားတစ်ချောင်းသာ ခဏပေးပါ "

ဟု ပြောလိုက်လေ၏။

သိုင်းဆရာက မိုးဇာ၏အမူအရာကို ကြည့်၍ သဘောကျဟန် ဖြင့် ခေါင်းညိတ်လိုက်ပြီး

" သတ္တိကတော့ မဆိုးဘူး၊ အရည်အချင်းရှိမယ်ဆိုရင်တော့ ဆရာကြီးမင်းယက္ခအတွက် အားကိုးစရာ လူတစ်ယောက်ဖြစ်မှာပဲ "

ဟုပြောလေ၏။

ထို့နောက် သိုင်းဆရာက မိုးဇာအား ဓားတစ်ချောင်း ပစ်ပေး လိုက်၏။

မိုးဇာသည် သိုင်းဆရာ၏ဓားကိုဖမ်းလိုက်ပြီး



" ခင်ဗျားကျုပ်ကို ကြိုက်တဲ့နည်းနဲ့ စမ်းသပ်နိုင်တယ်၊ ခင်ဗျားကို ကျုပ်မယှဉ်နိုင်ဘူးဆိုရင် ဒီနေရာကနေ နောက်ကြောင်းကို ပြန်သွားပါမယ် "

ဟုပြောလိုက်ရာ ရှမ်းသိုင်းဆရာသည် မည်သည့်စကားကိုမျှ မဆိုတော့ဘဲ ကျားခုန်အော်ဟစ်၍ မိုးဇာအား ဓားဖြင့်ဝင်ရောက် တိုက်ခိုက်လေ၏။

သိုင်းဆရာ၏ ဓားချက်များသည် အလွန်ပြင်းထန်ပြီး တိကျ၏။ ထို့ကြောင့် ကြည့်ရှုနေသူအပေါင်းသည် မိုးဇာအတွက် စိုးရိမ် ထိတ်လန့်သွားကြ၏။

သို့သော် မိုးဇာသည် သိုင်းဆရာထက်ပင် ဓားရေးကျွမ်းကျင် ပြီး တိုက်ပွဲအတွေ့အကြုံများစွာရှိသူဖြစ်၏။

ထို့ကြောင့် သိုင်းကွက်သုံးကွက်အတွင်းမှာပင် သိုင်းဆရာ၏ လည်မျိုအား သူ၏ဓားဖြင့်တောက်ထားနိုင်ခဲ့၏။

သိုင်းဆရာသည် မယုံနိုင်ဟန်ဖြင့် မိုးဇာ၏ မျက်နှာကိုကြည့်၍ ချွေးများပြန်လာလေ၏။ မိုးဇာက သိုင်းဆရာကို မထီလေးစား ကြည့်ကာ

" ဒီလောက်ဆိုရင် ကျုပ် အာကောင်လဲဆိုတာ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ရှိတော့မီလောက်ပါပြီ၊ ခင်ဗျားကို သတိပေးချင်တာက နောက်ဆိုရင် စခန်းကို ရောက်လာတဲ့လူတိုင်းကို အထင်မသေးဖို့ပါပဲ၊ ကျုပ်တို့အားလုံး ဒီကိုရောက်လာတာ တိုင်းပြည်ကိုချစ်တဲ့စိတ်နဲ့ ရောက်လာကြတာ၊ ဘာအကျိုးမျှော်လင့်ချက်နဲ့မှ ရောက်လာတာမဟုတ်ဘူး"

ဟုဆိုကာ သူ၏ဓားကို ပြန်လည်ရုပ်သိမ်း၍ မြေပေါ်သို့ ထိုးစိုက်ချလိုက်၏။

ပြီးနောက် မယုံနိုင်ဟန်ဖြင့် ငေးကြည့်နေသော မိမိအား ခေါ်ဆောင်လာသူဘက်သို့လှည့်၍

" ကျုပ်တို့သွားကြရအောင် "

ဟုပြောလိုက်လေတော့၏။

သိုင်းဆရာ ကိုရာညွန့်သည် မိုးဇာ၏ နောက်ကျောကို ပါးစပ်အပေါင်းသားကြည့်၍ ကျန်ရစ်ခဲ့လေတော့၏။

မိုးဇာအား ခေါ်ဆောင်လာသူသည် တောင်ကုန်းအမြင့်ကြီးပေါ်သို့ ဦးတည်၍ လျှောက်လှမ်းသွားလေတော့၏။

တောင်ကုန်းပေါ်သို့ရောက်သောအခါ အတော်အတန်ကြီးမားသော တဲအိမ်ကြီးတစ်လုံးကို တွေ့ရလေ၏။

ထိုတဲအိမ်၏ရှေ့တွင် ဝါးဖြင့်ပြုလုပ်ထားသော စားပွဲရှည်ကြီး





ထို မြင်တွေ့ရလေ၏။

ထိုစားပွဲရှည်ကြီး၏ထိပ်၌ နှုတ်ခမ်းမွေးကားကားကြီးရှိသော လွန်စွာဥပဓိရုပ်ကောင်းသည့် လူကြီးတစ်ဦးကို တွေ့ရ၏။

ထိုလူကြီး၏အနီးတွင် ဝိုင်းပတ်၍ ထိုင်နေကြသော တော်လှန်ရေးတပ်သားအချို့ကိုလည်း မြင်တွေ့ရ၏။ ထိုလူကြီးသည် ဆရာကြီးမင်းယက္ခဖြစ်ပုံရ၏။

မိုးဇာတို့သည် ဆရာကြီးမင်းယက္ခနှင့် မလှမ်းမကမ်းတွင် ရပ်တန့်လိုက်ကြ၏။

ဆရာကြီးမင်းယက္ခက စူးရှသောမျက်လုံးများ ဖြင့် မိုးဇာတို့ကို ကြည့်၍

" ဒီနေ့ရောက်လာတဲ့ လူသစ်ထင်တယ်၊ ဘယ်နယ်ကလဲ"

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးဇာက

" ရွှေဘိုနယ်ကပါ ဆရာကြီး "

ဟုဖြေလိုက်လေ၏။

ဆရာကြီးမင်းယက္ခက ခေါင်းတဆတ်ဆတ်ညိတ်၍

" ရွှေဘိုသားတွေဆိုတော့ သတ္တိရှိမှာပဲ၊ မင်းက အရှင်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က နယ်ချဲ့ကို တော်လှန်ခဲ့ဖူးတယ်ဆို ဘယ်အရပ်မှာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးဇာက

" ဝန်းသိုနယ်ဘက်မှာ နယ်ချဲ့ကို တွန်းလှန်ခဲ့ဖူးပါတယ်၊ အဲဒီတုန်းက ကျုပ်တို့ ရှုပ်ရှုပ်ချုန်ချုန် ကြိုးစားခဲ့ပေမဲ့ လူအင်အား လက်နက်အင်အား သာလွန်တဲ့အတွက် ရှုံးနိမ့်ခဲ့ရတယ် "

ဟုပြောလေ၏။

ထိုအခါ ဆရာကြီး မင်းယက္ခက

" ဝန်းသိုနယ်ဘက်က တိုက်ပွဲမှာ မောင်ရင်ဘယ်လောက်ထိ ထူးချွန်ခဲ့သလဲ၊ နယ်ချဲ့ကို တွန်းလှန်တဲ့အခါမှာ ဘယ်လောက်အထိ နာမည်သတင်းကျော်ကြားခဲ့သလဲ "

ဟု မေးမြန်းလေ၏။

မိုးဇာသည် ဆရာကြီးမင်းယက္ခ၏အမေးကြောင့် တွေဝေသွားလေ၏။

မိမိ၏အစွမ်းအစကို ဆရာကြီးရှေ့တွင် ထိန်ချန်မထားသင့်ဟု ယူဆမိလေ၏။

ထို့ကြောင့်





" ဝန်းသိုနယ်ဘက်က တိုက်ပွဲတွေမှာ ကျွန်တော့်ကို နယ်ချဲ့ဘက်တော်သားတွေက ရဲမက်တော်ဆိုပြီးတော့ အင်္ဂလိပ်လန့်ကြောက်ရွံ့ခဲ့ရပါတယ် "

ဟုပြောလေ၏။

ဆရာကြီးမင်းယက္ခသည် မိုးဇာ၏စကားကြောင့် မျက်လုံးပြူးသွားပြီး

"ဘာ… မောင်ရင်က ရဲမက်တော်ဟုတ်လား၊ ကျုပ်နားတို ဆောင် မယုံနိုင်ဘူး၊ အဲဒီတုန်းက ရဲမက်တော်ဆိုတာ လူစွမ်းကောင်းတစ်ယောက်လို့ ထင်ရှားခဲ့ဖူးတယ်၊ သူ့ရဲ့ဓားဟာ နယ်ချဲ့တွေရဲ့ခေါင်းကို သောက်နိုင်တဲ့အတွက် အလွန်ရဲစွမ်းသတ္တိရှိပြီး ကြောက်စရာကောင်းတဲ့ ရဲမက်တော်ဆိုပြီးတော့ ထင်ရှားခဲ့တယ်၊ အဲဒီလူဟာ မောင်ရင်ပဲလား "

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးဇာက ခေါင်းညိတ်၍

" ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်ဟာ နယ်ချဲ့လက်ပါးစေ ကုလားစစ်ပုလိပ်တွေရဲ့ကြားမှာ ကြောက်စရာကောင်းတဲ့ ရဲမက်တော်ဆိုပြီး ထင်ရှားခဲ့ပါတယ်၊ နောက်တော့ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုငွေထုတ်တာတောင် ကြုံခဲ့ဖူးပါတယ် ”

ဟုပြောလေ၏။

မိုးစာ၏စကားကြောင့် နားထောင်နေသူအပေါင်းသည် မိုးစာအား လူထူးလူဆန်းတစ်ယောက်အနေနှင့် ဝိုင်းဝန်း ကြည့်ရှုကြလေ၏။

၎င်းတို့သည် ရဲမက်တော်ဆိုသော အမည်ကို ကောင်းစွာကြားသိခဲ့ဖူး၏။

ရဲမက်တော်သည် အလွန်ကြောက်စရာကောင်းပြီး အလွန်လည်း လျှို့ဝှက်တတ်သူဟု ထင်ရှား၏။

ရဲမက်တော်ကို ကုလားစစ်ပုလိပ်များက လူစုလူဝေးဖြင့် ဖမ်းဆီးရန်ကြိုးပမ်းသော်လည်း လိမ္မာပါးနပ်စွာ ရှောင်တိမ်းသွားနိုင်ခဲ့လေ၏။

ယခု တော်လှန်ရေးလောကတွင် အလွန်ထင်ရှားသော ရဲမက်တော်ဆိုသောလူသည် မိမိ၏အရှေ့သို့ ရောက်ရှိနေပေပြီ။

ဆရာကြီး မင်းယက္ခက မိုးစာ၏မျက်နှာကို အားရပါးရဖြင့် ကြည့်၍

“ ကျုပ်ရဲ့စခန်းကို ရဲမက်တော် ရောက်လာတာ ကျုပ်အလွန်





ဝမ်းသာတယ်၊ အားလည်းရှိတယ်၊ ဒါကြောင့်လည်း ကိုရာညွန့်လို လူတစ်ယောက်ကို ရဲမက်တော်က ကောင်းကောင်းကြီး အနိုင်ယူခဲ့တာကိုး ”

ဟု ပြောလေ၏။

ဆရာကြီးမင်းယက္ခတို့လူစုသည် ကိုရာညွန့်နှင့် မိုးစာတို့၏ သိုင်းပညာစွမ်းရည်ပြိုင်ပွဲအကြောင်းကို ကြိုတင်၍ သိရှိပြီး ဖြစ်ပုံရ၏။

ဆရာကြီးမင်းယက္ခက မိုးစာ၏မျက်နှာကိုကြည့်၍

“ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ရဲမက်တော်ဆိုတာ အတော်လေး ငြိမ်သက်သွားတယ်၊ ဒါကြောင့် ကုလားစစ်ပုလိပ်တွေက ရဲမက်တော် သေဆုံးသွားပြီလို့တောင် ထင်မြင်ကြတယ် ”

ဟုမေးမြန်းလေ၏။

ထိုအခါ မိုးစာက ခေါင်းညိတ်၍

“ ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်ဟာ လူအင်အား လက်နက်အင်အား အစစအရာရာ သာလွန်တဲ့ နယ်ချဲ့စစ်ပုလိပ်တွေကို တစ်ကိုယ်တော် သိုင်းပညာအားကိုးနဲ့ ယှဉ်လို့ရေရှည်ခံဖို့ တိုက်စားမိခဲ့ပါတယ်၊ ဒါကြောင့် ရွာလေးတစ်ရွာမှာ ကျောင်းဆရာ



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခဲ့ပါတယ်၊ အခုတော့ ရွာမှာနေရတာလည်း ငြီးငွေ့ပြီး တိုင်းပြည်လွတ်လပ်ရေးအတွက် ကိုယ်စွမ်းရှိသလောက် ဆောင်ရွက်ချင်စိတ်တွေ ဖြစ်ပေါ်လာတယ်၊ ဒါကြောင့် ဆရာကြီးဆီမှာ လာပြီးတော့ ပူးပေါင်းတာပါ ''

ဟုပြောလေ၏။

ထိုအခါ ဆရာကြီးမင်းယက္ခက

'' ရဲမက်တော်လို လူမျိုးကို ကျုပ်ရဲ့စခန်းမှာ ဝမ်းမြောက်ဝမ်းသာပဲ ကြိုဆိုပါတယ်၊ ဒါနဲ့ မောင်ရင်ရဲ့နာမည်အရင်းက ဘယ်လိုခေါ်သလဲ''

ဟုမေးမြန်းလေရာ မိုးဇာက သူ၏အမည်ရင်းကို ပြောပြလိုက်လေ၏။

ဆရာကြီးမင်းယက္ခက

'' ဒီနေ့ညတော့ ကျုပ်ရဲ့တပည့်တွေနဲ့ အတူတူ အိပ်စက်ပါ၊ နောက်နေ့ရောက်ရင် ရဲမက်တော်အတွက် သီးသန့်တဲတစ်လုံးဆောက်ပေးပါ့မယ် ''

ဟုပြောလေ၏။

ထိုအခါ မိုးဇာက ခေါင်းခါယမ်း၍





'' ကျုပ်အတွက် သီးသန့်တဲတစ်လုံး မလိုချင်ပါဘူး ဆရာကြီး၊ တော်လှန်ရေးတပ်သားတွေနဲ့ပဲ စုပေါင်းပြီး နေထိုင်ပါရစေ ''

ဟုတောင်းဆိုလေ၏။ ဆရာကြီးမင်းယက္ခက ခေါင်းခါယမ်း၍

'' ဒီလိုနေလို့ ဘယ်သင့်တော်ပါ့မလဲ၊ ရဲမက်တော်ဟာ အစွမ်းအစရှိတဲ့ ခေါင်းဆောင်တစ်ယောက်ပဲ၊ ကျုပ်တို့စခန်းမှာ နေရာပေးရမှာပေါ့၊ နောက်ပြီးတော့ ရဲမက်တော်လို ထိပ်တန်းအဆင့်ရှိတဲ့ လူတစ်ယောက်အတွက် ကျုပ်တို့ဆီမှာ သီးခြားနေထိုင်ဖို့လိုတယ်၊ ဘာကြောင့်လဲဆိုတော့ နယ်ချဲ့အလိုတော်ရိတွေက ကျုပ်တို့စခန်းမှာမရှိဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး၊ ဒါကြောင့် ကျုပ်ရဲ့စကားကိုနားထောင်ပါ ''

ဟုပြောလေ၏။

မိုးဇာသည် ဆရာကြီးမင်းယက္ခ၏စကားကို မလွန်ဆန်နိုင်တော့ဘဲ နေထိုင်လိုက်ရလေ၏။

ထိုနေ့ညတွင် မိုးဇာသည် တော်လှန်ရေးတပ်သား ငါးဦးနှင့်အတူ တဲအိမ်ငယ်လေး၌ အိပ်စက်ရ၏။

တော်လှန်ရေးတပ်သားများသည် မိုးဇာအား အလွန်



www.burmeseclassic.com

www.burmeseclassic.com



ထူးချွန်သော ရဲမက်တော်အဖြစ် သိရှိရသဖြင့် များစွာအထင်ကြီး လေးစားကြပုံရ၏။

မိုးဓာအတွက် သီးသန့်မွေ့ရာ၊ ခြင်ထောင်၊ စောင် စသည်ဖြင့် ဖွယ်ဖွယ်ရာရာ စီစဉ်ပေးလေ၏။

မိုးဓာကလည်း တော်လှန်ရေးတပ်သားများအား မိမိနှင့် ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံရင်း

" တောထဲမှာ ဒီလိုမွေ့ရာ၊ ခြင်ထောင်တွေ မလိုပါဘူးဗျာ ကျုပ်တို့တော်လှန်ရေးသမားတွေပဲ၊ ဖြစ်သလိုနေ ဖြစ်သလိုစားနိုင်ပါတယ် "

ဟုပြောလေရာ တော်လှန်ရေးတပ်သားတစ်ဦးက မဝံ့မရဲအရာဖြင့်

" အစ်ကို့ရဲ့စိတ်ဓာတ်က ဆရာကြီးမင်းယက္ခတို့နဲ့ ကွာခြားတယ်နော် "

ဟုပြောလေ၏။

ထိုအခါ မိုးဓာက တော်လှန်ရေးတပ်သားကို နားမလည်ဟန်ဖြင့် ကြည့်၍

" ကျုပ်ရဲ့စိတ်ဓာတ်က ဆရာကြီးရဲ့ စိတ်ဓာတ်နဲ့ ကွာခြား





တယ် ဟုတ်လား၊ ကျုပ်တို့အားလုံး ရည်မှန်းချက်တစ်ခုတည်းမဲ မဟုတ်ဘူးလား "

ဟုမေးမြန်းလေ၏။

ထိုအခါ တော်လှန်ရေးတပ်သားများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ တပ်သားတစ်ဦးက လေသံတိုးတိုးဖြင့်

" နယ်ချဲ့အပေါ်မှာ တွန်းလှန်ချင်တဲ့ သဘောထားကတော့ တူနိုင်ပါတယ်၊ ဒါပေမဲ့ ဆရာကြီး မင်းယက္ခတို့ရဲ့ ထိပ်တန်းခေါင်းဆောင်တွေဟာ အစ်ကို့လို စိတ်ဓာတ်မရှိကြဘူး၊ သူတို့အားလုံး မွေ့ရာ၊ ခြင်ထောင်တွေနဲ့ သက်သက်သာသာပဲ နေကြတယ်၊ အစားအသောက်ဆိုရင်လည်း ကျုပ်တို့တပ်သားတွေကို ကျွေးတဲ့အစားအစာနဲ့ ခေါင်းဆောင်တွေ စားတဲ့အစားအစာ ကွာခြားတယ်၊ ခေါင်းဆောင်တွေဟာ အကောင်းစားဆန်ကို စားကြတယ်၊ ကျုပ်တို့က ဆန်ကြမ်းကိုပဲ စားရတယ်၊ တစ်ခါတစ်ရံ ရိက္ခာမရှိလို့ ဖြတ်လပ်နေတဲ့အချိန်မှာတောင် ခေါင်းဆောင်ပိုင်းကလူကြီးတွေဟာ အသားငါးတွေကို ဖောက်ပြီး စားသောက်ကြတယ် "

ဟုပြောလေရာ မိုးဓာသည် ဆရာကြီးမင်းယက္ခနှင့်တွေ့အား



www.burmeseclassic.com

www.burmeseclassic.com



အလွန်အံ့ဩသွားလေ၏။

ဆရာကြီးမင်းယက္ခသည် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့မန္တရားများကို ယုံကြည်သူဖြစ်သည်ဟု ကြားဖူး၏။

ဆရာကြီး ကိုယ်တိုင် တော်လှန်ရေးတပ်သားများအား အင်းအိုင်၊ ခါးလှည့်များ စီရင်ပေးသဖြင့် တော်လှန်ရေးတပ်သားများသည် ပွဲတိုင်း၌ အနိုင်ရနေသည်ဟုလည်း ကျော်ကြားလေ၏။

ယခု မိမိကြားဖူးသော သတင်းနှင့် စခန်း၌ လက်တွေ့ဖြစ်နေသော အဖြစ်အပျက်သည် ကွဲခြားလှ၏။

မိုးဓာက တော်လှန်ရေးတပ်သားများကိုကြည့်၍

" ဆရာကြီးမင်းယက္ခက ခင်ဗျားတို့ကို အင်းအိုင်၊ လက်ဖွဲ့တွေ စီရင်မပေးဘူးလား "

ဟုမေးမြန်းလေ၏။ ထိုအခါ တော်လှန်ရေးတပ်သားတစ်ဦးက ခေါင်းညိတ်၍

" ကျုပ်တို့လက်မောင်းမှာ ချည်ထားတဲ့လက်ဖွဲ့တွေကို ဆရာကြီးမင်းယက္ခ ပေးခဲ့တာပါ၊ လက်မောင်းမှာလည်း ဆေးထိုးပေးထားတယ်၊ ကျုပ်တို့တပ်သားတွေ တိုက်ပွဲမှာ ကျည်မတိုးနိုင်ဘူးလို့လည်း ယုံကြည်ကြတယ် "





ဟုပြောလေရာ မိုးဓာက သက်ပြင်းချ၍

" ဒီနယ်တကြောမှာတော့ ဆရာကြီးမင်းယက္ခရဲ့ တော်လှန်ရေးအဖွဲ့ဟာ အလွန်အောင်မြင်ထင်ရှားပါတယ်၊ ဆရာကြီးရဲ့အဖွဲ့ကို ကုလားစစ်ပုလိပ်တွေ ဘယ်လိုမှ မနှိမ်နင်းနိုင်ကြဘူး၊ ဒါဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေပဲ "

ဟုချီးမွမ်းလေရာ တော်လှန်ရေးတပ်သားများသည် မိုးဓာအား ချီးမွမ်းသည့်စကားကိုမှ မဆိုတော့ဘဲ ငြိမ်သက်စွာ ကြည့်နေကြလေသည်။

△△△

ပန်းအိမ် ကွန်ပျူတာ

[illegible]



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ တော်လှန်ရေးတပ်သား များသည် မိုးဇာအတွက် သီးသန့်တစ်နေရာ၌ တဲတစ်လုံး အသစ် ဆောက်လုပ်နေကြောင်းတွေ့ရ၏။

ထိုတဲ၏အနီးတွင် စမ်းချောင်းကလေး ရှိ၏။ ထိုတဲပြီးဆုံး သွားသောအခါ မိုးဇာအား တဲ၌ ပြောင်းလဲ၍ နေထိုင်စေ၏။

ညနေစောင်းသောအခါ မိုးဇာအတွက် စောင်၊ ခြင် ထောင် အသစ်များ လာရောက်ပို့ဆောင်ပေး၏။

ထို့အပြင် ပန်းကန်၊ ခွက်ယောက်များကိုလည်း သီးသန့် ပေးပို့၏။





ထိုပန်းကန်ခွက်ယောက်များအားလုံး အသစ်များပင်ဖြစ်၏။

ဆရာကြီးမင်းယက္ခသည် ငွေကြေးအင်အား တောင့်တင်း ခိုင်မာပုံရ၏။

မိုးဇာသည် ထိုနေ့ညစာကို ဆိတ်သားခြောက် ဆီပြန်ဟင်း၊ ပဲကြီးဟင်းချို၊ သရက်သီးသနပ် စသည်ဖြင့် ကောင်းမွန်စွာ စားသောက်ရ၏။

မိုးဇာသည် ညနေစာစားပြီးနောက် စခန်းအတွင်း၌ လှည့် သည် ကြည့်ရှုလေရာ တစ်နေရာ၌ ဖက်ရွက်များခင်း၍ တော်လှန် ရေးတပ်သားများ ထမင်းစားနေသည်ကို မြင်တွေ့ရ၏။

၎င်းတို့၏ ထမင်းဝိုင်းသို့ သွားရောက်ကြည့်ရှုသောအခါ ထမင်းနှင့် ငါးပိစိမ်းစားများကို နယ်ဖတ်စားသောက်နေကြောင်း တွေ့ရ၏။

မိုးဇာသည် ထိုအခါမှာပင် ဆရာကြီးမင်းယက္ခက မိမိအား သီးခြားခွဲ၍ နေထိုင်စေခြင်းအကြောင်းကို ရိပ်စားမိသွားလေ၏။

မိုးဇာသည် ထိုသို့ခွဲခြားပြီး စားသောက်ရခြင်းကို မနှစ်သက် သလို ဖြစ်သွားလေ၏။

နယ်ချဲ့ကို တွန်းလှန်သော တော်လှန်ရေးတပ်သားများ

www.burmeseclassic.com



အားလုံး လက်ရေတစ်ပြင်တည်း စားသောက်သင့်သည်ဟု ထင်မြင်မိ၏။

ထိုနေ့ညသို့ရောက်သောအခါ ဆရာကြီးမင်းယက္ခရှိရာ တောင်ကုန်းပေါ်သို့ မိုးစာအား လာရောက်ခေါ်ဆောင်သွားလေ၏။

တောင်ကုန်းပေါ်သို့ရောက်သောအခါ မီးပုံပွဲကျင်းပပြီး ဆရာကြီး မင်းယက္ခ၏ ထိပ်တန်းခေါင်းဆောင်များအားလုံး အရက်သေစာများ သောက်စားနေကြ၏။

ဆရာကြီးမင်းယက္ခမှာမူ အရက်သေစာသောက်စားခြင်းမရှိဘဲ မိုးစာအား ၎င်းတို့၏ တော်လှန်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြလေ၏။

ဆရာကြီးမင်းယက္ခက

" ဒီနယ်တစ်ကြောမှာတော့ ကျုပ်ရဲ့တော်လှန်ရေးအင်အားက အကြီးဆုံးပဲ၊ တော်လှန်ရေးတပ်သားတွေအားလုံး လူငါးရာကျော်ရှိတယ် "

ဟု ပြောလေရာ မိုးစာက ခေါင်းညိတ်၍

" ဟုတ်ပါတယ် ဆရာကြီး၊ တော်လှန်ရေးတပ်သားတွေ ဒီလောက်အများကြီး စုဆောင်းထားနိုင်တာကို ကျွန်တော်အံ့သြပါ





တယ်၊ ဆရာကြီးရဲ့ စည်းရုံးမှုကောင်းမွန်လို့ ဖြစ်မှာပါ "

ဟု ပြောလေ၏။ ထိုအခါ ဆရာကြီး မင်းယက္ခက ခေါင်းညိတ်၍

" မတစ်ရာသားတွေကို အုပ်ချုပ်ရတာ လွယ်တော့ မလွယ်ဘူး၊ သူတို့အားလုံး ရိုးသားတဲ့လူတွေရှိသလို ကြမ်းတမ်းခက်ထန်တဲ့လူတွေလည်း ရှိတယ်၊ ဒါကြောင့် စခန်းမှာ လူအမျိုးမျိုးကို ပုံစံအမျိုးမျိုးနဲ့ အုပ်ချုပ်ရတယ် "

ဟု ပြောလေ၏။

ထို့နောက် မိုးစာက ဆရာကြီးမင်းယက္ခအား ကုလားစစ်ပုလိပ်များ၏ ထိပ်တိုက်ရင်ဆိုင်ရသော တိုက်ပွဲအကြောင်းကို မေးမြန်းလေ၏။

ထိုအခါ ဆရာကြီးမင်းယက္ခက မျက်မှောင်ကြုတ်၍

" လွန်ခဲ့တဲ့သုံးလလောက်က ကုလားစစ်ပုလိပ်နဲ့ အကြီးအကျယ်တိုက်ပွဲဖြစ်ခဲ့တယ်၊ ကုလားစစ်ပုလိပ်အားတန်းကို ကျုပ်တို့တော်လှန်ရေးတပ်သားတွေက တောထဲကနေ ဆီးကြိုတိုက်ခိုက်ခဲ့တယ်၊ ကုလားစစ်ပုလိပ်တွေဟာ ကျုပ်တို့ရဲ့ ပြင်းထန်တဲ့တိုက်ခိုက်မှုကို မယှဉ်ပြိုင်နိုင်ဘဲ ကားတွေကို နောက်ပြန်လှည့်ပြီး ထွက်ပြေးသွားကြ

www.burmeseclassic.com

www.burmeseclassic.com



တယ် ''

ဟု ပြောလေရာ မိုးဇာက စိတ်အားတက်ကြွစွာဖြင့်

'' ကုလားစစ်ပုလိပ်တွေ အင်အားဘယ်လောက်ရှိလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ဆရာကြီးမင်းယကျော်က

'' လူအင်အားကတော့ လော်လီကားကြီးငါးစီးနဲ့အပြည့်ပဲ၊ လက်နက်အပြည့်အစုံလည်း ပါဝင်ကြတယ် ''

ဟု ပြောလေရာ မိုးဇာက လက်သီးဆုပ်၍

'' ဆရာကြီးတို့ရဲ့ အမြင်မှာကတော့ အုံ့မခန်းပါပဲ၊ ဒါဆိုရင် ကုလားစစ်ပုလိပ်တွေ အတော်စိတ်လန့်တုန်လှုပ်သွားမှာပဲ ''

ဟု ချီးမွမ်းလေ၏။

ဆရာကြီးမင်းယကျော်က ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အဲဒီတုန်းက ကုလားစစ်ပုလိပ်တွေ အတော်အထိနာသွားလို့ ကျုပ်တို့ကို အင်အားအလုံးအရင်းနဲ့ ချေမှုန်းဖို့တောင် ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ သူတို့ဟာ တောထဲမှာ ကျုပ်တို့စခန်းကို မရှာနိုင်ဘဲ လက်လျှော့ပြီး ပြန်သွားကြတယ် ''





ဟု ပြောလေ၏။ ထို့နောက် ဆရာကြီးမင်းယကျော်က ဆက်လက်၍

'' မောင်ရင့်ကို ကျုပ်တစ်ခုမှာထားချင်တာက ဒီစခန်းမှာ ဆောက်နေတဲ့လူတွေဟာ လူတန်းစားအသီးသီးရှိကြတယ်၊ တော်လှန်ရေး စိတ်ဓာတ်ပြင်းပျတဲ့ လူရိုးလူကောင်းတွေရှိသလို လူဆိုးလူသွမ်းတွေလည်း ရှိတယ်၊ သူတို့အားလုံးရဲ့ အဓိကရည်မှန်းချက်ကတော့ နယ်ချဲ့ကိုတော်လှန်ဖို့ပဲ၊ ဒါပေမဲ့ မတစ်ရွာသားတွေဖြစ်တဲ့အတွက် ထိန်းသိမ်းရတာ အလွန်ခက်ခဲတယ်၊ လူလိမ္မာတွေကို ထိန်းသိမ်းစောင့်ရှောက်ရသလောက် လူမိုက်တွေကို ထိန်းသိမ်းရတာခက်တယ်၊ ပေါင်းသင်းဆက်ဆံရေးကို သတိထားပြီး ပေါင်းသင်းသင့်တယ် ''

ဟု မှာကြားလေ၏။

ထို့နောက်တွင်မူ မိုးဇာသည် တောင်ကုန်းပေါ်မှ ငှင်း၏တဲအိမ်ရှေ့သို့ ပြန်လည်ဆင်းသက်လာခဲ့၏။

အပြန်လမ်းတစ်လျှောက်လုံး မီးတုတ်များ ထွန်းညှိထားသဖြင့် [illegible]အသွင် လင်းထိန်နေ၏။

မိုးဇာသည် တဲအိမ်ကလေးသို့ ရောက်သောအခါ တောင်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်၏။

www.burmeseclassic.com



ထိုအခါ တောင်ကုန်းပေါ်တွင် မီးရောင်များ လင်းထိန်နေပြီး မီးပုံပွဲကြီး ကျင်းပလျှက် ရှိလေ၏။

မိုးဇာသည် အတန်ကြာသည်အထိ အံ့ဩ၍ မပျော်နိုင်သဖြင့် ကိုယ်ခန္ဓာတစ်ခုလုံးရှိ အကြောများကို စိတ်ဖြင့်ရှုမှတ်ကာ အကြောတစ်ခုချင်း လျှော့ချနေလေ၏။

ထိုနည်းလမ်းကို သူ၏ဆရာ ရှမ်းသိုင်းဆရာကြီး သင်ကြားပေးခဲ့ခြင်းဖြစ်၏။ အကြောလျှော့ခြင်းနှင့်ပတ်သက်၍ ရှမ်းသိုင်းဆရာကြီးက

" လူတစ်ယောက်ရဲ့ဘဝမှာ ခန္ဓာကိုယ်တင်းမာမှုတွေဟာ အတော်အရေးပါတယ်ကွ၊ လူ့ရဲ့ခန္ဓာကိုယ်မှာ တင်းမာမှုတွေရှိနေသရွေ့ အရည်အသွေး အပြည့်အဝမထွက်ဘူး၊ ကိုယ်ခန္ဓာမှာရှိတဲ့ တင်းမာမှုတွေကို လျှော့ချလိုက်ရင် လူဟာ ပိုပြီးအောင်မြင်လာနိုင်တယ်၊ တရားမှေ့ ရှာဖွေတဲ့နေရာမှာတောင် တင်းမာမှုတွေက အရေးပါတယ်ကွ၊ တင်းမာမှုရှိနေရင် ခမ္မနဲ့နီးစပ်ဖို့ မလွယ်ဘူး "

ဟုပြောလေ၏။

ထိုအခါ မိုးဇာက ရှမ်းသိုင်းဆရာကြီးကို နားမလည်ဟန်ဖြင့် ကြည့်၍





" လူ့ဘဝ အောင်မြင်ဖို့အတွက် လှုံ့လ၊ ဝီရိယနဲ့ကြိုးစားမှုက အဓိကမကျဘူးလား "

ဟုမေးမြန်းလေ၏။

ထိုအခါ ရှမ်းသိုင်းဆရာကြီးက သက်ပြင်းချ၍

" ဘဝအောင်မြင်ဖို့အတွက် ဇွဲ၊ လုံ့လ၊ ဝီရိယတွေက အလွန်အရေးပါတဲ့ လက်နက်ကြီးတွေပါ၊ ဒါပေမဲ့ ကိုယ်ခန္ဓာမှာရှိတဲ့ တင်းမာမှုတွေက ဒီထက်ပိုပြီးလေးနက်တယ်၊ အောင်မြင်ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေမှာလည်း တင်းမာမှုတွေရှိတယ်၊ လူဟာ အမြင့်ကို ရောက်ဖို့ကြိုးစားလေလေ တင်းမာမှုတွေ ဖြစ်ပေါ်လေလေပဲကွ "

ဟုပြောလေ၏။

ထိုအခါ မိုးဇာက မျက်မှောင်ကြုတ်၍

" ဒါဆိုရင် သူဌေးတွေအားလုံး တင်းမာမှုတွေရှိနိုင်တာပဲ၊ တင်းမာမှုတွေဖြစ်ပြီး သူတို့ဟာ ဘာဖြစ်လို့ သူဌေးအဖြစ် ရပ်တည်နေတာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ ရှမ်းသိုင်းဆရာကြီးက သက်ပြင်းချ၍

" ဇွဲ၊ လုံ့လ၊ ဝီရိယချင်းတူညီတဲ့ သူဌေးနှစ်ဦးမှာ တင်းမာမှု



www.burmeseclassic.com

www.burmeseclassic.com



လျှော့ကျတဲ့ သူဌေးက ပိုပြီးထိပ်တန်းရောက်နိုင်တယ်ကွ၊ ပိုပြီးတော့လည်း အေးချမ်းသာယာနိုင်တယ်၊ လူ့ကိုယ်ခန္ဓာမှာ တင်းမာမှုတွေရှိနေရင် အတွေးသစ်၊ အကြံသစ်၊ စိတ်ကူးသစ်တွေဟာ ရောက်မလာတတ်ဘူး၊ တင်းမာမှုလျှော့ကျတဲ့လူဟာ စိတ်ကူးသစ်၊ အကြံအစည်သစ်တွေ အမြဲတမ်း ဝင်ရောက်လာတတ်တယ်၊ ပြဿနာဖြစ်လာရင် ခေါင်းအေးအေးနဲ့ ရင်ဆိုင်ဖြေရှင်းနိုင်တယ်၊ အကျပ်အတည်းက လွတ်မြောက်နိုင်တဲ့ နည်းလမ်းကိုလည်း အလွယ်တကူ တွေ့မြင်နိုင်တယ်၊ တရားမေ့ကို ရှာဖွေတဲ့နေရာမှာ တင်းမာမှုရှိနေရင် အေးချမ်းသာယာမှုရဖို့ မလွယ်ဘူး ”

ဟုပြောလေရာ မိုးဇာက စိတ်ဝင်စားဟန်ဖြင့်

“ တင်းမာမှုတွေ ဘာကြောင့်ဖြစ်လာရတာလဲ ဆရာကြီး”

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ ရှမ်းသိုင်းဆရာကြီးက

“ တင်းမာမှုတွေဟာ ပုံစံအမျိုးမျိုးနဲ့ ဖြစ်ပေါ်လာတတ်တယ် ဘဝအောင်မြင်ရေးအတွက် ကြိုးစားနေတဲ့လူဟာ အားစိုက်ပြီး လုပ်ကိုင်ရတဲ့အတွက် တင်းမာမှုဖြစ်ပေါ်တယ်၊ လောကမှာ အခက်အခဲ အကျပ်အတည်းတွေ ကြုံတွေ့ပါများတဲ့အခါ တင်းမာမှုတွေကို ကြုံတွေ့ရတတ်တယ်၊ နောက်ပြီးတော့ မျိုးရိုးဗီဇအရလည်း တင်းမာမှုတွေကို ဖြစ်ပေါ်နိုင်တယ်၊ ငယ်စဉ်အခါက မိသားစုထဲမှာ ဖိနှိပ်ညှဉ်းပန်းမှုတွေခံတဲ့အခါလည်း တင်းမာမှုတွေ ဖြစ်ပေါ်နိုင်တယ်၊ ရည်မှန်းချက် အမြင့်မားဆုံးထားတဲ့ လူတွေမှာလည်း တင်းမာမှုတွေ ဖြစ်ပေါ်တတ်တယ် ”

ဟုပြောလေ၏။

ထိုအခါ မိုးဇာက စိတ်ဝင်စားဟန်ဖြင့်

“ ဒါဆိုရင် တင်းမာမှုတွေဟာ လူတိုင်းမှာဖြစ်ပေါ်နေတာပဲလား”

ဟုမေးမြန်းလေ၏။ ထိုအခါ ရှမ်းသိုင်းဆရာကြီးက ခေါင်းညိတ်၍

“ တင်းမာမှုနဲ့ ကင်းတဲ့လူရယ်လို့ မရှိဘူးကွ၊ အနည်းနဲ့အများပဲကွာတယ်၊ ကိုယ်ခန္ဓာမှာရှိတဲ့ တင်းမာမှုတွေဟာ လူ့စိတ်ကို အမိကဆက်သွယ်နေတယ်၊ တင်းမာမှုပြင်းထန်တဲ့ လူတစ်ယောက်ဟာ စိတ်ထဲမှာကျပ်တည်းပြီး ထွက်ပေါက်မရှိသလို ခံစားရတယ်၊ တစ်ခါတစ်ရံ အလွန်လွယ်ကူတဲ့ ကိစ္စလေးတစ်ခုကိုတောင် ဆုံးဖြတ်ချက်ချဖို့ ခက်ခဲနေတတ်တယ်၊ တင်းမာမှုရှိတဲ့လူဟာ အောင်မြင်မှုရဖို့




စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ခဲယဉ်းတယ်၊ အောင်မြင်မှုတစ်ခုကို ခက်ခက်ခဲခဲ ရယူရတယ်၊ တင်းမာမှုကင်းမဲ့တဲ့ လူကတော့ အောင်မြင်မှုတစ်ခုကို အလွယ်တကူနဲ့ ရယူနိုင်တယ်၊ တင်းမာမှုရှိတဲ့ လူရဲ့စိတ်ဟာ အမြဲတမ်း ရှုပ်ထွေးနေတယ်၊ ကျပ်တည်း ကျဉ်းမြောင်းနေတယ်၊ ထွက်ပေါက်မရှိသလိုပဲ ဖြစ်နေတတ်တယ်၊ တင်းမာမှု လျော့ကျသွားရင် အောင်မြင်မှုရမဲ့နည်းလမ်းကို အလွယ်တကူ ရှာတွေ့နိုင်တယ်၊ အလွယ်ဆုံးပြောရရင်တော့ တင်းမာမှုဟာ လူတစ်ယောက်ရဲ့စွမ်းအင်ကို မြင့်သထက်မြင့်အောင် မြှင့်တင်ပေးနိုင်တယ်၊ နောက်ပြီးတော့ တင်းမာမှုဟာ လူ့ကိုယ်ခန္ဓာရဲ့ ကျန်းမာရေးနဲ့လည်း အထူးဆက်စပ်နေတယ်၊ တင်းမာမှုရှိတဲ့လူဟာ ကိုယ်ခန္ဓာကျန်းမာရေး တဖြည်းဖြည်း ညှိုးဖျော့လာတတ်တယ်၊ တင်းမာမှုက လူ့ကိုယ်ခန္ဓာမှာရှိတဲ့ ခုခံစွမ်းအားတွေကို ကျဆင်းစေတယ် ''

ဟုပြောလေ၏။

ထိုအခါ မိုးဇာက သက်ပြင်းချ၍

'' ဆရာကြီးပြောသလိုဆိုရင် တင်းမာမှုက အတော်ကြောက်စရာကောင်းတာပဲ၊ လူတစ်ယောက်ရဲ့ဘဝမှာ တင်းမာမှုဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်၊ ဒီတင်းမာမှုတွေကို





ဘယ်လိုဖြေဖျောက်ရမှာလဲ ''

ဟုမေးမြန်းလိုက်လေ၏။

ရှမ်းသိုင်းဆရာကြီးက ခေါင်းညိတ်၍

'' မင်းကို ငါသင်ပေးတဲ့ နည်းတွေဟာ တင်းမာမှုတွေ ပြေပျောက်အောင် လုပ်တဲ့နည်းတွေကွ၊ ဒီနည်းတွေကို လေ့ကျင့်ရင်နဲ့ တဖြည်းဖြည်း တင်းမာမှုတွေကို ပြေပျောက်လာနိုင်တယ်၊ ဒါကြောင့် တင်းမာမှုတွေ ပြေပျောက်နိုင်မည့်နည်းလမ်းကို အမြဲလေ့ကျင့်နေရမယ်၊ လေ့ကျင့်မှုကို ရပ်စဲသွားလို့တော့ မရဘူး၊ တင်းမာမှုတွေ ပြေပျောက်နိုင်မဲ့ နည်းလမ်းထဲက အလွယ်ကူဆုံးနဲ့ အကောင်းဆုံးနည်းလမ်းကတော့ ကိုယ်ခန္ဓာမှာရှိတဲ့ တင်းမာနေတဲ့အကြောတွေကို စိတ်နဲ့ လျှော့ကြည့်ခြင်းပဲ၊ လူ့ကိုယ်ခန္ဓာမှာရှိတဲ့ အလိုမကျမှုတွေ၊ ညည်းညူချက်တွေ၊ ရည်မှန်းချက်တွေ၊ အားကျိုးမာန်တက် လုပ်ကိုင်မှုတွေကြောင့် စိတ်ဟာ တင်းမာလာတယ်၊ စိတ်တင်းမာလာသည်နှင့်အမျှ ကိုယ်ခန္ဓာမှာရှိတဲ့အကြောတွေဟာလည်း တင်းမာလာခဲ့တယ် ''

ဟုပြောလေရာ မိုးဇာသည် နားမလည်ဟန်ဖြင့် ရှမ်းသိုင်းဆရာကြီးကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" စိတ်တင်းမာတာနဲ့ ကိုယ်ခန္ဓာမှာရှိတဲ့အကြောတွေ ဘာဖြစ်လို့ တင်းမာလာတာလဲ "

ဟုမေးမြန်းလေ၏။

ရှမ်းသိုင်းဆရာကြီးက ခေါင်းညိတ်၍

" လူ့ရဲ့စိတ်တင်းမာမှုနဲ့ ကိုယ်ခန္ဓာမှာရှိတဲ့ အကြောတွေ တင်းမာမှုက ဆက်စပ်နေတယ်ကွဲ၊ အကြောလျှော့လေ့ကျင့်ခန်းတွေ ပြုလုပ်လိုက်တာနဲ့ စိတ်ရဲ့တင်းကျပ်မှုတွေက လျှော့ကျသွားတာ လက်တွေ့ကြုံတွေ့ရလိမ့်မယ်၊ ဒူးပေါ် ကြမ်းပြင်ပေါ်မှာပဲ ဖြစ်ဖြစ် ထိုင်ခုံ တစ်ခုမှာပဲဖြစ်ဖြစ် ထိုင်ပြီး တစ်ကိုယ်လုံးကို ဖြေလျှော့ ရမယ်၊ ခန္ဓာကိုယ်ကို ဖြေလျှော့ထားပြီးရင် ကိုယ်ခန္ဓာမှာရှိ တင်းမာနေတဲ့အကြောတွေကို သေချာလိုက်ပြီးတော့ ကြည့်ရှုရမယ် ဥပမာ ကိုယ့်ရဲ့ခြေဖဝါးမှာရှိတဲ့ အကြောလေးတွေ တင်းမာနေသလား ခြေချောင်းလေးတွေမှာရှိတဲ့ အကြောလေးတွေ တင်းမာနေသလား ဒါမှမဟုတ် ခြေဖမိုးတွေ၊ ခြေသလုံးတွေ၊ ပေါင်တွေ၊ ဝမ်းဗိုက် ကြွက်သားတွေ၊ ကိုယ်ခန္ဓာရဲ့ နောက်ကျောတွေ၊ လက်မောင်းတွေ လက်ချောင်းတွေ၊ မျက်နှာပြင်တွေရဲ့ တင်းမာမှုတွေကို စိတ် လိုက်လံကြည့်ရှုရမယ်၊ ဒီလိုကြည့်ရှုရင်းနဲ့ ကိုယ်ခန္ဓာမှာရှိ





အကြောတွေဟာ တဖြည်းဖြည်း ပြေလျော့လာလိမ့်မယ်၊ အကြောတွေ ပြေလျော့လာပြီးတဲ့နောက် စိတ်ဟာလည်း တင်းမာမှုတွေ လျော့ကျပြီး အေးချမ်းသာယာလာလိမ့်မယ် "

ဟုပြောလေ၏။

မိုးဇာသည် ရှမ်းသိုင်းဆရာကြီး သင်ပေးသည့် နည်းလမ်းအတိုင်း ကိုယ်ခန္ဓာတစ်ခုလုံး ပြေလျော့ပြီး တင်းမာနေသော အကြောများကို စိတ်ဖြင့်လျောချကြည့်သောအခါ မကြာမီ ကိုယ်ခန္ဓာရှိ အကြောများအားလုံး ပြေလျော့သွားကြောင်းတွေ့ရ၏။

ထိုသို့ အကြောများ ပြေလျော့ပြီးသောအခါ အံ့သြဖွယ်ကောင်းလောက်အောင်ပင် မိမိ၏စိတ်များ အေးချမ်းသာယာလာကြောင်း တွေ့ရ၏။ ကိုယ်ခန္ဓာတစ်ခုလုံး ငြိမ်းချမ်းပြီး အေးမြသွားသယောင် ခံစားရ၏။

ရင်ထဲတွင်ရှိသော ပူပင်သောကများလည်း တဖြည်းဖြည်း ပျောက်ကွယ်သလို ရှိ၏။

ထိုအချိန်မျိုးတွင် အရာရာကို အကောင်းမြင်စိတ်ဖြင့် ကြည့်ရှုနေမိ၏။

မိုးဇာသည် ထိုအချိန်မှစ၍ ရှမ်းသိုင်းဆရာကြီး သင်ပြပေး



www.burmeseclassic.com

www.burmeseclassic.com



သော အကြောလျှော့လေ့ကျင့်ခန်းများကို အလွန်နှစ်သက်သွားမိ၏။ ထို့ကြောင့် အကြောလျှော့လေ့ကျင့်ခန်းများကို အားလပ်သည့်အချိန်တိုင်း ကျင့်ကြံနေမိ၏။

အကြောလျှော့လေ့ကျင့်ခန်းများကို ပြုလုပ်ပြီး သူ၏သိုင်းပညာအစွမ်းပါ ပိုမိုထက်မြက်ကြောင်း အံ့သြဖွယ်တွေ့ရ၏။

ထို့ကြောင့် ရှမ်းသိုင်းဆရာကြီးအား မေးမြန်းကြည့်လေရာ

" ကိုယ်ခန္ဓာမှာရှိတဲ့ အကြောတွေ လျှော့ကျသွားတဲ့အတွက် မင်းရဲ့သိုင်းပညာအစွမ်းဟာ ပိုမိုပြီး ထက်မြက်လာတာပဲ၊ လှုပ်ရှားတင်းမာမှုတွေကြောင့် သွက်လက်သင့်သလောက် မသွက်လက်ဘူး၊ မြေလျော့သင့်သလောက်လည်း မပြေလျော့ဘူး၊ နောက်ပြီးတော့ ပိုပြီးလည်း အသင့်ပန်းခံလာနိုင်တယ် "

ဟုပြောလေ၏။

မိုးဇာသည် ထိုအချိန်မှစ၍ သိုင်းဆရာကြီးထံမှ တင်းမာမှု လျှော့ကျစေသော လေ့ကျင့်ခန်းမျိုးစုံကို သင်ကြားခဲ့ရ၏။

ထိုသို့ သင်ကြားသော လေ့ကျင့်ခန်းများအနက် တိရစ္ဆာန်များ၏ အမူအကျင့်ကိုစောင့်ကြည့်ရသော လေ့ကျင့်ခန်းလည်းပါရှိ၏။

ရှမ်းသိုင်းဆရာကြီးက နေစာလှုံနေသော ကြောင်တစ်ကောင်ကို ပြ၍

" အဲဒီကြောင်ရဲ့ထူးခြားမှုကို မင်းသေသေချာချာကြည့်စမ်း၊ ထူးခြားမှု မတွေ့မချင်း မင်း ငါ့ဆီပြန်မလာနဲ့ "

ဟု ပြောလိုက်လေ၏။

ထိုအခါ မိုးဇာသည် နေစာလှုံနေသော ကြောင်ကို သေချာစွာ ကြည့်ရှု၏။

ထိုသို့ ကြည့်ရှုသော်လည်း မည်သည့်ထူးခြားမှုကိုမျှ မတွေ့ရချေ။

မိုးဇာသည် ကြောင်၏လှုပ်ရှားမှုများကို လိုက်လံကြည့်ရှု၍ ထူးခြားမှုကို ရှာဖွေ၏။

သို့သော် ညနေစောင်းသည်အထိ မည်သည့် ထူးခြားမှုကိုမျှ မတွေ့ရချေ။

ထိုအချိန်၌ ကြောင်သည် ဥယျာဉ်တော်အတွင်းသို့ ဆင်းလာသော ငှက်တစ်ကောင်အား ဖမ်းယူ၍စားသောက်၏။ ထိုသို့စားသောက်ပြီးနောက် ဗိုက်ပြည့်သွားသောအခါ မြေပေါ်သို့လှဲချပြီး အိပ်လေတော့၏။

ကြောင်မြေပေါ်သို့ လှဲချပုံကိုကြည့်၍ မိုးဇာသည် ခေါင်းထဲသို့







www.burmeseclassic.com

လက်ခံနဲ့ အတွေးတစ်ခု ဝင်ရောက်လာ၏။ ထိုအတွေးကြောင့် ကြောင်ကို ပိုမို၍ သတိထားကြည့်ရှုမိ၏။

ထိုသို့ကြည့်ရှုသောအခါမှပင် ကြောင်၏ထူးခြားမှုကို မြင်တွေ့ရသည်။

သည့်နောက်တွင်မူ မိုးဇာသည် ရှမ်းသိုင်းဆရာကြီးထံသို့ ဝမ်းသာအားရ သွားရောက်၍

" ဆရာကြီး ကြောင်ရဲ့ထူးခြားမှုကို ကျုပ်တွေ့ပြီ၊ ကြောင်ရဲ့ ကိုယ်ခန္ဓာမှာ တင်းမာမှု လုံးဝမရှိဘူး၊ သူဟာ အလွန်ပြေလျော့နေတယ်၊ ငှက်တစ်ကောင်ကို ဖမ်းယူစားသောက်ပြီး မြေပေါ်ထိုးလှဲချလိုက်တာ ကျုပ်မြင်လိုက်တယ်၊ သူ့ရဲ့ကိုယ်ခန္ဓာမှာ တောင့်တင်းပြီး အားစိုက်ထားတဲ့ အမှုအရာ တစ်ခုမှမရှိဘူး "

ဟုပြောလေ၏။ ထိုအခါ ရှမ်းသိုင်းဆရာကြီးက ခေါင်းညိတ်၍

" မင်းတော်တယ်၊ ကြောင်ရဲ့ကိုယ်ခန္ဓာမှာရှိတဲ့ ပြေလျော့မှုကို မင်းမြင်တွေ့နိုင်တယ်၊ တိရစ္ဆာန်တွေဟာ သဘာဝအတိုင်း ပြေလျော့မှု ရှိနေကြတယ်ကွ၊ ဒီလိုဖြစ်တာဟာ လူတွေလောက် အသိဉာဏ် ပညာမြင့်မားမှုမရှိလို့ဘဲ၊ လူတွေဟာ တိရစ္ဆာန်တွေထက် အသိဉာဏ်





ပိုမိုပြီးမြင့်မားတယ်၊ ဒီလိုမြင့်မားတဲ့အသိဉာဏ်ကြောင့်ပဲ အလိုလောဘ တွေကြီးတယ်၊ စိုးရိမ်ကြောက်ရွံ့မှုတွေ ပိုမိုလာခဲ့တယ်၊ ဒါကြောင့် တင်းမာမှုတွေလည်း ဖြစ်ပေါ်တတ်တယ်ကွ၊ တင်းမာမှု နည်းသထက်နည်းတဲ့လူက ပိုပြီးခွဲဆောင်မှုရှိလာတတ်တယ်ကွ၊ သူ့ရဲ့မျက်နှာကိုမြင်ရင် အေးချမ်းသိမ်မွေ့မှုကို ခံစားရတယ်၊ သူ့ရဲ့ အသံကိုကြားရင် ဆွဲဆောင်မှုတွေကို သတိပြုမိလိမ့်မယ်၊ တချို့သော သူတွေဟာ ဥပမိရုပ်ကောင်းပါလျက်နဲ့ ခင်မင်နှစ်လိုဖွယ် မရှိဘူး ဖြစ်နေတတ်တယ်၊ ဒါဟာ တင်းမာမှုတွေ များလွန်းနေလို့ကွ၊ လူတွေဟာ ကလေးငယ်လေးတွေကိုမြင်ရင် ချစ်ဖို့ကောင်းတယ်ဆိုပြီး ထိရမ်းနမ်းရှုံ့ချင်ကြတယ်၊ ဒါဟာ ကလေးတွေမှာ တင်းမာမှု ကင်းမဲ့နေလို့ပဲကွ၊ များသောအားဖြင့် ကလေးတိုင်းဟာ တင်းမာမှု ကင်းမဲ့နေတတ်တယ်၊ တင်းမာမှုဟာ အသိဉာဏ်ပညာ စတင်တဲ့ အချိန်ကျမှ ဖြစ်ပေါ်လာတာကွ၊ လူတွေဟာ ကလေးတွေကိုမြင်ရင် ရိုးသားပြီး အပြစ်ကင်းတဲ့အတွက် ချစ်ဖို့ကောင်းတယ်လို့ ဆိုကြတယ်၊ တကယ်တော့ ရိုးသားပြီး အပြစ်ကင်းစင်တဲ့အတွက် တင်းမာမှုမရှိဘူး၊ တင်းမာမှုမရှိတဲ့အတွက် ချစ်ဖို့ကောင်းနေတာပဲ၊ အရွယ်ရောက်လာပြီး ဘဝမှာ ခါးသီးနာကြည်းမှုတွေ ကြုံတွေ့တဲ့

www.burmeseclassic.com



အခါ တင်းမာမှုတွေ ဖြစ်ပေါ်လာတတ်တယ်''

ဟု သင်ကြားပေးလေ၏။

မိုးစာသည် ထိုညက ဆရာကြီး သင်ပြခဲ့သော တင်းမာမှု အကြောင်းများကို ပြန်လည်တွေးတောရင်း ညဉ့်အတော်နက်သည့် အချိန်မှ အိပ်ပျော်သွားလေ၏။





နောက်နေ့နံနက် မိုးလင်းသောအခါ စခန်းရှိ တော်လှန်ရေး တပ်သားများ အလုပ်ခွင်သို့ အသီးသီးဝင်နေကြောင်းတွေ့ရ၏။

အချို့သော တော်လှန်ရေးတပ်သားများသည် အမဲလိုက်ရန် တောထဲသို့ ဝင်ရောက်သွားကြ၏။ အချို့မှာ ထင်းခွေခြင်း၊ ဆူးခုတ်ခြင်း အမှုကို ပြုကြ၏။

အချို့လည်း စခန်းရှိ လက်နက်များကို ပြုပြင်နေကြ၏။

မိုးစာသည် စားသွေးနေသော တော်လှန်ရေးတပ်သားများကို ကြည့်ရန် အနီးသို့ ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တော်လှန်ရေးတပ်သားများက မိုးဇာကို လှည့်ကြည့်၍

" နေပါစေဗျာ၊ ရဲမက်တော်ကြီး ဝင်ကူညီရင် ကျုပ်တို့ကို အပြစ်တင်နေပါလိမ့်မယ် "

ဟုပြောလေရာ မိုးဇာက တော်လှန်ရေးတပ်သားများကို နားမလည်ဟန်ဖြင့်ကြည့်၍

" ဘာ… ကျုပ်က ခင်ဗျားတို့ကို ဝင်ကူညီပေးရင် အပြစ်ဖြစ်မယ် ဟုတ်လား၊ ဘာဖြစ်လို့ အပြစ်ဖြစ်မှာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ တော်လှန်ရေးတပ်သားများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး တပ်သားတစ်ဦးက

" ဒီစခန်းမှာ ရဲမက်တော်ကြီးက ဗိုလ်အဆင့်ရှိတဲ့လူလေ၊ ဗိုလ်အဆင့်ရှိတဲ့လူတွေဟာ တပ်သားတွေရဲ့အလုပ်ကို မကူညီရဘူး"

ဟုပြောလေ၏။

ထိုအခါ မိုးဇာက ခေါင်းခါယမ်း၍

" ကျုပ်က ဗိုလ်ဟုတ်လား၊ ဘာဗိုလ်မှမဟုတ်ပါဘူး၊ ကျုပ်က ခင်ဗျားတို့နဲ့အတူ နယ်ချဲ့ကို တော်လှန်ချင်လို့ ဒီစခန်းကို





ရောက်လာတာပဲ "

ဟုပြောလေ၏။

ထိုအခါ တပ်သားတစ်ဦးက သက်ပြင်းချ၍

" ရဲမက်တော်ကြီးက ဒီစခန်းနဲ့ပတ်သက်လို့ ဘာမှ နားမလည်သေးတာကိုး၊ ဒီစခန်းမှာ ဆရာကြီး မင်းယကွအပါအဝင် ခေါင်းဆောင်ဆယ်ယောက်ရှိတယ်၊ ဒီခေါင်းဆောင်တွေက သီးသန့်တဲနဲ့နေရတယ်၊ သီးသန့်အစားအစာကို စားရတယ်၊ ခေါင်းဆောင်တွေ လိုအပ်တဲ့အလုပ်တွေကို ကျုပ်တို့တပ်သားတွေက လုပ်ကိုင်ပေးရတယ်၊ ခေါင်းဆောင်တွေ ချိုးဖို့ရေကို စမ်းချောင်းထဲကနေ ကျုပ်တို့က ခပ်ပေးရတယ် "

ဟုပြောလေရာ မိုးဇာသည် နားမလည်နိုင်အောင် ဖြစ်သွားမိ၏။

ထို့ကြောင့် ခေါင်းခါယမ်း၍

" ကျုပ်လည်း အရင်တုန်းက တော်လှန်ရေးလုပ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဒီလို အဆင့်အတန်းခွဲခြားတာမျိုးတော့ တစ်ကြိမ်တစ်ခါမှမကြုံတွေ့ဖူးဘူး၊ ဒီအကြောင်းတွေကို ဆရာကြီးမင်းယကွနဲ့ တွေ့မှ သေသေချာချာ မေးမြန်းကြည့်ဦးမယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ တော်လှန်ရေးတပ်သားတစ်ဦးက မိုးဇာကို အထိတ်တလန့်ကြည့်၍

" မိတ်ဆွေ ဆရာကြီးမင်းယက္ခရဲ့ စခန်းနဲ့ပတ်သက်ပြီး သေသေချာချာ မသိသေးဘူးနဲ့တူတယ်၊ ဆရာကြီးမင်းယက္ခ ထုတ်ပြန်ထားတဲ့ အမိန့်တွေကို ဘယ်သူမှမဆန့်ကျင်ရဘူး၊ ဝေလည်း မဝေဖန်ရဘူး၊ ဒါဆိုရင် ဒီလူဟာ အပြစ်ပေးခြင်းခံရလိမ့်မယ် "

ဟုပြောလေ၏။

မိုးဇာက မျက်မှောင်ကြုတ်၍

" တော်လှန်ရေးတပ်သားအချင်းချင်း ဝေဖန်တာနဲ့ အပြစ်ပေးမယ်ဟုတ်လား၊ ဘယ်လိုအပြစ်ပေးမှာလဲ "

ဟုမေးမြန်းလိုက်၏။

ထိုအခါ တပ်သားတစ်ဦးက အဝေးဆီသို့ မျက်လုံးမှေ့ကြည့်၍ လေသံတိုးတိုးဖြင့်

" ဆရာကြီး မင်းယက္ခအမွဲ့မှာ တော်လှန်ရေးတပ်သားတစ်ဦးကို သစ္စာဖောက်တစ်ယောက်လို့ ယုံကြည်လိုက်တာနဲ့ စခန်းထိပ်က ကျောက်တုံးကြီးပေါ်မှာ ကြိုးဆွဲချပြီး သတ်ဖြတ်လေ့ရှိတယ် "





ဟုပြောလေရာ မိုးဇာသည် အလွန်ထိတ်လန့်အံ့သြသွားလေ၏။

ထမင်းစားချိန်သို့ရောက်သောအခါ တော်လှန်ရေးတပ်သားတစ်ဦးသည် မိုးဇာစားသောက်ရန် ယွန်း အစ်များဖြင့် အစားအသောက်များကို ယူဆောင်လာ၏။

ယွန်းအစ်ထဲတွင် အကောင်းစားဆန်ဖြင့် ချက်ထားသောထမင်း၊ ယုန်သားဆီပြန်ဟင်း၊ ငပိကြော်၊ မုန်လာဥချဉ်ရည်ဟင်းစသည်ဖြင့် မွှယ်မွှယ်ရာရာ ချက်ပြုတ်ထား၏။

မိုးဇာသည် ထမင်းစားရန် မြင်ဆင်ပြီးမှ အနီးအနားပတ်ဝန်းကျင်ရှိ တပ်သားများ၏တဲရှိရာသို့ လျှောက်လှမ်းသွားလေ၏။

ထိုအခါ တပ်သားများသည် ဆန်ကြမ်းထမင်းကို ငပိစိမ်းစားဖြင့် နယ်ဖတ်စားသောက်နေကြောင်း ရင်နင့်ဖွယ် မြင်တွေ့လိုက်ရ၏။

မိုးဇာသည် တော်လှန်ရေးတပ်သားများ ဆင်းဆင်းရဲရဲ စားသောက်နေချိန်၌ မိမိသည် စားကောင်းသောက်ဖွယ်များနှင့် အရသာခံ၍ မစားသောက်လိုချေ။

ထို့ကြောင့် မိမိ၏ယွန်းအစ်များကိုယူ၍ တော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



တပ်သားများရှိရာသို့ လျှောက်လှမ်းသွား၏။

ထို့နောက် အံ့သြတကြီး ကြည့်ရှုနေသော တပ်သားများ၏ နံဘေးတွင် ထိုင်ချလိုက်ပြီး

" ဟောဒီက ကျုပ်ရဲ့ဟင်းတွေနဲ့ ခင်ဗျားတို့ ခွဲဝေပြီးစားကြ"

ဟုပြောလေ၏။

ထိုအခါ တော်လှန်ရေးတပ်သားတစ်ဦးက အထိတ်တလန့်ဖြင့်

" အို... ဒီလိုမလုပ်ပါနဲ့ ရဲမက်တော်ကြီးရယ်၊ ဆရာကြီးသိရင် ကျုပ်တို့ အပြစ်ပေးခံနေရပါဦးမယ် "

ဟုပြောလေ၏။

ထိုအခါ မိုးဇာက

" ကျုပ်စားတဲ့ အစားအစာကို ခင်ဗျားတို့ကို ခွဲပေးတာပဲ၊ ဘယ်သူကလာပြီး အပြစ်ပေးမှာလဲ၊ ကျုပ်ကိုယ်တိုင် ကျေကျေနပ်နပ်ကြီး ခင်ဗျားတို့ကို ပေးနေတာပဲ "

ဟုပြောလေ၏။

သို့သော် တော်လှန်ရေးတပ်သားများသည် မိုးဇာကျွေးမွေးသော ယုန်သားဆီပြန်ဟင်း၊ မုန်လာဥချဉ်ရည်ဟင်း၊ ငါးပိ ကြော်





စသည့် စားသောက်ဖွယ်ရာများကို မစားဝံ့ဘဲ ရှိနေလေ၏။

ထို့ကြောင့် မိုးဇာက

" ကျုပ် ဒီမှာရှိနေလို့ ခင်ဗျားတို့ မစားဝံ့ဘူးနဲ့တူတယ်၊ ဒါဆိုရင် ကျုပ်ရဲ့ ဟင်းလျာတွေကို ခွဲဝေပေးခဲ့မယ် "

ဟုဆိုကာ ယုန်သားဟင်း၊ မုန်လာဥချဉ်ရည်ဟင်း၊ ငပိကြော် စသည်တို့ကို ၎င်းတို့ ထမင်းဝိုင်းသို့ ခွဲဝေပေးလိုက်ပြီး သူ၏တဲဆီသို့ ပြန်လာခဲ့လေ၏။

ဆရာကြီးမင်းယက္ခအဖွဲ့သည် နယ်ချဲ့ကို တွန်းလှန်ရာတွင် အလွန်နာမည်သတင်းကြီး၏။

ဆရာကြီး၏အဖွဲ့သည် ဤနယ်တစ်ကြောတွင် လူအင်အား အတောင့်တင်းဆုံးဖြစ်၏။

နယ်ချဲ့စစ်ပုလိပ်များက ဆရာကြီး၏အဖွဲ့ကို မဖြိုခွင်းနိုင်သဖြင့် အခြားသော တော်လှန်ရေးခေါင်းဆောင်များကပင် ဆရာကြီးအား ရိုသေလေးစားကြ၏။

ယခု ဆရာကြီး၏အဖွဲ့၌ အဖွဲ့ခေါင်းဆောင်များသည် အခွင့်ထူးခံ လူတန်းစားများ ဖြစ်နေကြ၏။

တော်လှန်ရေးတပ်သားများမှာမူ ဆင်းရဲပင်ပန်းစွာ နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ကြ၏။

ငှင်းတို့သည် တိုင်းပြည်ချစ်စိတ်ဖြင့် တောထဲ၌ အငတ်ခံပြီး နေထိုင်စားသောက်ကြခြင်းဖြစ်၏။ နယ်ချဲ့ကို တွန်းလှန်သူချင်း အတူတူ အခွင့်ထူးပို၍ မယူသင့်ဟု ထင်မြင်မိ၏။

ဆရာကြီးမင်းယက္ခနှင့်တွေ့ဆုံလျှင် ထိုအကြောင်းများကို ပြောဆိုဆွေးနွေးရန် ဆုံးဖြတ်လိုက်၏။

ထိုနေ့ညနေသို့ရောက်သောအခါ မြို့သို့ရောက်ရှိနေသော ဆရာကြီးမင်းယက္ခ၏ တပည့်အချို့ ပြန်လည်ရောက်ရှိလာကြ၏။

ငှင်းတို့နှင့်အတူ သတင်းဆိုးတစ်ခုလည်း ပါလာ၏။

ထိုသတင်းဆိုးမှာ ပုပ္ပားနယ်တစ်ဝိုက်တွင် နယ်ချဲ့အစိုးရအား ကောင်းစွာဒုက္ခပေးခဲ့သော ဗိုလ်ချိုနှင့် သားနှစ်ယောက်အား ဖမ်းမိသွားပြီဆိုသော သတင်းပင်ဖြစ်၏။

မိုးဇာသည် တော်လှန်ရေးခေါင်းဆောင်ကြီး ဖမ်းဆီးခံရသဖြင့် တိုင်းပြည်နောင်ရေးအတွက် ရင်လေးသွားလေ၏။

နယ်ချဲ့အစိုးရအား မြန်မာနိုင်ငံအရပ်ရပ်မှ တော်လှန်ရေးအင်အားစုများသည် ရရာလက်နက် စွဲကိုင်၍ တော်လှန်ပုန်ကန်ဖြစ်ကြ၏။



ဝန်းသိုနယ်တွင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ဆင်ဖြူကျွန်း၌ ဦးညွှာမ၊ ပုဂံတွင် ဗိုလ်ချို မင်းတုန်းမှ ဗိုလ်ရှုံ၊ နတ်တောက်မှ ဗိုလ်မင်းရောင် စသည့် တော်လှန်ရေးခေါင်းဆောင်ကြီးများ အကြောင်းကို ကြားတော့မိလေ၏။

ရွှေဘိုနယ်ဘက်တွင် မိမိတို့သို့ မင်းညီမင်းသားများဖြစ်သော ထိပ်တင်သိန်းတို့ ညီအစ်ကိုနှစ်ဦးသည် နယ်ချဲ့အား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တွန်းလှန်နေလေ၏။

မိမိ၏ ညီတော်တစ်ဦးဖြစ်သော မြင်းခိုင်မင်းသားမှာမူ လွန်ခဲ့သော နှစ်အနည်းငယ်ကပင် နယ်ချဲ့ကိုတော်လှန်ရင်း ကျဆုံးသွား၏။

ထိုနေ့ညက ဆရာကြီးမင်းယက္ခသည် တောင်ပေါ်မှ တောင်အောက်သို့ ဆင်းသက်လာပြီး တော်လှန်ရေးတပ်သားများကို မိန့်ခွန်းတောပြောလေ၏။

ဆရာကြီးမင်းယက္ခက တိုင်းပြည်အတွက် အသက်ပေးသွားသော ဗိုလ်ချိုနှင့် သားနှစ်ယောက်ကို ဂုဏ်ပြုကြောင်း ကြေညာလေ၏။

ထို့နောက် တော်လှန်ရေးအင်အားစုများကို နယ်ချဲ့စုံလိပ်

www.burmeseclassic.com

www.burmeseclassic.com



များအား အပြင်းအထန် ချေမှုန်းနေသဖြင့် မိမိတို့၏ တော်လှန်ရေး လှုပ်ရှားမှုများကို ရက်အကန့်အသတ်မရှိ ရပ်စဲထားမည်ဖြစ်ကြောင်း ပြောလေ၏။

ထိုနေ့ညက ဆရာကြီးမင်းယဏ္ဍ မိန့်ခွန်းကြောင့် တော်လှန်ရေး တပ်သားများအားလုံး ထိတ်လန့်တုန်လှုပ်သွားခဲ့၏။

၄င်းတို့သည် နယ်ချဲ့ကို တော်လှန်ချင်သောကြောင့် သားမယားပစ်နှင့် တောထဲသို့ ရောက်ရှိနေသူများဖြစ်ကြ၏။

ΔΔΔ



နောက်တစ်နေ့သို့ရောက်သောအခါ မိုးစာသည် အိပ်ရာမှ နိုးလာပြီး ကိုယ်လက်သန့်စင်နေစဉ် တော်လှန်ရေးတပ်သားများ၏ တဲဆီမှ လှုပ်လှုပ်ရှားရှား အသံများကို ကြားရလေ၏။

မိုးစာသည် ထိုအသံကြားရာသို့ လျှောက်လှမ်းသွားသောအခါ တပ်သားတစ်ဦး ငှက်ဖျားတက်နေသဖြင့် ညည်းညူနေကြောင်းတွေ့ရ၏။

မိုးစာက တော်လှန်ရေးတပ်သားများအနီးသို့ တိုးဝင်သွားပြီး

" ငှက်ဖျားတက်နေတဲ့ တပ်သားအတွက် ခင်ဗျားတို့ ဆေးဆရာသွားမခေါ်ဘူးလား "

ဟုမေးမြန်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တပ်သားများသည် မိုးစာကို အံ့သြဟန်ဖြင့် ကြည့်၍ ၎င်းတို့စခန်းတွင် ဆေးဆရာမရှိကြောင်း ပြောလေ၏။

မိုးစာက ခေါင်းခါယမ်း၍

" တပ်သားငါးရာလောက်ရှိတဲ့ တပ်စခန်းကြီးတစ်ခုမှာ ဆေးဆရာမရှိဘူးလား၊ ဒီစခန်းက တပ်သားတွေ နေထိုင်မကောင်းဖြစ်ရင် ဘယ်လိုလုပ်ပြီး ဆေးကုကြမှာလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ တပ်သားတစ်ဦးက

" ကျုပ်တို့တပ်သားတွေ နေထိုင်မကောင်းဖြစ်ရင် ကိုယ့်မှာ စုဆောင်းထားတဲ့ ဆေးမြီးတိုလေးတွေနဲ့ပဲ ကုသကြရတယ်၊ ဆရာကြီး မင်းယက္ခက တိုင်းပြည်နဲ့ လူမျိုးအတွက် အလုပ်လုပ်နေတာဖြစ်တဲ့ အတွက် ဆေးဆရာတို့ ခေါ်မထားနိုင်ဘူးလို့ ပြောပါတယ် "

ဟုပြောလေရာ မိုးစာက သဘောမကျဟန်ဖြင့် ခေါင်းခါယမ်း၍

" အို... ဆေးဆရာတစ်ယောက် စခန်းမှာခေါ်ထားရင် ဘယ်လောက်များ ငွေကုန်ကြေးကျဖြစ်မှာမို့လို့လဲ၊ ဆရာကြီး မင်းယက္ခတို့လူစုတွေ နေထိုင်မကောင်းဖြစ်ရင် ဘယ်လိုလုပ်ကြ





မလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ တော်လှန်ရေးတပ်သားတစ်ဦးက မဝံ့မရဲဖြင့်

" ဆရာကြီး မင်းယက္ခတို့ ခေါင်းဆောင်ပိုင်းတွေမှာ ဆေးကု ပေးတဲ့ ဆေးဆရာ ဦးလှမျိုးဆိုတာ ရှိပါတယ် "

ဟုပြောလေ၏။

မိုးစာသည် ဆရာကြီးမင်းယက္ခ၏ တော်လှန်ရေးစခန်းကို ထိုအချိန်မှစ၍ မနှစ်မြို့သလိုဖြစ်သွားလေ၏။

ဤစခန်း၌ အစစအရာရာ လွှတ်န်းစားခွဲခြားသော စနစ်မျိုးရှိ နေလေ၏။

မိုးစာသည် ငှက်ဖျားတက်နေသော တော်လှန်ရေးတစ်သား ကို ကြည့်၍

" ဒါဆိုရင် ဒီလူကို ကျုပ်ဆေးကုပေးမယ် "

ဟုပြောလိုက်လေ၏။

သူသည် ရှမ်းသိုင်းဆရာကြီးနှင့်နေထိုင်စဉ်က ဆေးပညာကို သင်ကြားဖူးခဲ့၏။

မိုးစာ၏စကားကြောင့် တော်လှန်ရေးတပ်သားများသည်



www.burmeseclassic.com

www.burmeseclassic.com



အလှန်အံ့ဩသွားပြီး

" ဟင် ... ရဲမက်တော်ကြီးက ဆေးကုတတ်တယ် ဟုတ်လား "

ဟု တအံ့တဩ မေးမြန်းလေ၏။

မိုးစာက ခေါင်းညိတ်၍

" ကျုပ် ဆေးပညာကို ကောင်းကောင်းနားလည်ပါတယ်၊ ငှက်ဖျားတက်နေတဲ့လူနာကို ကျုပ်ဆေးကုပေးမယ် "

ဟုဆိုကာ သူ၏တဲအိမ်ကလေးသို့ပြန်ပြီး ဆေးလွယ်အိတ်ကို ယူလာ ငှက်ဖျားတက်နေသော လူနာအား ဆေးကုပေးလေ၏။

ထိုသို့ ဆေးကုပေးပြီးနောက်

" ဒီစခန်းမှာရှိတဲ့ တော်လှန်ရေးတပ်သားတွေထဲက မျာ မကျန်း ဖြစ်နေတဲ့လူရှိရင် ကျုပ်[illegible]လာပြီး ဆေးကုသခံပါလို့ ပြောလိုက်ပါ "

ဟုပြောလိုက်ရာ တော်လှန်ရေးတပ်သားများသည် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။

မိုးစာသည် မိမိ၌ရှိသော ဆေးများဖြင့် တပ်သားများ၏ ကျန်းမာရေးကို တတ်စွမ်းသလောက် ပြုစုကုသပေးရန် ဆုံးဖြတ်



လိုက်၏။

ထိုသို့ ကြေညာပြီး ညနေစောင်းသောအခါ မိုးစာထံသို့ ဆရာကြီးမင်းယက္ခ၏ လူယုံတစ်ဦး ရောက်ရှိလာပြီး

" ဒီမှာ ရဲမက်တော်ကြီး၊ ခင်ဗျားက တော်လှန်ရေး တပ်သားတွေကို ဆေးကုပေးမယ်လို့ ကြေညာထားတယ်ဆို "

ဟုပြောလေရာ မိုးစာက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒီမှာရှိတဲ့ တပ်သားတွေရဲ့ ကျန်းမာရေးကို ကျုပ်တို့ ကူညီပြီး စောင့်ရှောက်ပေးမှုဖြစ်မယ် "

ဟုပြောလေ၏။ ထိုအခါ ဆရာကြီးမင်းယက္ခ၏ လူယုံ တစ်ဦးက

" ခင်ဗျားဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ ကျုပ်တို့က တိုင်းပြည် နဲ့ လူမျိုးအတွက် အသက်ကိုတောင်စွန့်ပြီးတော့ တော်လှန်ရေးလုပ် နေကြတာဗျ။ ဆေးဆရာခေါ်ပြီး မြို့ပေါ်မှာလို မနေနိုင်ကြဘူး၊ ဒါကြောင့် ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပြီးတော့ နေထိုင်ကြရတယ်၊ တော်လှန်ရေးလုပ်နေတဲ့ အချိန်မှာ ငွေကြေးအလွန်ကုန်တယ်၊ မြို့ပေါ်က ဆေးဆရာတို့ တောထဲလိုက်နိုင်လောက်တဲ့ ငွေကြေး မရှိဘူး။ ခင်ဗျားက တော်လှန်ရေးတပ်သားတွေကို ဆေးကုပေးမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဆေးဖိုးဝါးခတွေ အများကြီး ကုန်လိမ့်မယ် "

ဟုပြောလေ၏။

ထိုအခါ မိုးစက

" ဒီမှာ၊ ဒီစခန်းမှာရှိတဲ့ တပ်သားတွေကို ဆေးကုဖို့အတွက် ခင်ဗျားတို့ဆီက ကျုပ် တစ်ပြားမှ တောင်းမှာမဟုတ်ဘူး။ ဆေးတွေ အားလုံးရဲ့ ကုန်ကျစရိတ်ကို ကျုပ်ခံမှာဖြစ်တယ် "

ဟုပြောလေရာ ဆရာကြီးမင်းယက္ခ၏တပည့်သည် မိုးစကို မယုံကြည်ဟန်ဖြင့် ကြည့်လိုက်ပြီး

" ဆေးဖိုးဝါးခတွေ အားလုံး ခင်ဗျားတစ်ယောက်တည်း ခံမယ် ဟုတ်လား၊ ခင်ဗျားက ဘယ်လောက်များ ချမ်းသာနေလို့လဲ ရဲမက်တော်ကြီး "

ဟုပြောလိုက်လေ၏။

ထိုအခါ မိုးစက

" ကျုပ်တို့ မြန်မာ့ရေမြေတောတောင်မှာ ဆေးဖက်ဝင် သစ်မြစ် သစ်ဥတွေ၊ ဆေးရွက်တွေ အများကြီးရှိတယ်၊ ဒီတော ဒီတောင်အနှံ့ကို သွားလာပြီး ရှာဖွေတူးဖော်မယ်ဆိုရင် ဆေးပင်၊ ဆေးရွက်တွေ၊ အမိုးအနံ့ သစ်မြစ်၊ သစ်ဥတွေ လူးရှာမကုန်နိုင်အောင်



တွေ့ရလိမ့်မယ်၊ ဒါကြောင့် စခန်းမှာရှိတဲ့ မကျန်းမမာဖြစ်နေတဲ့ တပ်သားတွေကို ကျုပ် တာဝန်ယူပြီး ကုသပေးနိုင်တယ် "

ဟုပြောလိုက်လေ၏။

ထိုအခါ ဆရာကြီးမင်းယက္ခ၏ တပည့်တစ်ဦးက မိုးစကို ကျေနပ်သေးဟန်မရှိဘဲ

" ဒါဆိုရင်တော့ ခင်ဗျားရဲ့ရည်ရွယ်ချက်ကို ဆရာကြီး မင်းယက္ခသိအောင် ခွင့်တောင်းဖို့တော့ လိုတယ် "

ဟုပြောလေ၏။

မိုးစသည် ထိုနေ့နေ့လယ်မှာပင် ဆရာကြီးမင်းယက္ခထံသို့ သွားရောက်၍ စခန်းရှိ တပ်သားများကို ဆေးကုသပေးရန် ဆန္ဒရှိကြောင်းပြောဆိုလေ၏။

ထိုအခါ ဆရာကြီး မင်းယက္ခက ခေါင်းတဆတ်ဆတ် ညိတ်၍

" ကျုပ်တို့ဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် အလုပ်လုပ်နေကြတာပါ၊ တောထဲမှာ ဘယ်လောက်ထိ အနေဆင်းရဲ အစားဆင်းရဲ တယ်ဆိုတာ ကျုပ်ရိပ်စားမိပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ရဲ့ ဘဏ္ဍာရေး အခြေအနေအရ ဆေးဆရာတစ်ယောက်ကို ခေါ်မထားနိုင်ခဲ့ဘူး၊

www.burmeseclassic.com



ရဲမက်တော်က တော်လှန်ရေးတပ်သားတွေရဲ့ ကျန်းမာရေးကို ဆေးသမားတော်တစ်ယောက်အနေနဲ့ ပြုစုကုသပေးမယ်ဆိုတာ သိရတော့ ကျုပ် အလွန်ဝမ်းသာတယ်၊ ဒါကြောင့် အောင်မြင်အောင် ဆက်ရွာပ်ပါ "

ဟု ခွင့်ပေးလိုက်လေ၏။

မိုးဇာသည် ဆရာကြီး မင်းယက္ခထံမှ လွယ်လွယ်ကူကူ ခွင့်ပြုချက်ရသဖြင့် စိတ်ကျေနပ်ပြီး တောင်အောက်သို့ ပြန်သွားလေ၏။

မိုးဇာသည် ထိုနေ့မှစ၍ တော်လှန်ရေးတပ်သားများ၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးခဲ့၏။

စခန်းရှိတပ်သားအများစုသည် ကျန်းမာရေး ချို့ယွင်းနေသူများဖြစ်ကြ၏။

ထို့ကြောင့် တော်လှန်ရေးတပ်သားများသည် မိုးဇာအား ကျေးဇူးရှင်ကြီးတစ်ယောက်အဖြစ် ယုံကြည်အားကိုးကြလေ၏။

△△△



တစ်နေ့သ၌ မိုးဇာထံသို့ တော်လှန်ရေးတပ်သားတစ်ဦး ရောက်ရှိလာလေ၏။

ထိုသူ၏အမည်မှာ မဲခေါင်ဟူ၍ဖြစ်ပြီး လွန်ခဲ့သောရက်က နှတ်ဖျားဖြစ်၍ မိုးဇာကဆေးကုသပေးခဲ့သူဖြစ်၏။

ကိုမဲခေါင်သည် မိုးဇာ၏ရှေ့တွင် ဒူးထောက်၍ ထိုင်ချလိုက်ပြီး

" ကျုပ်ရဲ့အသက်ဟာ ရဲမက်တော်ကြီးပေးတဲ့ အသက်ပဲရှိပါတော့တယ်၊ ဒါကြောင့် ရဲမက်တော်ကြီးကို ရှိခိုးကန်တော့ပါရစေ "

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိုးဇာက ခေါင်းခါယမ်း၍

" ကျွန်တို့အားလုံး တော်လှန်ရေးတပ်သားတွေပါ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် လက်ရည်တစ်ပြင်တည်း နေထိုင်စားသောက်သင့်ပါတယ်၊ အခွင့်ထူးခံ လူတန်းစားဆိုတာ မရှိသင့်ပါဘူး "

ဟု ပြောလိုက်လေ၏။

ထိုအခါ တော်လှန်ရေးတပ်သားက မိုးဇာ၏မျက်နှာကို စူးစိုက်ကြည့်၍

" ဆရာ့ရဲ့စိတ်ဓာတ်ကို သိပ်ပြီးတော့ လေးစားကြည်ညိုတာပဲ၊ ဒါကြောင့် ဆရာ့ကို အရေးကြီးတဲ့စကားတစ်ခွန်း ပြောပါရစေ "

ဟုပြောလေ၏။

မိုးဇာက ထိုသူ၏အမူအရာ ဆန်းနေသဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး

" အရေးကြီးတဲ့စကား ဟုတ်စ၊ ဘယ်လိုစကားမျိုးလဲ၊ ပြောစမ်းပါဦး "

ဟုပြောလေ၏။ ထိုအခါ တော်လှန်ရေးတပ်သား ကိုမဲခေါင်က



" ဒီစကားက အင်မတန်လျှို့ဝှက်ပြီး ပြောရမဲ့စကားပါ၊ ဒီစခန်းမှာ မပြောဝံ့ဘူး၊ ကျွန်တော်နဲ့ တောထဲကို လိုက်ခဲ့စေချင်ပါတယ် "

ဟုပြောလေ၏။

ထိုအခါ မိုးဇာက ခေါင်းညိတ်၍

" ကောင်းပြီ၊ ခင်ဗျားနဲ့ ကျွန်ုပ် အခုပဲလိုက်ခဲ့မယ် "

ဟု ဆိုကာ တော်လှန်ရေးတပ်သား၏ အနောက်သို့ လိုက်ခဲ့လေ၏။

ကိုမဲခေါင်သည် မိုးဇာအား လူသူကင်းရှင်းသော တောကြီးအတွင်းသို့ ခေါ်ဆောင်သွားလေ၏။

တောတွင်းရှိ စမ်းချောင်းအနီးသို့ ရောက်သောအခါ ထိုင်ချလိုက်ပြီး

" ရဲမက်တော်ကြီး ဒီစခန်းကို ရောက်လာတဲ့အခါမှာ ဆရာကြီး မင်းယက္ခတို့နဲ့ စိတ်ဓာတ်ချင်း အစစအရာရာ ကွာခြားတာကို သတိပြုမိတယ်၊ ကျွန်ုပ်တို့ဟာ တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးလို့ ဒီစခန်းကို ရောက်လာကြတာပါ၊ ဒါပေမဲ့ အခုနအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ဒီစခန်းကို ရောက်တဲ့အခါမှာ ဆရာကြီးမင်းယက္ခတို့လူစုရဲ့ လူတန်းစားခွဲခြားတဲ့ အကျင့်စရိုက်ကို မနှစ်သက်ခဲ့ဘူး၊ ဆရာကြီးမင်းယက္ခနဲ့ ခေါင်းဆောင်ပိုင်းက လူတွေဟာ ကျွန်တော်တို့နဲ့ အစစအရာရာ ကွာခြားကြတယ်၊ သူတို့ဟာ အကောင်းဆုံးဆိုတဲ့ အစားအစာတွေကို စားသောက်ကြတယ်၊ ဆေးကောင်းဝါးကောင်းတွေကို မှီဝဲကြတယ်၊ အစစအရာရာ ကျုပ်တို့ တော်လှန်ရေးတပ်သားတွေထက် သာလွန်ခဲ့တယ်၊ တော်လှန်ရေးတပ်သားတွေကတော့ တောထဲမှာ မဝရေစာစားပြီး ထမင်းတောင် နပ်မမှန်ခဲ့ဘူး၊ ဆေးဝါးကုသမှုလည်း မခံယူရပါဘူး၊ ဆရာကြီးမင်းယက္ခတို့လူစုဟာ နေ့စဉ် အသားဟင်းကိုစားပြီး ဆေးကောင်းဝါးကောင်းတွေ မှီဝဲတယ်၊ အကောင်းဆုံးဆိုတဲ့ အရက်တွေကို သောက်သုံးကြတယ်၊ ဒါဟာ ကျုပ်တို့တော်လှန်ရေးတပ်သား အချင်းချင်းခွဲခြားပြီး အုပ်ချုပ်သလိုပဲ ”

ဟု ပြောလေရာ မိုးစာက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ဆရာကြီး မင်းယက္ခရဲ့အဖွဲ့ဟာ ဒီနယ်တစ်ကြောမှာ အလွန်အင်မတန် ထင်ရှားကျော်စောတယ်၊ နယ်ချဲ့တို့ တွန်းလှန်တဲ့နေရာမှာလည်း သူမတူအောင် ထူးချွန်တယ်၊ ဒါကြောင့်



ဆရာကြီးမင်းယက္ခရဲ့အဖွဲ့ကို ကျုပ်ဝင်ဖို့ကြိုးစားခဲ့တာပါ၊ ဒါပေမဲ့ ဒီစခန်းကိုရောက်တဲ့အခါမှာ လက်တွေ့မြင်ရတဲ့အကြောင်းတွေဟာ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်လို့သာ ယုံရတယ်၊ သူများပြောလို့ ကြားရင် ယုံကြည်နိုင်မယ်မထင်ဘူး၊ ဆရာကြီး မင်းယက္ခတို့လူစုရဲ့ လူတန်းစားခွဲခြားတဲ့စနစ်ကိုတော့ ကျုပ်မကြိုက်တာအမှန်ပဲ ”

ဟု ပြောလေ၏။

ထိုအခါ တော်လှန်ရေးတပ်သား မဲခေါင်က

“ ဆရာကြီးမင်းယက္ခဟာ တကယ်တော့ နယ်ချဲ့အလိုတော်ရိဗျ ”

ဟု ပြောလေ၏။

မိုးစာသည် ကိုမဲခေါင်၏စကားကြောင့် သူ၏နားကိုပင် မယုံနိုင်အောင်ဖြစ်ပြီး

“ ဘာ . . ဆရာကြီးမင်းယက္ခက နယ်ချဲ့အလိုတော်ရိ ဟုတ်လား၊ မဖြစ်နိုင်တာဗျာ၊ နယ်ချဲ့အလိုတော်ရိက အစိုးရကို တော်လှန်မှုန်ကန်ပါ့မလားဗျ ”

ဟု ပြောလေ၏။

ထိုအခါ ကိုမဲခေါင်က

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်လည်း ဒီကိစ္စကို တော်တော်စဉ်းစားရခက်နေတယ်၊ ဒါပေမဲ့ ဆရာကြီးမင်းယက္ခကို နယ်ချဲ့တွေနဲ့ အတူတူမြင်ခဲ့ဖူးတယ် "

ဟု ပြောလေ၏။

ထိုအခါ မိုးစာက

" ခင်ဗျားစကားဟာ အလွန်စိတ်ဝင်စားဖို့ကောင်းတယ်၊ တော်လှန်ရေးတပ်သားတွေအတွက်လည်း အင်မတန်အရေးကြီးတဲ့ သတင်းတစ်ခုဖြစ်တယ်၊ ဒါကြောင့် ကျုပ်ကို သေသေချာချာ ပြောစမ်းပါဗျာ "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ကိုမဲခေါင်က

" ကျုပ်ဟာ တော်လှန်ရေးမလုပ်ခင်တုန်းက မော်လမြိုင်က အင်္ဂလိပ်အရေးပိုင် မစ္စတာဝီလျံဆီမှာ ထမင်းချက်လုပ်ဖူးတယ်၊ အဲဒီတုန်းက ဆရာကြီးမင်းယက္ခဟာ မစ္စတာဝီလျံနဲ့ လာပြီး တွေ့ဆုံခဲ့ဖူးတယ် "

ဟု ပြောလေရာ မိုးစာက အလွန်အံ့ဩသွားပြီး

" လူမှားတာများ ဖြစ်နေသလား "

ဟု မေးမြန်းလေ၏။





ထိုအခါ ကိုမဲခေါင်က ခေါင်းခါယမ်း၍

" ဆရာကြီး မင်းယက္ခမှ မင်းယက္ခအစစ်ပါဗျာ၊ သူ့ရဲ့ နှုတ်ခမ်းမွေးကားကားကြီးကို ကျုပ်မျက်လုံးထဲက မထွက်ပါဘူး၊ အဲဒီတုန်းက ကျုပ်ကထမင်းချက်ဆိုတော့ ဆရာကြီး မင်းယက္ခ စားရေးသောက်ရေး အဆင်ပြေအောင် စီစဉ်ပေးခဲ့ရတယ်၊ ကျုပ်ဟာ အရေးပိုင်အိမ်မှာ ထမင်းချက်လုပ်ရင်း အရေးပိုင်အိမ်က ခိုင်းထားတဲ့ မိစုဆိုတဲ့ အမျိုးသမီးနဲ့ ချစ်သူဘဝကိုရောက်ခဲ့တယ်၊ နောက်တော့ အရေးပိုင်ရဲ့တပည့်ဟာ မိစုကို မတော်မတရားပြုကျင့်ဖို့ ကြိုးစားတာနဲ့ ကျုပ်ဟာ ချစ်သူဘက်က မခံချင်ဖြစ်ပြီး အရေးပိုင်ရဲ့တပည့်ကို ဓားဆီးလိုက်ရာက လက်လွန်သွားခဲ့တယ်၊ ဒီအချိန်ကစပြီးတော့ ကျုပ်ဟာ မြို့ပေါ်မှာမနေဝံ့တော့ဘဲ ထွက်ပြေးကိမ်းရှောင်ခဲ့ရတယ်၊ နောက်ဆုံးတော့ ဆရာကြီးမင်းယက္ခရဲ့စခန်းကို ရောက်ခဲ့တာပဲ၊ စခန်းကိုရောက်ပြီး ဆရာကြီးမင်းယက္ခကို စတင်တွေ့တဲ့အချိန်မှာ ကျုပ်ဟာ အလွန်အံ့ဩပြီး၊ ကိုယ့်မျက်လုံးကိုတောင် မယုံနိုင်အောင် ဖြစ်သွားတယ်၊ ဒီနယ်တစ်ကြောမှာ နယ်ချဲ့အစိုးရကို အဘက်ဘက်က ဒုက္ခပေးနေခဲ့တဲ့ ဆရာကြီးမင်းယက္ခဟာ မော်လမြိုင်မြို့မှာ အင်္ဂလိပ်အရေးပိုင်နဲ့ တိတ်တဆိတ်တွေ့ဆုံတဲ့ မျက်နှာဖြူအလိုတော်ရိ

www.burmeseclassic.com



ဖြစ်နေတာတွေ့နေရတယ်၊ ကျုပ်ဟာ ဆရာကြီးမင်းယက္ခကို မြင်
တုန်းက ကိုယ်မျက်လုံးတောင် ကိုယ်မယုံနိုင်ဘူး၊ လူမှားနေတယ်လို့
တောင် ထင်ခဲ့တယ်၊ ဒါပေမဲ့ မော်လမြိုင်မြို့မှာ အစားအသောက်
ဖြင့်ခင်းပေးတဲ့ညီအခါတုန်းက ဆရာကြီးရဲ့ လက်မောင်းက ခေါင်း
ထားတဲ့ အမှတ်အသွက်တွေကို သတိထားမိလိုက်တယ်၊ ဒါကြောင့်
ဆရာကြီးမင်းယက္ခဟာ အင်္ဂလိပ်အရေးပိုင်နဲ့ တိုက်တဆိုက် တွေ့
ခဲ့တဲ့ မျက်နှာဖြူအလိုတော်ရိဆိုတာ သေချာသွားတယ်"

ဟုပြောလေ၏။

မိုးဇာသည် ကိုမဲခေါင်၏စကားကြောင့် ဤစခန်းတွင် ရှိ
သော တော်လှန်ရေးတပ်သားများနှင့် ပတ်သက်ပြီး အလွန်စိုးရိမ်ပူပန်
သွားလေ၏။

ထို့ကြောင့် လက်သီးကိုဆုပ်၍

"ခင်ဗျားရဲ့စကားကို ကြားရတာ ယုံနိုင်စရာတောင် မရှိဘူး
ဒီအတိုင်းသာမှန်ခဲ့ရင် ကျုပ်တို့ တော်လှန်ရေးအင်အားစုတွေအတွက်
အလွန်အန္တရာယ်ကြီးမားတဲ့ အခြေအနေကိုရောက်နေပြီ"

ဟု ပြောလေ၏။

ထိုအခါ မဲခေါင်ကလည်း





" အန္တရာယ်သိပ်ရှိတာပေါ့ ဆရာရယ်၊ တကယ်တော့
ဆရာကြီးမင်းယက္ခသာ နှစ်ဖက်ချွန်ဖြစ်နေခဲ့မယ်ဆိုရင် ကျုပ်တို့
အားလုံးရဲ့အသက်ဟာ သူ့လက်ထဲမှာပဲရှိတယ်၊ ကျုပ်ဟာ ဆရာကြီး
မင်းယက္ခကို သံသယဝင်နေတဲ့အကြောင်း စခန်းမှာ ဘယ်သူ့ကိုမှ
မပြောဝံ့ပါဘူး"

ဟု ပြောလေ၏။

ထိုအခါ မိုးဇာကခေါင်းခါယမ်း၍

" ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ ကျုပ်တို့တော်လှန်ရေးတပ်သား
တွေရဲ့အသက်နဲ့လည်း အများကြီးပတ်သက်နေတယ်၊ ဒါနဲ့ နေပါဦး၊
ဒီစခန်းက တော်လှန်ရေးတပ်သားတွေ နယ်ချဲ့စစ်ပုလိပ်တွေရဲ့
ဖမ်းဆီးတာကို ခံရသလား "

ဟု မေးမြန်းလေ၏။

ထိုအခါ မဲခေါင်က ခေါင်းညိတ်၍

" ကျုပ်တို့အောက်ခြေက တော်လှန်ရေးတပ်သားတွေ
ကတော့ အဖမ်းမခံရပါဘူးဆရာ၊ ဒါပေမဲ့ ထိပ်တန်းခေါင်းဆောင်
သုံးဦး လွှန်ခဲ့တဲ့ လေးလလောက်က အရေးပိုင်ရဲ့ ဖမ်းဆီးတာ
ကို ခံရပါတယ်၊ ဒီစခန်းမှာ ထိပ်တန်းအဆင့် ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးယောက်ရှိတယ်၊ အခုတော့ ဆရာအပါအဝင် ဆယ့်သုံးယောက်ပဲ ရှိတော့တယ်"

ဟုပြောလေ၏။

ကိုမဲခေါင်၏ စကားကြောင့် မိုးဇာသည် တစ်စုံတစ်ရာကို မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး အတန်ကြာသောအခါမှ လက်ဖျောက်တီး၍

"ကျုပ်သိပြီ၊ ဒီစခန်းကြီး ဘာကြောင့်ကြီးကျယ်နေသလဲ ဆိုတာ ကျုပ်စဉ်းစားနေခဲ့တာ ကြာခဲ့ပြီ၊ အခုတော့ အဖြေကို ကျုပ်သိပါပြီ၊ ဒါဆိုရင်တော့ ဆရာကြီး မင်းယက္ခဟာ နယ်ချဲ့အလိုတော်ရှိ ဖြစ်မှာ သေချာနေပြီ၊ ကျုပ်ဒီစခန်းကိုရောက်တုန်းက လူအင်အားတွေ အများကြီး တောကြီးထဲမှာ ဖုန်းအောင်းနေတာကို အလွန်အံ့ဩခဲ့တယ်၊ ဒီနေရာဟာ လုံခြုံစိတ်ချရတဲ့နေရာတစ်ခုဖြစ်ပေမဲ့ နယ်ချဲ့ စစ်ပုလိပ်တွေရဲ့ သူလျှိုတွေဟာ နေရာတိုင်းမှာရှိနေတယ်၊ သူတို့တွေဟာ တော်လှန်ရေးတပ်သားတွေကို နောက်ယောင်ခံပြီးတော့ ဝင်ရောက်တိုက်ခိုက်နေတာပဲ၊ ကျုပ်တွေ့ဖူးခဲ့တဲ့ တော်လှန်ရေး ခေါင်းဆောင်တွေဟာ နေရာအနှံ့ လှည့်လည်ပြီး ပြောက်ကျားစနစ်နဲ့ နယ်ချဲ့အစိုးရကို တွန်းလှန်နေတာ များတယ်၊ ဆရာကြီး





မင်းယက္ခရဲ့လူတွေက ဒီနေရာမှာ အခြေချပြီးတော့ နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်နေတယ်၊ နယ်ချဲ့အစိုးရက ဒီစခန်းကိုမသိဘဲ နေဘူးလို့ ကျုပ် စဉ်းစားမိတယ်၊ နယ်ချဲ့တွေက ဆရာကြီးမင်းယက္ခရဲ့အဖွဲ့တွေကို ကြိုးရှည်ရှည်နဲ့လှန်ထားတာ ဖြစ်နိုင်တယ်လို့ ကျုပ်ယုံကြည်ခဲ့တယ်၊ ဒါပေမဲ့ အခုတော့ ဒီအဖြေကို ကျုပ်သိပြီ၊ နယ်ချဲ့တွေက ဆရာကြီး မင်းယက္ခရဲ့အဖွဲ့ကို အင်အားကြီးသထက် ကြီးအောင် မွေးမြူထားခဲ့တာပဲ"

ဟု ပြောလေရာ ကိုမဲခေါင်က နားမလည်နိုင်ဟန်ဖြင့်

"နယ်ချဲ့တွေက ဘာဖြစ်လို့ ဆရာကြီးရဲ့အဖွဲ့ကို အင်အားကြီးစေချင်ရတာလဲ"

ဟု မေးမြန်းလေ၏။

မိုးဇာကသက်ပြင်းချ၍

"နယ်ချဲ့တွေက ဆရာကြီးမင်းယက္ခနဲ့ စည်းဝါးကိုက်ပြီးသား၊ ဆရာကြီးမင်းယက္ခက နှစ်ဖက်ချွန်အလုပ်တွေကိုလုပ်တယ်၊ သူဟာ နယ်ချဲ့ကိုတော်လှန်မယ်ဆိုပြီးတော့ အရည်အချင်းရှိတဲ့ တော်လှန်ရေးအင်အားစုတွေကို စုစည်းထားတယ်၊ ပြီးတော့ ခေါင်းဆောင်တွေကို နယ်ချဲ့အလိုတော်ရှိဖြစ်အောင် စည်းရုံးတယ်၊ စည်းရုံးလို့မရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်တွေကို နယ်ချဲ့အကျဉ်းထောင်တွေထဲကို နည်းအမျိုးမျိုးနဲ့ပို့ပေးခဲ့တယ် ”

ဟု ပြောလေရာ မဲခေါင်က ခေါင်းတဆတ်ဆတ်ညိတ်၍

“ ဖြစ်နိုင်တယ် ဆရာ၊ ဒါကြောင့် လွန်ခဲ့တဲ့လတွေက ကျုပ်တို့စခန်းက အရည်အချင်းရှိတဲ့ ခေါင်းဆောင်သုံးယောက် နယ်ချဲ့အကျဉ်းထောင်ထဲကို ရောက်သွားတာ ဖြစ်လိမ့်မယ် ”

ဟု ပြောလေ၏။

ထိုအခါ မိုးဇာကခေါင်းညိတ်၍

“ နယ်ချဲ့အစိုးရက ဆရာကြီးမင်းယက္ခရဲ့ တော်လှန်ရေးအင်အားစုတွေ ကြီးသထက်ကြီးအောင်မြှောက်ပင့်ပေးထားတယ်၊ တော်လှန်ရေးအင်အားစုကြီး ကြီးမားလာသည်နှင့်အမျှ အရည်အချင်းရှိတဲ့ခေါင်းဆောင်တွေဟာ ဆရာကြီးမင်းယက္ခကို အထင်ကြီးပြီး သူ့ရဲ့လက်အောက်ကို ခိုဝင်လာခဲ့ကြတယ်၊ ဒီလူတွေကို ဆရာကြီးက နယ်ချဲ့အလိုတော်ရိဖြစ်အောင် စည်းရုံးသိမ်းသွင်းကြည့်တယ်၊ စည်းရုံးလို့မရတဲ့ လူတွေကို အကျဉ်းထောင်ကိုပို့ပစ်တယ် ”

“ ဒါဆိုရင်တော့ ဆရာကြီးမင်းယက္ခဟာ အမျိုးသား သစ္စာဖောက်ကြီးပဲ၊ ဒီလူကြီးလူ့လောကမှာ ရှိနေသရွေ့ တော်လှန်ရေး





အင်အားစုတွေအများကြီး အသက်ပေးရမှာပဲ ”

ဟုပြောလေ၏။

ထိုအခါ မဲခေါင်က အားတက်သရော ထောက်ခံ၍

“ ဟုတ်တယ် ဆရာ၊ သူဟာ နယ်ချဲ့အလိုတော်ရိပီပီ တော်လှန်ရေး ခေါင်းဆောင်တွေကို တစ်ယောက်ပြီးတစ်ယောက် ဖမ်းပြီး ထောင်ထဲကိုပို့မှာ သေချာတယ်၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ စခန်းမှာရှိတဲ့ တော်လှန်ရေးခေါင်းဆောင်တွေကို အသိပေးမှာလား ”

ဟု မေးလေ၏။

မိုးဇာကခေါင်းခါယမ်း၍

“ ကျုပ်တို့ ဆန္ဒစောလို့တော့ မဖြစ်နိုင်ဘူး၊ ဒီလူတွေဟာ ကျုပ်တို့ရဲ့စကားထက် ဆရာကြီးမင်းယက္ခရဲ့ စကားကို ပိုပြီးယုံကြည်ကြမှာ သေချာတယ်၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်ရင် ဒီစခန်းဟာ ဟန်ပြစခန်းကြီးဆိုတာ ပေါ်လွင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဆရာကြီးမင်းယက္ခဟာ တိုင်းပြည်နဲ့လူမျိုးကို ချစ်ရိုးမှန်ရင် တော်လှန်ရေးတပ်သားတွေကိုလည်း ရင်ဝယ်သားလိုပဲ သဘောထားမှာပဲ၊ ဒါပေမဲ့ ဒီစခန်းမှာတော့ ဆရာကြီးမင်းယက္ခရဲ့ တော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



အင်အားစုတွေဟာ ခေါင်းဆောင်ပိုင်းကလွဲလို့ ကျန်တဲ့တပ်သားတွေဟာ ဆင်းရဲဝင်ပန်းစွာ နေထိုင်စားသောက်ရတယ်၊ နယ်ချဲ့အစိုးရဟာ တော်လှန်ရေးတပ်သားတွေထက်၊ တော်လှန်ရေး ခေါင်းဆောင်တွေကို ပိုပြီးတော့ ဖမ်းဆီးချုပ်နှောင်ချင်ကြတယ်၊ တော်လှန်ရေး ခေါင်းဆောင်တွေမရှိရင် အစိုးရကို ပုန်ကန်တဲ့အမှုတွေ တဖြည်းဖြည်း နည်းပါးသွားမယ်ဆိုတာ ရိပ်စားမိကြတယ်၊ ဒါကြောင့် ဆရာကြီး မင်းယက္ခလို အလိုတော်ရိတစ်ယောက်ကို မွေးမြူပြီး တော်လှန်ရေးခေါင်းဆောင်တွေကို ဖြိုခွင်းခဲ့တာပဲ ''

ဟု ပြေလေရာ မဲခေါင်က ခေါင်းညိတ်၍

'' အဟုတ်ပဲဗျို့၊ နယ်ချဲ့တွေဟာ တော်လှန်ရေးတပ်သားတွေထက်ခေါင်းဆောင်တွေကို ပိုပြီးတော့အလိုရှိကြတယ်၊ ဒါနဲ့နေပါဦး ဒီစခန်းမှာ ဆရာကြီးမင်းယက္ခရဲ့လူယုံ ဘယ်နှစ်ယောက်ရှိသလဲ''

ဟု ပြောလေ၏။

ထိုအခါ မဲခေါင်ကမျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'' ဆရာကြီးမင်းယက္ခရဲ့လူယုံ ငါးယောက်လောက်ရှိတယ်၊ ဒီလူတွေက ဆရာကြီးမင်းယက္ခရဲ့ တကယ့်အမာခံတွေပဲ ''

ဟု ပြောလေ၏။





ထိုအခါ မိုးဇာက မျက်မှောင်ကြုတ်၍

'' ဒါဆိုရင်ဆရာကြီးမင်းယက္ခရဲ့ ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်တွေကို ဒီလူတွေကြိုတင်ပြီး သိနေမှာသေချာတယ်၊ ဆရာကြီး မင်းယက္ခက နယ်ချဲ့အလိုတော်ရိဆိုတော့ နယ်ချဲ့တွေနဲ့ အဆက်အသွယ်တော့ရှိမှာပဲ၊ သူ ဒီစခန်းက ထွက်ခွာသွားတာ ရှိသလား ''

ဟု ပြောလေ၏။

ထိုအခါ မဲခေါင်ကခေါင်းညိတ်၍

'' ရှိတယ် ဆရာ၊ ဆရာကြီးမင်းယက္ခက တစ်နှစ်မှာ လေးကြိမ်လောက် စခန်းကနေ ထွက်ခွာသွားလေ့ရှိတယ်၊ သူဟာ မြန်မာပြည်အရပ်ရပ်က နိုင်ငံရေးခေါင်းဆောင်ကြီးတွေနဲ့ ဆက်သွယ်တယ်လို့ ဆိုတယ်၊ ဒါပေမဲ့ ဆရာကြီးဟာ နယ်ချဲ့တွေနဲ့ ဆက်သွယ်တာပဲ ''

ဟု ပြောလေရာ မိုးဇာက

''ဆရာကြီး မင်းယက္ခ နယ်ချဲ့တွေနဲ့ တိတ်တဆိတ် ဆက်သွယ်တာကို သက်သေပြနိုင်လောက်အောင် ကြိုးစားရမယ်၊ ဆရာကြီးမင်းယက္ခက နယ်ချဲ့အလိုတော်ကြီးတွေနဲ့ ဆက်သွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



သေချာနေပြီဆိုရင်တော့ တော်လှန်ရေးခေါင်းဆောင်ကြီးတွေရဲ့ အနာဂတ်ဖို့မြှုရေးအတွက် ဆရာကြီးမင်းယက္ခကို ရှင်းပစ်ရမှာပဲ”

ဟု ပြောလေ၏။

မိုးဇာ၏စကားကြောင့် မဲခေါင်က မျက်မှောင်ကြုတ်၍

“ ဖြစ်ပါ့မလား ဆရာရဲ့၊ ဆရာကြီးမင်းယက္ခက လက်နက်လွှသူအင်အား တောင့်တင်းတယ်၊ သူ့တပည့်တွေအားလုံးဟာ ကိုယ်ခံပညာ အတွေ့အကြုံရင့်ကျက်တဲ့သူတွေချည်းပဲ”

ဟု ပြောလေ၏။

ထိုအခါ မိုးဇာက

“ ကျွန်ုပ်ကလည်း ရဲမက်တော်ဆိုပြီး၊ နယ်ချဲ့အလိုတော်ရိတွေကို သုတ်သင်ရှင်းလင်းခဲ့တဲ့လူပါ၊ ဒီလူကြီးကို ကျုပ်ကောင်းကောင်း ယှဉ်ဝံ့ပါတယ် ”

ဟု ပြောလေ၏။

ထိုနေ့ညနေမှာပင် တိုက်ဆိုင်စွာဖြင့် ဆရာကြီးမင်းယက္ခက ၎င်းတို့ ခေါင်းဆောင်များအားလုံးကို ခေါ်ယူလိုက်ပြီး

“ ကျုပ်တို့ တော်လှန်ရေးအင်အားစုတွေနဲ့ ဆက်သွယ်ဖို့ ကြိုးစားရမယ်၊ နောက်ပြီးတော့ တိုင်းပြည်လွတ်လပ် ရေးအတွက်





မြန်မာပြည်အရပ်ရပ်က စေတီတွေမှာ ကျုပ်သင်္ဂြိုဟ် အမိဌာန်ပြုချင်သေးတယ်၊ ဒါကြောင့် ကျုပ်ခရီးထွက်ရမယ်၊ ကျုပ်စခန်းမှာ မရှိတဲ့အခိုက်မှာ ခေါင်းဆောင်ဟောင်းဆယ်ယောက် ကျန်ခဲ့တယ်၊ နယ်ချဲ့တွေဟာ ကျုပ်တို့စခန်းရှိရာကို ရောက်လာပြီးချေမှုန်းရင်လည်း ချေမှုန်းနိုင်တယ်၊ ဒါကြောင့် အထူးသတိဝီရိယရှိဖို့ ကြိုတင်ပြီးမှာကြားချင်တယ် ”

ဟု ပြောကာ လာမည့်သီတင်းကျွတ်လပြည့်နေ့တွင် ၎င်းခရီးထွက်မည်ဖြစ်ကြောင်း ပြောလေ၏။

မိုးဇာသည် ဆရာကြီးမင်းယက္ခခရီးထွက်မည့်သတင်းကိုကြားသောအခါ ၎င်း၏အနောက်သို့နောက်ယောင်ခံလိုက်ရန် ဆုံးဖြတ်လိုက်လေ၏။

တော်လှန်ရေးခေါင်းဆောင်များ၏ ဘဝနောင်ရေးအတွက် လိုအပ်လျှင် ဆရာကြီးမင်းယက္ခအား ရှင်းလင်းပစ်ရပေမည်။

△△△



www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ် လပြည့်နေ့သို့ရောက်သောအခါ ဆရာကြီး မင်းယက္ခနှင့် လူယုံနှစ်ယောက်သည် စခန်းမှထွက်ခွာရန် ပြင်ဆင်ကြလေ၏။

ဆရာကြီးမင်းယက္ခ ခရီးထွက်မည့်အကြောင်းကို ထိပ်တန်းခေါင်းဆောင်များသာသိရှိကြပြီး လက်အောက်ငယ်သားများ သိရှိခြင်း မရှိကြချေ။

၎င်းတို့သည် ဆရာကြီးမင်းယက္ခကို အလွန်ယုံကြည်ကိုးစားကြသူများဖြစ်လေရာ ဆရာကြီးမရှိသည့်အတွက် စိတ်အားငယ်သလိုဖြစ်ကြလေ၏။





ဆရာကြီးမင်းယက္ခသည် သူ၏လူယုံနှစ်ဦးနှင့်အတူစခန်းမှထွက်ခွာရန် ပြင်ဆင်နေလေ၏။

ဆရာကြီးသည် စခန်းမှထွက်ခါနီးတွင် မိုးဇာရှိရာသို့လျှောက်လှမ်းလာပြီး မိုးဇာ၏ပခုံးကိုပုတ်၍

" ရဲမက်တော်ကြီး မင်းမှာအရည်အချင်းတွေနဲ့ ပြည့်စုံပါတယ်၊ ဒါကြောင့်ဒီစခန်းရဲ့ လုံခြုံရေးကို ဂရုစိုက်ပါ "

ဟု ပြောလေ၏။

ဆရာကြီးမင်းယက္ခတို့လူစုသည် ထိုနေ့မှာပင် ခရီး စတင်ထွက်ခဲ့လေ၏။

ဆရာကြီးမင်းယက္ခတို့အား စခန်းရှိခေါင်းဆောင်များသည် တောင်ထိပ်သို့ လိုက်လံပို့ဆောင်ကြလေ၏။

မိုးဇာသည် ခေါင်းဆောင်များနှင့်အတူ ဆရာကြီး မင်းယက္ခအား လိုက်လံပို့ဆောင်ပေးရင်း ခဏကြာလျှင် လူသူအရိပ်အခြေကိုကြည့်၍ ထိုနေရာမှ ထွက်ခွာလာခဲ့လေ၏။

သူသည်ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း စခန်းမှကိုယ်ပျောက်၍ ဆရာကြီးမင်းယက္ခနောက်သို့လိုက်ခဲ့၏။ ဆရာကြီးနှင့်လူယုံနှစ်ဦးသည် တောလမ်းခရီးကို ကျွမ်းကျင်စွာ ခရီးသွား



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။

မိုးဓာသည် ၎င်းတို့နှင့်ခပ်လှမ်းလှမ်းမှ တိတ်တဆိတ်နောက်ယောင်ခံ၍ လိုက်ခဲ့လေ၏။

ဆရာကြီးမင်းယက္ခနှင့် အပေါင်းအပါနှစ်ဦးသည် လူနေအိမ်ခြေများကို ရှောင်ကွင်း၍ ခရီးဆက်ခဲ့လေ၏။

၎င်းတို့သည် ထိုနေ့ညနေစောင်းသည်အထိ မရပ်မနားခရီးဆက်ခဲ့၏။

ထိုရွာများရှိ လူများသည် ဆရာကြီးမင်းယက္ခအား ဆေးဆရာကြီးတစ်ဦးဟု ယုံကြည်ကြ၏။ ဆရာကြီးသည် သွေးဆေးတော်ကြီးဟု အမည်ပေးထားသော သွေးဆေးများကို ရွာများရှိ သက်ကြီးရွယ်အိုများအား ဝေငှပေးလေ၏။

ထိုသူများသည် ဆရာကြီး၏ သွေးဆေးများကို အဝင်တကြီးဖြင့် တောင်းယူစားသောက်ကြလေ၏။

မိုးဓာသည် ဆရာကြီးမင်းယက္ခတို့လူစု မရိပ်မိအောင် အနောက်မှနောက်ယောင်ခံပြီးလိုက်ခဲ့၏။

ဆရာကြီးမင်းယက္ခသည် ထိုနေ့ည မှောင်ရီသန်းစပြုသောအခါ မြို့ပေါ်သို့ရောက်ရှိသွားလေ၏။ မြို့အစွန်ရှိ ဘုန်းကြီး





ကျောင်းကြီးတစ်ကျောင်းသို့ သွားရောက်ပြီး တည်းခိုခွင့်တောင်းကြောင်း တွေ့ရ၏။

မိုးဓာသည် ဆရာကြီးမင်းယက္ခတို့လူစုရောက်ရှိပြီး အတန်ကြာသောအခါမှပင် ဘုန်းကြီးကျောင်းထဲသို့ လူမသိ သူမသိ ခိုးဝင်ခဲ့၏။

ထို့နောက် ဘုန်းကြီးကျောင်းထဲတွင် အမှောင်ရိပ်ခို၍ လှည့်လည်ကြည့်ရှုလေရာ ဆရာကြီးမင်းယက္ခတို့ လူစုသည် ကျောင်းကြီးအနောက်ဘက်ရှိ ဇရပ်ကြီးပေါ်တွင် တည်းခိုကြောင်း တွေ့ရလေ၏။

မိုးဓာသည် ဇရပ်အနီးသို့ တိတ်တဆိတ်ကပ်သွားပြီး ၎င်းတို့၏ပြောစကားများကို နားထောင်ရန်ကြိုးပမ်းလေ၏။

ထိုနေ့ညက ဆရာကြီးမင်းယက္ခနှင့် အပေါင်းအပါနှစ်ဦးသည် မီးအိမ်နီလေးထွန်း၍ ရှေ့ဆက်ရမည့် လုပ်ငန်းများကို ပြောဆိုနေကြ၏။

ဆရာကြီး မင်းယက္ခက

" လောလောဆယ် သာယာဝတီမြို့ကိုသွားပြီးတော့ မေရီနဲ့တွေ့ရမယ်၊ မေရီနဲ့ငါမတွေ့ရတာ လတွေအတော်ကြာနေပြီ "

www.burmeseclassic.com



ဟု ပြောလေရာ ဆရာကြီး၏တပည့်တစ်ဦးက သဘောကျသောအမူအရာဖြင့်

" မေရီဆိုတဲ့မိန်းမကတော့ ဆရာကြီးကို အတော်စွဲတာပဲနော် "

ဟု ပြောလေ၏။

ဆရာကြီး မင်းယက္ခက တပည့်၏စကားကိုကြားသောအခါ တဟဲဟဲ ရယ်မောလိုက်ပြီး

" ဟုတ်တယ်၊ မေရီက ငါ့ကိုတော့ နှစ်တွေဘယ်လောက်ပဲကြာကြာ အမြဲတမ်းစွဲလမ်းနေတာပဲ၊ ငါနဲ့မတွေ့ရတာကြာရင် အလွန်သတိရတဲ့အကြောင်း တသသပြောဆိုလေ့ရှိတယ် "

ဟု ဂုဏ်ယူဟန်ဖြင့် ပြောဆိုနေလေ၏။

ဆရာကြီး၏တပည့် တစ်ဦးကလည်း အားကျဟန်ဖြင့် ကြည့်၍

" ဆရာကြီးရဲ့ဆေးတွေစာ အတော်စွမ်းပုံရတယ်နော်၊ မေရီလို အင်္ဂလိပ်ချောချောကြီးတစ်ယောက်ကတောင် ဆရာကြီးကို ဒီလောက် စွဲလမ်းနေတာ၊ ဗမာမတွေဆိုရင်တော့ ဘယ်လောက်များ တမ်းတမ်းစွဲဖြစ်မလဲ မသိဘူးနော်၊ ဆရာကြီးရဲ့ဆေးတွေကို တပည့်





တွေကိုလည်း မျှဝေပေးပါဦး "

ဟု ပြောဆိုလေ၏။ ထိုအခါ ဆရာကြီးမင်းယက္ခက တဟားဟားရယ်မော၍

" ဟား... ဟား... ဟား... အချိန်တန်ရင်တော့ မင်းတို့တို့ မျှဝေပေးပါ့မယ်ကွာ၊ လောလောဆယ်တော့ သာယာဝတီမှာ ငါနဲ့မေရီနဲ့တွေ့ဆုံပြီး ရှေ့ဆက်ရမဲ့ လုပ်ငန်းတွေအကြောင်းကို ဆွေးနွေးလိုက်ဦးမယ်၊ မေရီနဲ့မတွေ့တာကြာလို့ ငါလည်း သူ့ကို တွေ့ချင်နေတာကွ "

ဟု ပြောဆိုလေ၏။

မိုးဇာသည် ၄င်းတို့၏စကားများကို နားထောင်ပြီး ဆရာကြီးမင်းယက္ခတို့လူစုသည် ရိုးသားသူများမဟုတ်ကြောင်း ပိုမို၍ ပေါ်လွင်သွားလေ၏။

ဆရာကြီးမင်းယက္ခသည် ဝတ်လှန်ရေးအင်အားစုများ ရှေ့တွင် သူတော်ကောင်းကြီး အမည်ခံထားသော်လည်း လက်တွေ့တွင် မျက်နှာဖြူမိန်းမများနှင့် တိတ်တခိုးပျော်ပါးသူ ဖြစ်လေ၏။

မိုးဇာသည် သာယာဝတီမြို့သို့ ရှေ့မှဦးဆောင်၍ သွားရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်မနက်အရုဏ်တက်အချိန်မှာပင် ဘုန်းကြီးကျောင်းမှ တိတ်တဆိတ်ထွက်၍ လမ်း၌တွေ့ရသော ကားတစ်စီးကိုတားကာ ခရီးဆက်ခဲ့လေ၏။

△△△

ပြဿနာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အယောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။





မိုးဇာသည် မြို့များ တစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်ပြီး သာယာဝတီမြို့သို့ ရောက်ခဲ့လေ၏။ သာယာဝတီမြို့သည် အစိုးရ ရုံးထိုင်သော မြို့ဖြစ်သဖြင့် အလွန်စည်ကား၏။

မိုးဇာသည် ကားဂိတ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် မထင်မရှား အမူအရာဖြင့် ဆရာကြီးမင်းယက္ခတို့ လူစုကို စောင့်ကြိုလေ၏။

ညနေစောင်းသောအခါ ဆရာကြီးမင်းယက္ခနှင့် တပည့်နှစ်ဦးသည် ဘတ်စ်ကားကြီးတစ်စီးပေါ်မှ ဆင်းလာလေ၏။ ဆရာကြီးမင်းယက္ခတို့၏ ဝတ်စားဆင်ယင်မှုကိုကြည့်၍ မိုးဇာသည် အလွန်အံ့သြသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသည် သက္ကလတ်ဦးထုပ်၊ သက္ကလတ်ကုတ်အင်္ကျီနှင့် သက္ကလတ်ဘောင်းဘီတို့ကို ခေတ်မီမီဝတ်ဆင်ထား၏။

ဆရာကြီး၏ တပည့်နှစ်ဦးမှာလည်း ဘန်ကောက်လုံချည်ဖိုးတိုက်ပုံအင်္ကျီ၊ ရှူးဖိနပ်စသည်တို့ဖြင့် လူကုန်ထံများ၏ ဝတ်စားဆင်ယင်မှုအတိုင်း ဝတ်ဆင်ထားကြလေ၏။

ဆရာကြီးမင်းယက္ခနှင့် တပည့်နှစ်ဦးသည် မြင်းလှည်းတစ်စီးကို ငှားရမ်း၍ မြို့လယ်ခေါင်ရှိ ပျော်ပွဲစားရုံကြီးတစ်ရုံသို့ ဦးတည်သွားလာနေလေ၏။

ထိုပျော်ပွဲစားရုံကြီးသည် သာယာဝတီမြို့၌ အကြီးမားဆုံး စားသောက်ဆိုင်ကြီးတစ်ဆိုင်ဖြစ်၏။

မိုးစာသည် ၎င်းတို့၏အနောက်မှ တိတ်တဆိတ်နောက်ယောင်ခံလိုက်ခဲ့လေ၏။

ဆရာကြီးမင်းယက္ခတို့သည် ပျော်ပွဲစားရုံသို့ ရောက်သောအခါ အပေါ်ထပ်သို့ ဦးတည်၍ တက်သွားကြောင်းတွေ့ရ၏။

မိုးစာသည် ပျော်ပွဲစားရုံအောက်ထပ်သို့ဝင်၍ ထောင့်စွန်းကျသော စားပွဲ၌ထိုင်ကာ ဆရာကြီးမင်းယက္ခတို့လူစုအား စောင့်နေလေ၏။





အတန်ကြာသည်အထိ ဆရာကြီးတို့လူစု ဆင်းမလာသောအခါ မိုးစာသည် အပေါ်ထပ်သို့တက်ရန် ကြိုးစားလေ၏။

ထိုအခါ အနီးသို့ စားပွဲထိုးတစ်ဦးရောက်ရှိလာပြီး

" ဟေ့လူ… အပေါ်ထပ်ကို မတက်ရဘူး၊ အောက်ထပ်မှာပဲ စားသောက်လို့ရမယ် "

ဟုပြောလေ၏။

ထိုအခါ မိုးစာက လေသံမာမာဖြင့်

" ဒီမှာ ကျုပ် ဆရာကြီးမင်းယက္ခရဲ့ တပည့်ဗျ၊ ဆရာကြီးတက်သွားလို့ ကျုပ်လိုက်လာတာ၊ ဘာတွေလာပြောနေတာလဲ "

ဟုပြောလိုက်ရာ ထိုသူသည် မိုးစာကို သေချာစွာကြည့်၍

" ဪ… ခင်ဗျားက ဆရာကြီးရဲ့တပည့်တိုး၊ မသိလို့ပြောမိတာ စိတ်မရှိပါနဲ့ဗျာ၊ ဒါဆိုရင် ဆရာကြီးတို့လူစု အပေါ်ဆုံးထပ်ကို တက်သွားတယ်၊ လိုက်သွားကြွပါ "

ဟုပြောလေ၏။

မိုးစာသည် ဖာန်ပါပါဖြင့် လှေကားထစ်များကို တက်လှမ်းခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယထပ်သို့ရောက်သောအခါ လှုသူကင်းရှင်းနေပြီး အိမ်တစ်ခုလုံးကို ရှေးဟောင်းပစ္စည်းများဖြင့် လှပစွာ ပြင်ဆင်ထားကြောင်း တွေ့ရ၏။

မိုးဇာသည် တတိယထပ်သို့ခြေသံမကြားအောင် ဆက်လက်၍ တက်သွားလေ၏။

တတိယထပ်သို့ရောက်သောအခါ ဝရန်တာအနီး၌ အသံကြား၍ ချောင်းမြောင်းကြည့်လိုက်သောအခါ စားပွဲတစ်လုံးတွင် ထိုင်နေသော ဆရာကြီးမင်းယက္ခ၏ တပည့်နှစ်ဦးကို တွေ့ရလေ၏

ဆရာကြီးမင်းယက္ခကိုမူ မမြင်ရချေ။ မိုးဇာသည် တတိယထပ်ရှိ အခန်းများသို့ လှည့်လည်ကြည့်ရှုလေ၏။

ထိုအခါ အခန်းကျယ်ကြီးတစ်ခန်းထဲမှ လူသံများကိုကြားရသဖြင့် ထိုအခန်းဝမှ ချောင်းမြောင်းကြည့်လိုက်သောအခါ ဆရာကြီးမင်းယက္ခနှင့် စကားပြောဆိုနေသော ချောမောလှပသည့် မျက်နှာဖြူမတစ်ယောက်ကို တွေ့ရလေ၏။

ထိုမိန်းမသည် အသက်လေးဆယ်ဝန်းကျင်ခန့်ရှိပြီး အလှစွဲမက်ဖွယ်ကောင်းကြောင်း တွေ့ရလေ၏။

မျက်နှာဖြူမိန်းမသည် မြန်မာစကားကို ကောင်းမွန်စွာ ပြော





တတ်ပြီး ဆရာကြီးမင်းယက္ခကို ပြုံးစိစိကြည့်၍

" အစ်ကိုကြီးကို ကျွန်မ သတိရနေတာ၊ အခုလို မမျှော်လင့်ဘဲ အစ်ကိုကြီးနဲ့ပြန်တွေ့ရတဲ့အတွက် ကျွန်မ သိပ်ဝမ်းသာတယ် "

ဟုပြောလေရာ ဆရာကြီးမင်းယက္ခက သဘောကျဟန်ဖြင့် ကြည့်၍

" ဟီး ဟီး... အစ်ကိုကြီးလည်း ခေရီကို သတိရနေပါတယ် "

ဟုဆိုကာ မျက်နှာဖြူမိန်းမကို လှမ်း၍ဖက်လိုက်လေ၏။ ထိုအခါ မျက်နှာဖြူမိန်းမသည် ဆရာကြီးမင်းယက္ခ၏ ရင်ခွင်ထဲသို့ အလိုက်သင့် တိုးဝင်လိုက်၏။

ဆရာကြီးမင်းယက္ခသည် မျက်နှာဖြူမ၏လက်ကိုဆွဲကိုင်၍ ခုတင်ဆီသို့ ဦးတည်ခေါ်ဆောင်သွားလေ၏။

ထို့နောက် ခုတင်ပေါ်တွင် ယှဉ်တွဲ၍ ထိုင်လိုက်ပြီး ဆရာကြီးမင်းယက္ခက

" အစ်ကိုကြီးတို့စခန်းရဲ့ အခြေအနေကတော့ သိပ်ကောင်းတယ်၊ အရည်အချင်းရှိတဲ့ တော်လှန်ရေးခေါင်းဆောင်တွေ စခန်းကို တစ်ယောက်ပြီးတစ်ယောက် ခိုဝင်လာကြတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မျက်နှာဖြူမိန်းမက ဆရာကြီးမင်းယက္ခကို အားရဟန်ဖြင့်ကြည့်၍

" ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ မျိုးချစ်တော်လှန်ရေးသမားတွေထဲက ဘယ်သူတွေ စခန်းကိုရောက်လာသေးလို့လဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ ဆရာကြီးမင်းယက္ခက

" ဒီတစ်ခေါက် စခန်းကို ရောက်လာတဲ့ကောင်က တကယ့်ကို ဒိတ်ဒိတ်ကြဲဗျ၊ သူ့နာမည်ကို မေရီတို့ကောင်းကောင်းကြီးကြားဖူးတယ်၊ ဒီကောင်က အသက်ငယ်ပေမဲ့ အတော်စွမ်းတဲ့ကောင်ကွ၊ သူ့ကို မေရီတို့ အသိုင်းအဝိုင်းက ရဲမက်တော်လို့ ခေါ်ကြတယ်"

ဟုပြောလေရာ မျက်နှာဖြူမိန်းမသည် အလွန်အံ့သြသွားလေ၏။

မိုးဇာသည် ဆရာကြီးမင်းယက္ခက မိမိအကြောင်းကို ပြောဆိုနေသဖြင့် စိတ်ဝင်တစား နားစွင့်လိုက်၏။ မျက်နှာဖြူမိန်းမသေ ဝမ်းသာအားရဖြင့်

" အို… ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ ရဲမက်တော်ဆိုတဲ့ကောင်က ကျွန်မတို့ အာဏာပိုင်တွေကို အများကြီး ဒုက္ခပေးတယ်၊ သူ့ကြောင့် ကျွန်မတို့ရဲ့အလုပ်တွေ အနှောင့်အယှက်အများကြီးဖြစ်ခဲ့တယ်၊ သူ့လိုလူမျိုးကို ကျွန်မတို့ အရှင်မလိုချင်ဘူး၊ စည်းရုံးနေဖို့ မကြိုးစားတော့ဘူး၊ ဒါကြောင့် တစ်ခါတည်းဖမ်းပြီးတော့ ကျွန်းပို့လိုက်ရင် အကောင်းဆုံးပဲ၊ ဒီတောင်ဟာ အမှုတွေများလွန်းလို့ ကျွန်းတောင် ရောက်မယ်မထင်ဘူး၊ သေဒဏ်ပေးခံရမှာသေချာတယ် "

ဟုပြောလေရာ ဆရာကြီးမင်းယက္ခက မျက်နှာဖြူမကို သဘောကျဟန်ဖြင့် ကြည့်၍

" ဟီး ဟီး… မေရီတို့ စိတ်တိုင်းကျ ရဲမက်တော်ဆိုတဲ့ကောင်ကို ပို့ပေးပါ့မယ်၊ အခုတော့ အစ်ကိုကြီးနဲ့ မေရီ မတွေ့ရတာလည်းကြာပြီ၊ ကုန်သွားတဲ့အချိန်တွေကို အတိုးချပြီး ချစ်လိုက်ကြရအောင်"

ဟုပြောလေရာ မျက်နှာဖြူမက ဆရာကြီးမင်းယက္ခအား ညှို့ငင်အားကောင်းသော မျက်လုံးများဖြင့် ကြည့်ပြီး သူ၏ ဂါဝန်ကို ချွတ်ရန် ကြံလိုက်၏။

မိုးဇာသည် ထိုမြင်ကွင်းကိုဆက်၍မကြည့်လို… တော့ပါဖြင့် အိမ်ကြီးအနောက်ရှိ ခန်းစည်းအကွယ်တွင် စောင့်၍နေလေ၏။





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့်ကြာသောအခါ ဆရာကြီးမင်းယက္ခသည် မျက်နှာဖြူမအား နှုတ်ဆက်၍

" အစ်ကိုကြီးတို့ သာယာဝတီအနီးက ဖားရွှေကျော်ရွာကို ခဏသွားလိုက်ဦးမယ်၊ ညနေစောင်းရင် ပြန်ရောက်လာခဲ့မယ်၊ ဒီတော့မှ မေရီနဲ့ အတိုးချပြီး ချစ်ရဦးမယ် "

ဟုပြောလိုက်ရာ မျက်နှာဖြူမသည် သဘောကျဟန်ဖြင့် ခိုးခိုးခစ်ခစ် ရယ်မောလိုက်လေ၏။

ထို့နောက်တွင်မူ ဆရာကြီးမင်းယက္ခနှင့် တပည့်နှစ်ဦးသည် အိမ်ကြီး၏အပေါ်ထပ်မှ အောက်သို့ဆင်းသွားကြလေ၏။

ခဏကြာလျှင် အိမ်ကြီး၏အခန်းထဲတွင် ပုန်းအောင်းနေသော လူတစ်ဦးထွက်လာလေ၏။

ထိုသူက မျက်နှာဖြူမကို အရိအသေပြု၍

" ဆရာကြီးမင်းယက္ခတို့လူစု ထွက်သွားပြီ၊ ကျွန်တော်တို့ ဘယ်လိုဆက်ပြီး လုပ်ရမလဲ၊ အမိန့်ရှိပါ "

ဟုပြောလိုက်လေ၏။

ထိုအခါ မျက်နှာဖြူမက

" ဒီလူကြီး ဖားရွှေကျော်ရွာ မရောက်မီ ကုလားစစ်ပုလိပ်ရဲ့ အဖမ်းခံရလိမ့်မယ်၊ ဒီလူကြီးရဲ့ မိုက်ဇာတ်သိမ်းသွားပြီပေါ့ "

ဟုပြောသေရာ ထိုသူက မျက်နှာဖြူမကို အံ့ဩဟန်ဖြင့် ကြည့်၍

" ဆရာကြီးမင်းယက္ခကို ဆက်ပြီးတော့ အသုံးပြုဖို့ ရည်ရွယ်ချက် မရှိတော့ဘူးလား "

ဟုမေးမြန်းလေ၏။ ထိုအခါ မျက်နှာဖြူမက အဝေးဆီသို့ ငေးကြည့်လိုက်ပြီး

" ဒီလူကြီးဟာ တော်လှန်ရေးခေါင်းဆောင်ကြီးအနေနဲ့ ထင်ပေါ်ကျော်ကြားတာ နှစ်တွေအတော်ကြာပြီ၊ ဒီလူကြီးကို ဆက်မွေးထားရင် ငါတို့အတွက် အကျိုးယုတ်ရုံပဲရှိမယ်၊ ဒါကြောင့် ဒီလူကြီးကို ကုလားစစ်ပုလိပ်တွေလက်အပ်ပြီး ကြိုးစင်ပို့လိုက်တာ အကောင်းဆုံးပဲ "

ဟုပြောလေ၏။

ထိုအခါ ၄င်းတို့၏ စကားများကို ချောင်းမြောင်းနားထောင်နေသော မိုးဓာသည် မျက်နှာဖြူမ၏ ကောက်ကျစ်ယုတ်မာပုံကို တအံ့တဩ တွေ့မြင်ရလေ၏။

မျက်နှာဖြူမနှင့် မေးမြန်းနေသူက

www.burmeseclassic.com



" ဆရာကြီးမင်းယက္ခဆီမှာ ရဲမက်တော်ဆိုတဲ့ကောင် ရောက်နေတယ်ဆို၊ ဒီကောင့်ကို ဘယ်လိုဆက်လုပ်မှာလဲ "

ဟုပြောလေ၏။ ထိုအခါ မျက်နှာဖြူမိန်းမက ကောက်ကျစ်စွာပြုံးလိုက်ပြီး

" မင်းယက္ခဆိုတဲ့ ကောင်ကြီးကို ကုလားစစ်ပုလိပ်လက်အပ်ပြီးရင် မင်းယက္ခရဲ့စခန်းကိုလည်း ချေချေညက်ညက် ကျေအောင်ချေမှုန်းပစ်မှာပါ၊ ဒီအခါမှာ ရဲမက်တော်ဆိုတဲ့ကောင်လည်း အသက်နဲ့ကိုယ် အိုးစားကွဲမှာသေချာတယ်၊ ကဲ… မင်းကလည်း အမေးအမြန်းထူလိုက်တာ၊ ငါသိပ်ပင်ပန်းနေပြီ၊ ခဏလောက် အနားယူမှဖြစ်မယ် "

ဟုပြောကာ သူမ၏ အိပ်ခန်းအတွင်းသို့ ဝင်သွားပြီး တံခါးကို ဂျက်ချလိုက်လေ၏။

မိုးဇာသည် ထိုအခါမှပင် မျက်နှာဖြူမိန်းမနှင့်အဖွဲ့၏ ရည်ရွယ်ချက်ကို ရိပ်စားမိသွားလေ၏။

ဓေရီဆိုသော မျက်နှာဖြူမသည် တော်လှန်ရေးတပ်သားများအား သုတ်သင်ရှင်းလင်းရန်အတွက် ဆရာကြီး မင်းယက္ခအား နှစ်ဖက်ချွန်အဖြစ် လှူယုံမွေးထားခြင်း ဖြစ်၏။





မျက်နှာဖြူမသည် ဆရာကြီးမင်းယက္ခကို ရှင်းလင်းပြီးလျှင် စခန်းရှိ တော်လှန်ရေးတပ်သားများကို ကုလားစစ်တပ်လွှတ်၍ အပြီးအပိုင် ချေမှုန်းပစ်မှာ သေချာ၏။ မိုးဇာသည် စခန်းတွင် ကျန်ရစ်ခဲ့သော တော်လှန်ရေးတပ်သားများအတွက် အလွန်စိုးရိမ်ပူပန်သွားလေ၏။

ထို့ကြောင့် ကုလားစစ်ပုလိပ်နှင့်ပတ်သတ်သော သတင်းကို ပေးရန်အတွက် စခန်းသို့ အမြန်ဆုံးပြန်ရန် ဆုံးဖြတ်လိုက်၏။

ΔΔΔ



www.burmeseclassic.com

ဤသို့ဖြင့် မိုးဇာသည် ၄င်းတို့၏ တော်လှန်ရေးတပ်စခန်းရှိရာသို့ အရောက်ပြန်ခဲ့၏။

သူသည် တောတောင်အထပ်ထပ်ကို ကျော်ဖြတ်ပြီး စခန်းသို့ရောက်သွားလေ၏။

မိုးဇာ စခန်းသို့ရောက်သောအခါ စခန်းရှိ ခေါင်းဆောင်ငယ်များက မိုးဇာကို ဝိုင်းရံထားလိုက်ပြီး

" ဒီမှာ ရဲမက်တော်၊ ခင်ဗျားက ကျုပ်တို့စခန်းကို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလို ထွက်လို့ရမလား၊ ခင်ဗျားမှာ အရည်အချင်းရှိတယ်ဆိုပြီး ဒီလို စည်းကမ်းမဲ့ အဖြစ်မျိုးတွေ ကျုပ်တို့လက်မခံဘူး၊ ဆရာကြီး မင်းယက္ခလာရင် ခင်ဗျားကို အပြစ်ပေးလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့ရဲ့ဖမ်းဆီးတာကို ခံပါ "





ဟုပြောဆိုလေ၏။

မိုးဇာသည် ၄င်းအား သေနတ်ဖြင့်ချိန်ထားသော ခေါင်းဆောင်ကိုကြည့်၍

" ဒီမှာ ကျုပ်စခန်းကိုပြန်လာတာ အလွန်အရေးကြီးတဲ့သတင်းကိုပေးမလို့ဗျ၊ ခင်ဗျားတို့ ဆရာကြီးမင်းယက္ခလည်း နယ်ချဲ့အစိုးရရဲ့ ဖမ်းဆီးတာကို ခံလိုက်ရပြီ၊ ခင်ဗျားတို့စခန်းကိုလည်း ကုလားစစ်ပုလိပ်တွေ စေ့စေ့ညက်ညက်ချေမှုန်းတော့မယ် "

ဟုပြောလေရာ ခေါင်းဆောင်များအနက် အချို့သောခေါင်းဆောင်များသည် ထိတ်လန့်သွားလေ၏။

သို့သော် မိုးဇာကို သေနတ်ဖြင့် ချိန်ရွယ်ထားသော ခေါင်းဆောင်က ယုံကြည်ဟန်မရှိဘဲ ခေါင်းခါယမ်း၍

" ဟေ့လူ… ဆရာကြီးမင်းယက္ခကို ဘယ်လိုနယ်ချဲ့စစ်ပုလိပ်ကမှ ဖမ်းလို့မရဘူးဗျ၊ ခင်ဗျား ကျုပ်တို့ကို လန့်ကြွတ်သတင်းတွေ လာပေးမနေနဲ့၊ ခင်ဗျားဟာ ရဲမက်တော်ဆိုပြီး ကျုပ်တို့စခန်းကို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် လုပ်နေတယ်၊ ကျုပ်တို့ခေါင်းဆောင်တွေဟာ တော်လှန်ရေးတပ်သားတွေရဲ့ အလယ်မှာ စံပြအဖြစ် နေထိုင်ရမှာဗျ၊ ခင်ဗျားလို စည်းမဲ့ကမ်းမဲ့လာတဲ့လူကို

www.burmeseclassic.com



ဆရာကြီး မင်းယက္ခသိရင်လည်း ခွင့်လွှတ်မှာမဟုတ်ဘူး ”

ဟုပြောလေ၏။

ထိုအခါ မိုးဇာက

“ ဟေ့လူ ခင်ဗျားအတော် မိုက်တွင်းနက်တဲ့လူပဲ၊ ဆရာကြီး မင်းယက္ခဟာ တကယ်တော့ နယ်ချဲ့အလိုတော်ရိကြီး၊ သစ္စာဖောက်ကြီးဗျ၊ ခင်ဗျားတို့အားလုံးကို နယ်ချဲ့လက်ထဲ ထည့်ဖို့ စနစ်တကျ ကြံစည်ထားတာ၊ ဒီအကြောင်းတွေကို ကျုပ်ရှင်းပြမယ် ”

ဟုဆိုကာ ဆရာကြီးမင်းယက္ခနှင့် သူ၏တပည့် နှစ်ဦးနှင့် ပတ်သက်နေသော နောက်ကြောင်းရာဇဝင်ကို ရှင်းလင်းပြလေ၏။

မိုးဇာ၏ စကားကို ခေါင်းဆောင်အချို့က ယုံကြည်ဟန်ရှိသော်လည်း ကျန်လူများက ယုံကြည်ခြင်း မရှိချေ။

BURMESE CLASSIC

မိုးဇာအား သေနတ်ဖြင့် ချိန်ရွယ်သူသည် ဆရာကြီး မင်းယက္ခ၏ လူယုံဖြစ်၏။

၎င်းသည် မိုးဇာ၏စကားကို မည်သို့မျှ လက်ခံခြင်းမရှိချေ။ ထို့ကြောင့်

“ ဟေ့လူ… ခင်ဗျားက ကျုပ်တို့ဆရာကြီးနဲ့ တော်လှန်ရေး တပ်သားတွေကို ရန်တိုက်ပေးတဲ့လူပဲ၊ ခင်ဗျားလို လူမျိုးကို





ဒီလောကမှာ အရှင်ထားလို့တောင် မကောင်းဘူး ”

ဟုဆိုကာ မိုးဇာအား သေနတ်ဖြင့်ပစ်ခတ်ရန် ချိန်ရွယ်လိုက်၏။

အမှန်စင်စစ် ထိုခေါင်းဆောင်များသည် ဆရာကြီးမင်းယက္ခ၏ လူယုံများဖြစ်သဖြင့် ၎င်းတို့၏လျှို့ဝှက်ချက်အတွက် မိုးဇာအား အပြတ်ရှင်းရန် ကြံစည်လိုက်၏။

မိုးဇာသည် အန္တရာယ်ကျရောက်နေသဖြင့် မြေပေါ်တွင်ရှိနေသော ခဲလုံးတစ်လုံးကို ခြေဖြင့် ခတ်တင်လိုက်ရာ ထိုခဲလုံးသည် သေနတ်ဖြင့် ချိန်ထားသော ရန်သူ၏နဖူးအား ထိမှန်သွားပြီး ရန်သူသည် အားခနဲအော်၍ မြေပေါ်သို့ လဲကျသွားလေ၏။

မိုးဇာသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ တစ်ဝတ်လှမ်းထိုး၍ ရန်သူနှစ်ဦး၏ အနီးသို့ ရောက်ရှိသွားလေ၏။

ရန်သူများသည် လျှင်မြန်လွန်းသော မိုးဇာကို အံ့အားတကြည့်ရှုနေစဉ် မိုးဇာ၏ အနီးကပ်တိုက်ကွက်များကို ခံရလေလိုက်ရ၏။

ရန်သူသုံးယောက်ကို အနိုင်ယူပြီးသောအခါ ကျန်သော ခေါင်းဆောင်များသည် မိုးဇာအား တိုက်ခိုက်ခြင်းမပြုဘဲ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တစ်ဦးက ရှေ့သို့တိုးလာကာ

" ဒီမှာ ရဲမက်တော်ကြီး၊ ဆရာကြီးမင်းယက္ခဟာ နယ်ချဲ့

အလိုတော်ရိဆိုတာ အမှန်ပဲလား "

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ မိုးဇာက တော်လှန်ရေးခေါင်းဆောင်များအား

ဖြစ်ကြောင်းကုန်စင်ကို စီကာပတ်ကုံး ပြောပြလိုက်လေတော့၏

တော်လှန်ရေးခေါင်းဆောင်များသည် ဆရာကြီးမင်းယက္ခ၏

အကြောင်းကို ကြားသောအခါ မယုံနိုင်အောင် ဖြစ်ကြ၏။ တော်လှန်

ရေးခေါင်းဆောင်တစ်ဦးက

" ကျုပ်တို့စခန်းကြီးနဲ့မတ်သက်လို့ စိတ်ထဲမှာ တစ်

တစ်မည် ခံစားနေရတာ ကြာပြီဗျ၊ ကျုပ်တို့ တောကြီးထဲမှာ

စခန်းချထားတာကို နယ်ချဲ့အစိုးရက ရိပ်စားမိနိုင်တယ်၊ နယ်ချဲ့

စစ်ပုလိပ်တွေ အလုံးအရင်းနဲ့ ချီတက်ပြီး တိုက်ခိုက်မယ်ဆိုရင်

ကျုပ်တို့ရဲ့စခန်းဟာ ပြိုကွဲသွားမှာပဲ၊ နယ်ချဲ့တွေကို ဘယ်လို

တွန်းလှန်နိုင်ဖို့မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ကျုပ်တို့စခန်းကို နယ်ချဲ့

စစ်ပုလိပ်တွေ ထိုးစစ်ဆင်တာ တစ်ကြိမ်မှမရှိဘူး၊ ဟိုးအရင်တုန်း

ကတော့ ဆရာကြီးမင်းယက္ခရဲ့ အင်းအိုင်၊ လက်ဖွဲ့တွေရဲ့အစွမ်း





ကြောင့်လို့ထင်နေတာ၊ အခုတော့ အကြောင်းစုံသိလိုက်ရပြီ၊ ရဲမက်တော်ကြီးပြောသလိုဆိုရင် ကျုပ်တို့စခန်းမှာ နယ်ချဲ့စစ်ပုလိပ်တွေရဲ့ အန္တရာယ်နဲ့ကြုံတွေ့တော့မှာပဲ၊ ကျုပ်တို့အားလုံး ဒီစခန်းကနေ အမြန်ဆုံး လူစုခွဲပြီး ထွက်ခွာမှဖြစ်တော့မယ် "

ဟုပြောလေ၏။

ထိုအခါ မိုးဇာက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒီစခန်းမှာရှိတဲ့ တပ်သားတွေအားလုံးကို ကျုပ်တို့ အမြန်ဆုံး အသိပေးမှဖြစ်မယ် "

ဟုဆိုကာ မိုးဇာကိုယ်တိုင် တော်လှန်ရေးတပ်သားများအားလုံးကိုခေါ်ယူ၍ နယ်ချဲ့စစ်ပုလိပ်များ၏ အန္တရာယ်အကြောင်းကို ပြောဆိုလေ၏။

တော်လှန်ရေးတပ်သားများသည် မိုးဇာ၏စကားကို မယုံနိုင်အောင်ဖြစ်ကြ၏။

ဆရာကြီးမင်းယက္ခက လွန်စွာယုံကြည်ကိုးစားသူများသည် မိုးဇာ၏စကားသည် မဖြစ်နိုင်ဟူ၍ပင် ထင်မြင်ချက်ပေးကြ၏။

တော်လှန်ရေးတပ်သားများ မယုံသကဲ့သို့မဖြစ်စေရန် ခန်းရှိသူများတို့ ယုံကြည်လောက်သော တော်လှန်ရေးခေါင်းဆောင်အချို့က



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တောက်ခံကြ၏။

ဆရာကြီးမင်းယက္ခ၏ လူယုံသုံးယောက်မှာလည်း မိုးစေအား မယှဉ်နိုင်သဖြင့် ၎င်းတို့၏အပြစ်များကိုဝန်ခံပြီး ဆရာကြီးမင်းယက္ခနှင့် အတူ မှားယွင်းခဲ့ဖူးကြောင်း ဝန်ခံလေ၏။

ထိုအခါမှပင် မိုးစေက

" ကျုပ်တို့အားလုံး တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ အချိန်မှာ အခုလို လူစုခွဲရတာ ဆုံးရှုံးနစ်နာမှုကြီးတစ်ခုပါပဲ၊ ဒါပေမဲ့ ဒီစခန်းကြီးမှာပဲ ဆက်ပြီးနေထိုင်မယ်ဆိုရင် ကုလားစစ်ပုလိပ်တွေရဲ့ ဖြိုခွင်းတာကို ခံရလိမ့်မယ်၊ ဒါကြောင့် ကျုပ်တို့အားလုံး အမြန်ဆုံး လူစုခွဲကြမယ်၊ တိုင်းပြည်နဲ့လူမျိုးအတွက် လိုအပ်လာတဲ့အချိန် ရောက်ရင် ကျုပ်တို့ ဘယ်အရပ်ကိုပဲရောက်နေရောက်နေ အမြန်လာ ပြီး စုစည်းကြရမယ်"

ဟုပြောကာ တော်လှန်ရေးတပ်သားများကို လူစုခွဲရန် ပြောဆို လိုက်လေ၏။

ထိုအခါတော်လှန်ရေးတပ်သားများသည် ၎င်းတို့၏ အတွဲ အပိုင်းများကို အလျှင်အမြန်သယ်ယူ၍ စခန်းမှ လူစုခွဲ၍ ထွက်ခွာ သွားလေ၏။





မိုးစေသည် တောင်ကုန်းကြီးပေါ်တွင် တစ်ကိုယ်တည်းထိုင်၍ တစ္ဆေ့စွေ့ထွက်ခွာသွားသော တော်လှန်ရေးတပ်သားများကိုကြည့်၍ တိုင်းပြည်၏အနာဂတ်အတွက် ရင်လေးနေမိ၏။

သူသည် မင်းညီမင်းသားတစ်ဦးဖြစ်သော်လည်း နန်းတွင်း တွင် နေထိုင်စဉ်ကာလများကို မေ့ပျောက်ထားခဲ့လေ၏။

ငယ်စဉ်က နန်းတွင်း၌ နေထိုင်စဉ်က အရပ်သားများ၏ ဘုရားထူးခံဖြစ်ခဲ့ပြီး ရှိခိုးပူးမျှော်ခြင်းကို ခံခဲ့ရ၏။ ထ

ခုတော့ သူသည် သာမန်အရပ်သားတစ်ဦးနှင့် ဗည်သို့မျှ ခြားနားခြင်းမရှိတော့ချေ။

မိုးစေသည် တိုင်းပြည်ကြီး လွတ်မြောက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ရန် မိခင်နှင့်လမ်းခွဲထွက်ခဲ့ပုံကို သတိရ၏။

ယခု ဆရာကြီးမင်းယက္ခ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခဲ့ သဖြင့် တော်လှန်ရေးတပ်သားပေါင်းများစွာ၏ အသက်များစွာကို လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့၏။

သူသည် ဆရာကြီးမင်းယက္ခနှင့် တိုက်တိုက်ဆိုင်ဆိုင်တွေ့ဆုံခဲ့ရာ ဖြစ်ခဲ့သော မျက်နှာဖြူမထံသို့ သွား၍ ၎င်းတို့၏ လျှို့ဝှက်သော



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်များကိုစုံစမ်းရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် တော်လှန်ရေး တပ်စခန်းကြီးမှ ထွက်ခဲ့လေ၏။ သူသည် မျက်နှာဖြူမနှင့် ဆရာကြီးမင်းယတွ တွေ့ဆုံရာ သာယာဝတီမြို့ရှိ ပျော်ပွဲစားရုံကြီးသို့ ထွက်ခဲ့၏။

ထိုပွဲပျော်စားရုံကြီးသို့ရောက်သောအခါ ဝင်ရောက် စားသောက်လေ၏။ ထိုသို့ စားသောက်ရင်း မျက်နှာဖြူမ၏ အရိပ်အခြေကို စုံစမ်းလေ၏။

ထိုအခါ ဆိုင်၌ မျက်နှာဖြူမ၏ အရိပ်အယောင်ကို မမြင်ရချေ။

ထိုသို့စောင့်ကြည့်ရင်း ဆိုင်ရှေ့တွင် အလုပ်သမား အလိုရှိကြောင်း ရေးသားထားသော ဆိုင်းဘုတ်ကို မြင်ရလေ၏။

မိုးဇာသည် ဆိုင်တွင် ဝင်ရောက်လုပ်ကိုင်ပြီး မျက်နှာဖြူမ အကြောင်းကို စုံစမ်းရန် ဆုံးဖြတ်လိုက်၏။

သူသည် ဆိုင်၌တာဝန်ရှိသော လူကြီးတစ်ဦးထံသို့သွား၍ အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်လိုကြောင်း ပြောဆိုလေ၏။

ထိုအခါ လူကြီးက

"အလုပ်သမားအလိုရှိတယ်ဆိုတာ ဆိုင်ရဲ့သန့်ရှင်းရေးကို





လုပ်ရမှာကွ၊ ဆိုင်အတွင်းအပြင် သန့်ရှင်းရေးတွေ အကုန်လုံးကို လုပ်ရမယ်၊ ပျင်းရိလို့တော့ မရဘူးနော် "

ဟုပြောလေ၏။ မိုးဇာသည် လူကြီး၏ စကားကြောင့် တစ်ကြိမ်တစ်ခါမျှ မလုပ်ဖူးသော အလုပ်များကို လုပ်ကိုင်ရန် နောက်တွန့်သလို ဖြစ်သွား၏။

သူသည် မင်းညီမင်းသားတစ်ဦးဖြစ်သဖြင့် သန့်ရှင်းရေး အလုပ်များကို လုပ်ကိုင်ခဲ့ဖူးခြင်း မရှိချေ။

* သို့သော် တိုင်းပြည်နှင့်လူမျိုး၏ နောင်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်လုပ်ကိုင်မည်ဟု ဆုံးဖြတ်ထားသဖြင့် သန့်ရှင်းရေးအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့လေ၏။

သူသည် မနက်စောစောထ၍ ဆိုင်ပတ်ဝန်းကျင်ရှိ အမှိုက်များကို လှဲကျင်းရ၏။ မိုးဇာနှင့်အတူ ကူညီလုပ်ကိုင်ပေးသော အသက်ဆယ်နှစ်အရွယ် လူငယ်လေးတစ်ဦးရှိ၏။

မိုးဇာသည် ထိုလူငယ်လေးအား မျက်နှာဖြူမနှင့်ပတ်သက်ပြီး မေးမြန်းစုံစမ်းလေ၏။

ထိုအခါ မျက်နှာဖြူမသည် ပျော်ပွဲစားရုံကြီးသို့ နှစ်ပတ်၊ သုံးပတ် တစ်ကြိမ်လာရောက်တတ်ကြောင်း ပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဇာသည် မျက်နှာဖြူမကို စောင့်ကြိုရင်း ဆိုင်၌ သန့်ရှင်းရေး အလုပ်များကို လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်လေ၏။

ဤသို့ဖြင့် မိုးဇာသည် မင်းညီမင်းသားတစ်ဦးဖြစ်သော်လည်း အောက်ခြေသိမ်းအလုပ်များကို လုပ်ကိုင်ရင်း အချိန်ကုန်လွန်ခဲ့ရလေ၏။

ထိုဆိုင်တွင် ပင်ပန်းကြီးစွာ လုပ်ကိုင်ရင်း သုံးလပြည့်သော အခါ ဆိုင်သို့ မျက်နှာဖြူမ ပြန်လည်ရောက်ရှိလာကြောင်းတွေ့ရ၏။

မျက်နှာဖြူမနှင့်အတူ လွှမ်းစွာယောက်ျားပီသ၍ ဥပဓိရုပ် ကောင်းမွန်သော မြန်မာယောက်ျားတစ်ဦးလည်း ရောက်ရှိလာ၏။

မျက်နှာဖြူမနှင့် မြန်မာယောက်ျားသည် ကားတစ်စီးထဲ၌ အတူယှဉ်တွဲ၍ စီးလာခြင်းဖြစ်၏။

မျက်နှာဖြူမနှင့် ထိုယောက်ျားသည် ဆိုင်၏ အပေါ်ထပ်သို့ ဦးဆောင်၍ တက်သွားလေ၏။ မိုးဇာသည် ထိုအချိန်မှစ၍ ထိုယောက်ျားနှင့် မျက်နှာဖြူမ၏ အကြောင်းကို စုံစမ်းရန် ကြံစည်ခဲ့လေ၏။

မိုးဇာသည် ထိုနေ့ညသို့ရောက်သောအခါ လူသူအရိပ်အခြေ ကိုကြည့်၍ဆိုင်၏ အပေါ်ဆုံးထပ်သို့ ခိုးတက်ခဲ့လေ၏။





အပေါ်ဆုံးထပ်၌ လူသူကင်းရှင်းနေပြီး မီးရောင်မှိန်မှိန် လင်းလက်နေလေ၏။

မျက်နှာဖြူမနှင့် မြန်မာယောက်ျားသည် ကျယ်ဝန်းသော ဝရန်တာကြီး၌ ကုလားထိုင်တစ်လုံးစီဖြင့် စကားဖောင်ဖွဲ့နေကြ၏။

မိုးဇာသည် ဝရန်တာတံခါးအနီးသို့ တိတ်တဆိတ် တိုးကပ်သွားပြီး ၎င်းတို့၏ပြောစကားများကို နားထောင်လေ၏။ ထိုအခါ မျက်နှာဖြူမက

" မင်းယက္ခကြီးကိုတော့ ကျွန်မရှင်းပစ်လိုက်ပြီ၊ ဒီလူကြီး မကြာမီ ကြိုးဒဏ်ကျတော့မယ် "

ဟု ပြောလေ၏။

ထိုအခါ မြန်မာယောက်ျားက

" သိပ်ကောင်းတဲ့အကြံအစည်ပဲ မေရီ၊ မင်းယက္ခကြီးက ဒီနယ်တစ်ကြောမှာ အတော်လူသိများ ထင်ရှားနေပြီ ကျုပ်လည်း မင်းယက္ခကြီးကို တော်လှန်ရေးခေါင်းဆောင်တစ်ဦးအနေနဲ့ဆက်ပြီး ရှင်သန်ခွင့်မပေးချင်တော့ဘူး "

ဟု ပြောလေ၏။

ထိုအခါ မေရီဆိုသော အမျိုးသမီးက



www.burmeseclassic.com

" မင်းယက္ခကြီး မရှိတော့ဘူး၊ ကျွန်မတို့ နောက်တစ်ယောက် ထပ်ပြီးတင်မှဖြစ်မယ်၊ ဒီလူဟာ အရည်အချင်း မရှိရုံမကဘူး၊ မင်းယက္ခကြီးလို ကောက်ကျစ်စဉ်းလဲတဲ့ စိတ်ဓာတ်မျိုးလည်း ရှိမှဖြစ်မယ် "

ဟု ပြောလေ၏။

ထိုအခါ မြန်မာယောကျ်ားက

" ဒီအတွက်မပူပါနဲ့ မောင်မောင်ကြီးအကြောင်း သိတယ်မဟုတ်လား၊ ကျုပ်က ဘယ်လိုလူမျိုးနဲ့သင့်မယ်ဆိုတာ ရွေးချယ်တတ်ပါတယ်၊ လောလောဆယ်ကျုပ်မျက်လုံးထဲမှာ မြင်ထားတာ သုံးယောက်ရှိတယ်၊ သူတို့ထဲကတစ်ယောက်ကို တော်လှန်ရေးခေါင်းဆောင်အဖြစ် ကျုပ်တို့တင်ရမယ် "

ဟု ပြောလေ၏။

ထိုအခါ မျက်နှာဖြူမက

" ရှင်သိပ်တော်တာပဲ၊ ဒါကြောင့်လည်း ရှင့်ကိုကျွန်မတို့က အားကိုးနေရတာပေါ့၊ ဒါနဲ့နေပါဦး၊ ဘာဖြစ်လို့တော်လှန်ရေးသမားတွေကို မုန်းတီးနေရတာလဲ၊ ရှင်ဟာ မြန်မာတစ်ယောက်မဟုတ်ဘူးလား "





ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ဥပမိရုပ်ခန့်ညားသော မြန်မာယောကျ်ားက စားပွဲပေါ်ရှိ အရက်တစ်ခွက်ကို မော့သောက်လိုက်ရင်း

" ဘာလဲ၊ ကျုပ်ကိုမျိုးချစ်စိတ်မရှိဘူးလို့ ဆိုလိုတာလား၊ ဒီအမျိုးချစ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကပဲ ကျုပ်အမေကို သေအောင်လုပ်ခဲ့တာဗျ၊ ကျုပ်ဟာ မြန်မာနန်းတွင်းမှာနေထိုင်ခဲ့တဲ့ မင်းဆွေမင်းမျိုးတစ်ယောက်ပါပဲ၊ ဒါပေမဲ့ သီပေါမင်း ပါတော်မူပြီးတဲ့နောက်မှာ မြန်မာပြည်အရပ်ရပ်က မျိုးချစ်ခေါင်းဆောင်တွေဟာ ခင်ဗျားတို့ကို တော်လှန်ကြတယ်၊ ဒီလိုတော်လှန်ရင်းနဲ့ နှမော်နမဲ့ တော်လှန်ရေးသမားတွေကတော့ မနာမကျန်းဖြစ်ပြီး ဆေးကုဖို့ ထွက်လာတဲ့ ကျုပ်ရဲ့မယ်တော်ကို နယ်ချဲ့စစ်ပုလိပ်တွေနဲ့မှားပြီး ပစ်ခတ်ခဲ့မိတယ်၊ ဒါကြောင့် ကျုပ်ရဲ့မယ်တော်ဟာ အပြစ်မရှိဘဲ အသက်ဆုံးခဲ့ရတယ်၊ ဒီအချိန်ကစပြီး တော်လှန်ရေးသမားဆိုတဲ့ ပုဂ္ဂိုလ်တွေကို မုန်းတီးနာကြည်းခဲ့တယ်၊ ကျုပ်ဟာ မြန်မာမျိုးချစ်ခေါင်းဆောင်တွေနဲ့ ယှဉ်ရင် ခင်ဗျားတို့အစိုးရကို နှစ်သက်တယ်၊ အင်္ဂလိပ်အစိုးရဟာ နေမဝင်အင်ပါယာရှင်တွေဆိုပြီးတော့ အုပ်ချုပ်ရေးအတွေ့အကြုံတွေ အများကြီးရှိတယ်၊ နိုင်ငံပေါင်းစုံ ကိုလိုနီပြုလာခဲ့တဲ့

www.burmeseclassic.com



အတွက် အဲဒီနိုင်ငံတွေထက် ပိုပြီးအတွေ့အကြုံတယ်၊ ဒါကြောင့် ခင်ဗျားတို့အစိုးရကို ကျူပ်ပိုပြီးတော့ နှစ်သက်သဘောကျတာပဲ”

ဟု ပြောလိုက်ရာ မြန်မာယောက်ျားက မျက်နှာဖြူမိန်းမကို သဘောကျဟန်ဖြင့်ကြည့်၍

“ ခင်ဗျားရဲ့တစ်ကိုယ်လုံးမှာ မလှတဲ့နေရာ တစ်နေရာမှ မရှိဘူး၊ အားလုံးဟာ အပြစ်ပြောစရာ မရှိအောင်လှတယ်၊ ခင်ဗျားလို မိန်းမမျိုး ကျူပ်တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဖူးဘူး”

ဟု ပြောလိုက်ရာ မျက်နှာဖြူမိန်းမသည် သဘောကျဟန်ဖြင့်

“ ဒါဆိုရင် ရှင့်ကိုဒီထက်ပိုပြီး ကျွန်မကို သဘောကျသွားဖို့၊ အစီအစဉ်လေးတွေ လုပ်ထားတယ် ”

ဟု ပြောကာ မြန်မာယောက်ျားကို လက်တွဲခေါ်၍ အိမ်ကြီးထဲသို့ဝင်ရောက်လာလေ၏။ ထို့နောက် အိပ်ခန်းထဲသို့ဝင်ကာ ခုတင်ပေါ်သို့ ယှဉ်တွဲအိပ်လိုက်ကြ၏။

မိုးဇာသည် ၎င်းတို့၏စကားကို နားမထောင်တော့ဘဲ အောက်ထပ်သို့ ပြန်၍ဆင်းခဲ့လေ၏။

မိုးဇာသည် ထိုအချိန်မှစ၍ အခွင့်အရေးရသည့်အချိန်တိုင်း ပျော်ပွဲစားရုံ၏ အပေါ်ထပ်သို့တက်၍ မျက်နှာဖြူမိန်းမနှင့် မြန်မာ





ယောက်ျား၏အကြောင်းကို စုံစမ်းလေ၏။ ၎င်းတို့သည် ညားခါစ လင်မယားကဲ့သို့ ပျော်ပွဲစားရုံကြီး၌ ပျော်ရွှင်စွာ နေထိုင်ကြောင်း တွေ့ရ၏။

သုံးရက်မြောက်သောနေ့တွင် သူတို့နှစ်ဦးစလုံး လမ်းခွဲထွက်ရန် ပြင်ကြ၏။

မျက်နှာဖြူမိန်းမက လမ်းခွဲထွက်ခါနီးတွင်

“ ရှင်နဲ့ နောက်တစ်ကြိမ်ပြန်တွေ့ဖို့ အချိန်အရှားကြီးကြာလိမ့်မယ် ”

ဟု ပြောလေရာ မြန်မာယောက်ျားက မျက်နှာဖြူမိန်းမကို မခွဲနိုင်ချင်ဟန်ဖြင့်

“ ကိုယ်တို့အကြာကြီး ခွဲနေရဦးမှာလား ”

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ မျက်နှာဖြူမိန်းမက သက်ပြင်းချ၍

“ ကျွန်မအစ်ကို့ရဲ့အမိန့်နဲ့ ကျွန်မ အင်္ဂလန်ကိုပြန်ရဦးမယ်”

ဟု ပြောလေ၏။

ထိုအခါ မြန်မာယောက်ျားက

“ မင်းလိုလူမျိုးကို အမိန့်ပေးနိုင်တဲ့ လူမျိုးလည်းရှိသေးတာ



www.burmeseclassic.com

ဘဲ ''

ဟု ပြောလေ၏။

ထိုအခါ မျက်နှာဖြူမိန်းမက

'' ဘုရင်ခံကိုယ်တိုင် အမိန့်ပေးမှတော့ ကျွန်မ ဘယ်လိုလုပ်ငြင်းလို့ရမှာလဲ၊ မသွားချင်လည်း သွားရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်မ မြန်မာပြည်ကိုရောက်နေတာ ငါးနှစ်ရှိပြီ၊ အင်္ဂလန်ကို ခဏတော့ ပြန်ချင်သေးတယ် ''

ဟုပြောလေရာ ၎င်းတို့၏စကားကို ချောင်းမြောင်းနားထောင်နေသော မိုးဇာသည် မျက်လုံးပြူးသွားလေ၏။

မျက်နှာဖြူမိန်းမသည် ဘုရင်ခံကတော်၏ ညီမဆိုပါလား။ မျိုးချစ်ခေါင်းဆောင်များကို သုတ်သင်ရှင်းလင်းရန်အတွက် ဘုရင်ခံကတော်၏ ညီမကိုယ်တိုင် စီမံကိန်းချ၍ ဝင်ရောက်ပတ်သက်နေ၏။

မိုးဇာသည် မျိုးချစ်ခေါင်းဆောင်များ၏ အန္တရာယ်အတွက် အလွန်စိုးရိမ်ပူပန်သွားမိ၏။

တော်လှန်ရေးခေါင်းဆောင်များသည် တိုင်းပြည်၏အနာဂတ်ကို ဖော်ဆောင်မည့်သူများဖြစ်၏။ ထိုသူများအား အန္တရာယ်မှ ကာကွယ်ပေးရန် ဆုံးဖြတ်လိုက်၏။





မျက်နှာဖြူမသည် နောက်တစ်နေ့တွင် သူမ၏လှပသော အနက်ရောင်ကားကြီးနှင့် မြို့မှ ပြန်လည်ထွက်ခွာသွားလေ၏။

မောင်မောင်ကြီးမှာလည်း ထိုနေ့ညနေမှာပင် ပျော်ပွဲစားရုံမှ ပြန်လည်ထွက်ခွာသွားလေ၏။

မိုးဇာသည် အမှိုက်လှည်းနေရာမှ မောင်မောင်ကြီး၏ နောက်ကျောသို့ ကြည့်၍

'' သစ္စာဖောက်ကြီး၊ ခင်ဗျားကို လူပြည်မှာ ကြာကြာထားလို့ မဖြစ်တော့ဘူး၊ ခင်ဗျားရှိနေသရွေ့ ကျုပ်တို့တိုင်းပြည်က သူရဲကောင်းတွေ ဆုံးရှုံးတော့မှာပဲ၊ ခင်ဗျားကြီး ထမင်းဝဝသာ စားထားပေတော့ ''

ဟု ကြုံးဝါးလိုက်လေ၏။

△△△

www.burmeseclassic.com



မိုးဇာသည် ပျော်ပွဲစားရုံတွင် စားပွဲထိုးအဖြစ် ဆက်လက်မလုပ်ကိုင်တော့ဘဲ အလုပ်ထွက်လိုက်လေ၏။ မိုးဇာသည် ပျော်ပွဲစားရုံမှ ထွက်ခဲ့ပြီးနောက် မောင်မောင်ကြီးအကြောင်းများကို စဉ်းစားနေလေ၏။

မောင်မောင်ကြီးသည် တော်လှန်ရေးသမားများစွာကို ဒုက္ခပေးခဲ့သူဖြစ်၏။

မောင်မောင်ကြီးအား တရားဥပဒေအရ အရေးယူရန်လည်း မဖြစ်နိုင်ချေ။ မောင်မောင်ကြီးသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ဆူးငြောင့်ခလုတ်ပင်ဖြစ်၏။





ထို့ကြောင့် မောင်မောင်ကြီးအား ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် အပြတ်ရှင်းလင်းပစ်ရန် ဆုံးဖြတ်လိုက်၏။

မောင်မောင်ကြီးကို သုတ်သင်ရှင်းလင်းလိုက်ခြင်းအားဖြင့် နယ်ချဲ့များ၏ လက်ရုံးတစ်ဖက် ပြုတ်သွားသကဲ့သို့ ရှိပေလိမ့်မည်။ မောင်မောင်ကြီးသည် ရန်ကုန် မင်္ဂလာဒုံဘက်တွင် နေထိုင်သည်ဟု ကြားသိရ၏။

မောင်မောင်ကြီး၌ လက်မရွံ့ တပည့်ပေါင်းများစွာ ရှိကြောင်းလည်း သိရ၏။

မည်သို့ပင်ဖြစ်စေ မောင်မောင်ကြီးအား တိုင်းပြည်အေးချမ်းရေးအတွက် သုတ်သင်ရှင်းလင်းရပေတော့မည်။

မိုးဇာသည် မောင်မောင်ကြီးအား ရှင်းလင်းရန်အတွက် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့လေ၏။ သူသည် ရန်ကုန်မြို့သို့ရောက်သောအခါ မောင်မောင်ကြီးနေထိုင်သော မင်္ဂလာဒုံဘက်ရှိ ခြံကြီးဆီသို့ သွားရောက်ကြည့်ရှု၏။

ထိုအခါ မောင်မောင်ကြီး၏ခြံသည် အလွန်ခိုင်ခံ့ပြီး အချို့တံတိုင်းများ ကာရံထားကြောင်း တွေ့ရ၏။

မောင်မောင်ကြီး၏ခြံကြီးသည် လွန်စွာကျယ်ဝန်းပြီး အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



၏ အနောက်တွင်လည်း အလုပ်သမားများ နေထိုင်သော တန်းလျားများ ရှိ၏။

ထိုတန်းလျားများ၌ မောင်မောင်ကြီး၏ လက်မရှိတပည့်များ နေထိုင်ပုံရ၏။

မိုးဇာသည် ရွှေတိဂုံဘုရားကြီးအား ဖူးမြော်ရင်းမောင်မောင်ကြီးအား လုပ်ကြံနိုင်မည့်နည်းလမ်းများကို စဉ်းစားဆင်ခြင်လေ၏။

ထိုအခါ မောင်မောင်ကြီးကို လုပ်ကြံသတ်ဖြတ်ရန် မလွယ်ကူဘဲ အချိန်ယူရမည်ဖြစ်ကြောင်း တွေးမိ၏။

ထို့ကြောင့် ရန်ကုန်မြို့တွင် နေထိုင်စားသောက်ရန်အတွက် အလုပ်တစ်ခု ရှာဖွေရ၏။

မိုးဇာသည် ရန်ကုန်မြို့ထဲတွင် လှည့်လည်၍ စားဝတ်နေရေးအတွက် အလုပ်ရအောင် ရှာကြံလေ၏။

ထိုသို့ရှာဖွေရင်း သဃ်န်းကျွန်းဘက်တွင် နေထိုင်သော လူချမ်းသာကြီးတစ်ဦး၏ ရထားလုံးမောင်းသော အလုပ်ရရှိ၏။

မိုးဇာသည် မြင်းနှင့်ပတ်သက်ပြီး နယ်တွင်း၌ နေထိုင်စဉ်ကပင် ကောင်းစွာ ကျွမ်းကျင်သူဖြစ်သဖြင့် ရထားလုံးမောင်းသောအလုပ်သည် ခက်ခဲခြင်းမရှိချေ။





လူချမ်းသာကြီးသည် ငှင်းပိုင်ဆိုင်သော ရထားလုံးနှစ်စီးရှိ၏။ ထိုနှစ်စီးအနက် မိုးဇာအား တစ်စီးကို မောင်းခိုင်း၏။ မိုးဇာသည် ရထားလုံးမောင်းသောအလုပ်ကို လုပ်ကိုင်ရင်း လူချမ်းသာကြီး၏ ခြံဝန်းထဲ၌ နေထိုင်ခွင့်ရလေ၏။

မိုးဇာနှင့်အတူအခြားသော ရထားလုံးတစ်စီးကို မောင်းနှင်သူမှာလည်း ထိုခြံ၌ပင် နေထိုင်ရ၏။

ထိုသူ၏အမည်မှာ မောင်မဲဟူ၍ဖြစ်ပြီး အလွန်သတ္တိကြောင်သော အညာသားတစ်ဦးဖြစ်၏။

မောင်မဲသည် ရထားလုံးမောင်းသောအလုပ်ကို လုပ်ကိုင်သော်လည်း ငှင်းအား အနိုင်ကျင့်ပြီး ပိုက်ဆံမပေးဘဲ စီးသူများလှ၏။

လူမိုက်များသည် မောင်မဲထံမှ ရထားလုံးမောင်းနှင်ခများကို လုယက်၍ ယူငင်လေ့ရှိ၏။

မောင်မဲသည် ငှင်း၏ငွေများကို မကြာခဏ လုယက်ခံရကြောင်း ရထားလုံးကိုစီးပြီး ပိုက်ဆံပေးမသွားကြောင်း ညည်းညူတတ်၏။

△△△



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မိုးစာသည် ကန်တော်ကြီးစောင်းမှ ရထားလုံး မောင်းရင်း ပြန်ခဲ့စဉ် ၎င်း၏ရ  းလုံးကို လူငါးယောက်က တားဆီး လိုက်၏။

ထိုသူများ၏ အမူအရာမှာ ရိုင်းပျပြီး လူမိုက်များဖြစ်ပုံရ၏ ထိုသူများအနက် သန်မာထွားကျိုင်းသော လူတစ်ဦးက ရထားလုံး ရှေ့တွင် တားဆီး၍ ရပ်လိုက်ပြီး

" ဒီရထားလုံးက သဃ်န်းကျွန်းက ကိုဖိုးတုတ်ရဲ့ရထားလုံး မဟုတ်လား "

ဟုမေးမြန်းလေ၏။





ထိုအခါ မိုးစာက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒီရထားလုံးရဲ့ပိုင်ရှင်က ကိုဖိုးတုတ်ပဲ၊ င်များတို့ ဘာလုပ်ချင်လို့လဲ "

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ လူမိုက်များက

" ကိုဖိုးတုတ်ရဲ့ ရထားလုံးကို မောင်းတဲ့ မောင်မဲဆိုတဲ့ ညာသားကို မင်းသိတယ်မဟုတ်လား၊ ဒီကောင်ဟာ ငါတို့ကို အစဉ် ရထား ေမောင်းနှင်ခအဖြစ် ငွေသုံးကျပ်ပေးလေ့ရှိတယ်၊ င်းလည်း မောင်မဲလို ပေးရမယ် "

ဟု အနိုင်ကျင့်ပြီး တောင်းလေ၏ မိုးစာသည် ၎င်းအား ယက်ရန် ကြိုးစားသော လူမိုက်များကိုကြည့်၍ သက်ပြင်းချ ိုက်ပြီး

" ဘာဖြစ်လို့ သူတစ်ပါး ဝင်ဝင်ဝန်းဝန်း ရှာဖွေထားတဲ့ ငွေကို မတရားလိုချင်ရတာလဲ၊ မင်းတို့မှာ ခြေတွေလက်တွေ ပါဘူးလား၊ မင်းတို့လို ဘာမဟုတ်တဲ့ကောင်တွေကြောင့် ငါတို့ မြန်မာလူမျိုးတွေ အရှက်သိတ္တာကျရတယ်၊ မင်းတို့ တကယ် သတ္တိရှိရင် တိုင်းပြည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ မိုက်ကြေးခွဲတဲ့အလုပ်ကို လုပ်နေတာလဲ ''

ဟုပြောလိုက်ရာ လူမိုက်များ၏ ခေါင်းဆောင်က လက်သီးဆုပ်၍

'' ဟေ့ကောင် စကားမရှည်နဲ့၊ မင်းပိုက်ဆံပေးမလား မပေးဘူးလား ''

ဟု မေးမြန်းလိုက်လေ၏။

မိုးစာသည် လူမိုက်များအား မဆုံးမလျှင် မဖြစ်တော့သဖြင့် ရထားလုံးပေါ်မှ ခုန်ဆင်းကာ ဝင်ရောက်တိုက်ခိုက်လေ၏။

လူမိုက်များသည် တိုက်ခိုက်ရေးပညာရှင်တစ်ဦးကို မယှဉ်နိုင်ဘဲ နောက်ဆုံးတွင် ထိုနေရာမှ ထွက်ပြေးသွားလေတော့၏။

ထိုအခိုက်မှာပင် အနီးသို့ အညာသားမောင်မဲ၏ ရထားလုံးရောက်ရှိလာပြီး မိုးစာ၏ တိုက်ခိုက်ဟန်ကိုကြည့်၍

'' အမလေး... သတ္တိကောင်းလိုက်တာဗျာ၊ လူမိုက်ကြီးတွေကို ခုခံပြီး ထိုးကြိတ်နေတယ် ''

ဟုတအံ့တသြရေရွတ်လေ၏။

ထိုနေ့ညနေသို့ ရောက်သောအခါ စိတ်ခေတ်ညံ့ဖျင်းသော အညာသားမောင်မဲသည် မြင်းလှည်းပိုင်ရှင် လူပျိုကြီးထံသို့ သွားရောက်၍ မိုးစာရန်ဖြစ်သည့်အကြောင်းကို တိုင်ကြားလေ၏။

ထိုအခါ မြင်းလှည်းပိုင်ရှင်လူပျိုကြီးက

'' ငါ့ရဲ့မြင်းလှည်းကို မောင်းပြီးတော့ လူမိုက်တွေနဲ့ တည့်အောင်မပေါင်းဘဲ ရန်ဖြစ်တယ်ဟုတ်လား၊ မင်းကို ဒီနေ့စကပြီး မြင်းလှည်းပေးမမောင်းတော့ဘူး ''

ဟုပြောဆိုလေ၏။

ထိုအခါ မိုးစာက လူပျိုကြီးကို ရွံရှာဟန်ဖြင့် ကြည့်၍

'' ခင်ဗျားတို့ ယောကျ်ားတွေလုပ်နေပြီး ထဘီဝတ်ထားကြပါလား၊ လူအချင်းချင်း အနိုင်ကျင့်တာကို ခေါင်းငုံ့ပြီးခံရမယ်၊ တစ်နေ့ လူမိုက်ဆိုတဲ့ကောင်တွေက ခင်ဗျားတို့ခေါင်းပေါ်ကို မစင်တက်ပြီး ပါသွားမယ် ''

ဟုပြောဆိုလိုက်လေ၏။ ထိုအခါ လူပျိုကြီးက မိုးစာကို ဒေါသတကြီး ကြည့်၍

'' ဟေ့ကောင်... မင်း အခြေအနေနဲ့ အချိန်အခါကို နားမလည်ရင် ငါ့ခြံထဲက အခုချက်ချင်းထွက်သွားစမ်း ''

ဟုမောင်းနှင်ထုတ်လိုက်လေ၏။

မိုးစာသည် သူရသတ္တိနည်းသော လူပျိုကြီးကို မကျေမနပ်ဖြင့်







www.burmeseclassic.com

www.burmeseclassic.com



လိုတော့သဖြင့် မြဲထဲမှ ထွက်ခွာရန် ပြင်လိုက်၏။ ထိုအခိုက်မှာပင် မြဲဝသို့ လတ်နက်ကိုယ်စီကိုင်ထားသော လူများရောက်ရှိလာသဖြင့် ရုတ်ချောင်ကြွေတ်လိုက်မိ၏။

ထိုလူများအနက် ဓားရှည်ကိုင်ထားသော လူတစ်ဦးက မိုးဓာ ထို ရန်လိုသောအမူအရာဖြင့်ကြည့်၍

" ကန်တော်ကြီးစောင်းမှာ ငါ့လူတွေကို ကွဲအောင်ခေါ်သွားတာ မင်းလား "

ဟုမေးမြန်းလိုက်လေ၏။

မိုးဓာက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ငါဟာ လူမိုက်ဆိုတဲ့ကောင်တွေကို တွေ့တဲ့နေရာမှာ ဝင်ပြီးခေါ်တတ်တယ်၊ မင်းတို့လည်း လူမိုက်တွေဆိုရင်တော့ သေဖို့သာပြင်ပေတော့ "

ဟုကြိုးငါးလိုက်လေ၏။

လူမိုက်ကြီးနှင့် အညာသားမောင်မဲသည် မြဲထဲတွင် ရန်ပွဲဖြစ်မွှားတော့မည်ဆိုသဖြင့် အထိတ်တလန့်ဖြစ်နေကြ၏။

မိုးဓာသည် မြဲအပြင်သို့ထွက်လိုက်၏။ ထိုအခါ ဓားရှည်နှင့် လှံများ ကိုင်ဆောင်ထားသော လူမိုက်ငါးယောက်ခန့်သည် မိုးဓာအား





ဝိုင်းရံထားလိုက်ကြ၏။

ဓားရှည်ကိုင်လူမိုက်က

" ဒီကောင့်ကို ပြေးမလွတ်စေနဲ့ဟေ့ "

ဟုကြိုးဝါးလိုက်လေ၏။ ထိုအခါ မိုးဓာက တဟားဟား ရယ်မော၍

" ဟား... ဟား... ဟား... ငါ့ရဲ့ရာဇဝင်မှာ ထွက်ပြေးတယ်ဆိုတာ ထုံးစံမရှိခဲ့ဘူး၊ ငါ့ရဲ့သွေးဟာ ဘယ်လောက်နီတယ်ဆိုတာ မင်းတို့သိရမယ် "

ဟုဆိုကာ လူဆိုးများအား စောင့်ကြို့နေလိုက်၏။

ဓားကိုင်လူဆိုးသည် မိုးဓာအား ဓားရှည်ဖြင့် ဝင်ရောက်ခုတ်ပိုင်းလေ၏။

မိုးဓာသည် လူဆိုး၏ဓားကို ရှောင်တိမ်း၍ ဝမ်းဗိုက်အား ခြေဖြင့် ပြင်းထန်စွာကန်လိုက်၏။

ထိုအချိန်တွင် လှံရှည်သမားသည် အလစ်အငိုက်ယူ၍ မိုးဓာအား အနောက်မှ ဝင်ထိုး၏။

မိုးဓာသည် ကိုယ်ကို ယိမ်းနွဲ့၍ ရှောင်တိမ်းပြီး လှံရှည်ကိုင်လက်ကို ခြောင့်ကန်လိုက်ရာ လှံသည် လေထဲ၌ လွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွင် သွား၍ စိုက်၏။

ကျန်သောလှူမိုက်များကလည်း ဝင်ရောက်တိုက်ခိုက်ကြ၏။ သို့သော် မိုးစာ၏ကိုယ်ခံပညာ အဆင့်မြင့်မားမှုကြောင့် လူမိုက်များ အလဲလဲ အကွဲကွဲ ဖြစ်ကုန်လေ၏။

မိုးစာသည် သစ်ပင်တွင် စိုက်ဝင်နေသော လှံရှည်ကို ဆောင့်ဆွဲ၍ နုတ်လိုက်ပြီး လူမိုက်အား ပစ်ရန် ချိန်ရွယ်လိုက်စဉ် လူမိုက်များသည် အထိတ်တလန့်ဖြင့် ထိုနေရာမှ ထွက်ပြေးကြလေ၏။

ထိုအခိုက်မှာပင် သူ၏အနောက်မှ လက်ခုပ်တီးသံ ကြားရ၍ လှည့်ကြည့်လိုက်လေရာ ဖိုဒ်ကားတစ်စီး၏အနီးတွင်ထွက်၍ ရပ်နေသော လူတစ်ယောက်ကိုတွေ့ရလေ၏။

ထိုသူသည် ကားကိုရပ်တန့်ပြီး မိုးစာတို့၏ရန်ပွဲကို စောင့်ကြည့်နေသူဖြစ်၏။

ထိုသူက မိုးစကို လက်ခုပ်တီး၍ အားပေးလိုက်ပြီး အနီးသို့ လျှောက်လှမ်းလာကာ

" သတ္တိသိပ်ကောင်းတာပဲဗျာ၊ ဒီလိုလူမျိုးတွေ ကျုပ်တို့တိုင်းပြည်မှာ အများကြီးရှိဖို့လိုနေပြီ၊ လူမိုက်တွေကို တိုက်ခိုက်သွားပုံကို ကြည့်ပြီး ခင်ဗျားရဲ့ကိုယ်ခံပညာအဆင့် ဘယ်လောက်ရှိတယ်ဆိုတာ





ကျုပ်သိတယ် "

ဟုပြောလိုက်ရာ မိုးစာက ထိုသူ၏ ရင်းနှီးသောအမူအရာကို သဘောကျသွားပြီး

" အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ရန်ကုန်မြို့မှာ လူမိုက်တွေ ကျုပ်ထင်တာထက် အများကြီးပိုပြီး ကြီးစိုးနေပါလား "

ဟုပြောလေ၏။

ထိုအခါ ဖိုဒ်ကားပေါ်မှ ဆင်းလာသူက သဘောပြင်းချလိုက်ပြီး

" ကိုလိုနီစနစ်ရဲ့ အမွေဆိုးတွေပေါ့ဗျာ၊ မိတ်ဆွေတို့ကြည့်ရတာ ရန်ကုန်က မဟုတ်ဘူးထင်တယ်၊ ဘယ်ကိုသွားမှာလဲ၊ ကျုပ်လိုက်ပို့ပေးပါရစေ၊ ကျုပ်နာမည် မင်းအောင်လို့ခေါ်ပါတယ်၊ ကျုပ်ကို ရင်းနှီးတဲ့လူတွေကတော့ ဆားပုလင်းမင်းအောင်လို့ လူသိများကြတယ် "

ဟုပြောလေရာ မိုးစာသည် ထိုသူကို တအံ့တဩ ကြည့်လိုက်မိလေ၏။

ထိုသူသည် အင်းစိန်စီအိုင်ဒီ၌ အရှုန်နာမည်သတင်းကျော်ကြားသော ဆားပုလင်းမင်းအောင်ဆိုသည့် စုံထောက်တစ်ဦးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ဆားပုလင်းမင်းအောင်သည် တရားခံကို ဖမ်းဆီးရာတွင် လွတ်ရိုးထုံးစံမရှိဟု ကြားဖူး၏။

မိုးဇာက ဆားပုလင်းမင်းအောင်ကို ရင်းနှီးဟန်ဖြင့်ကြည့်၍

" ဪ... ဘယ်သူများလဲမှတ်တယ်၊ နာမည်ကျော် စုံထောက်ကြီး ဆားပုလင်းမင်းအောင်ကိုး၊ မိတ်ဆွေလို နာမည်ကျော် ကြီးနဲ့တွေ့ရတာ ကျုပ်ဝမ်းသာပါတယ်ဗျာ "

ဟု ချီးမွမ်းလိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က

" နာမည်ကျော်တာ မကျော်တာ ကျုပ်နားမလည်ဘူး။ ကျုပ်နားလည်တာကတော့ တရားမျှတမှုတွေ ရှိနေဖို့အတွက် ချိန်ခွင်လို လူတစ်ယောက် တိုင်းပြည်မှာ လိုအပ်နေတယ်၊ အဲဒီ တာဝန်မျိုးကို ကျုပ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝင်ပြီးတော့ ယူနေရတာပဲ၊ လောကကြီးမှာ တရားမျှတမှုတွေရှိနေဖို့ သိပ် အရေးကြီးတယ်လို့ ကျုပ်ထင်တယ်၊ ကဲ... ဒါတွေထားလိုက်ပါ တော့ဗျာ၊ မိတ်ဆွေ ဘယ်ကိုသွားချင်လဲ၊ ကျုပ်လိုက်ပို့ပေးပါရစေ "

ဟုပြောလေ၏။





မိုးဇာက လောလောဆယ်တွင် သွားစရာနေရာမရှိသေးသဖြင့် ခေါင်းခါယမ်းလိုက်ပြီး

" ရပါတယ်ဗျာ၊ ကျုပ်ကိုလိုက်ပို့မနေပါနဲ့. ကျုပ် ခြေဦး တည့်ရာ သွားချင်နေသေးတယ် "

ဟု ပြောလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က မိုးဇာ၏ပခုံးကို ရင်းနှီး ဟန်ဖြင့်ပုတ်၍

" မိတ်ဆွေ အကူအညီလိုရင် အမှတ် (၇)၊ အသောကလမ်း ကျောက်မြောင်းမှာရှိတဲ့ ကျုပ်ရဲ့အိမ်ကိုလာခဲ့ပါ "

ဟုဖိတ်ခေါ်လိုက်လေ၏။

မိုးဇာသည် ဆားပုလင်းမင်းအောင်၏ ဗိုဒ္ဓိထားလေး ထွက်ခွာ သွားသောအခါ တစ်ကိုယ်တည်း ခြေဦးတည့်ရာ လျှောက်လှမ်းခဲ့ လေ၏။

သူသည် စားဝတ်နေရေးအတွက် အလုပ်အကိုင်တစ်ခု ထပ်မံ ရှာဖွေရန် ကြံစည်၏။

မိုးဇာသည် ခြေဦးတည့်ရာသို့သွားလာရင်း အရိပ်ကောင်းစွာ ရရှိသော ညောင်ပင်ကြီးတစ်ပင်အောက်တွင်ထိုင်၍ နားခိုမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နားခိုရင်း ညောင်ပင်အောက်တွင် ဆော့ကစားသော ကလေးငယ်များ၏စကားကိုလည်း နားထောင်မိ၏။

မိုးစာသည် ကလေးငယ်များ ပူပေါင်းနှင့်ဆော့ကစားဟန်ကို ကြည့်၍ ပူပေါင်းများကို ဝယ်ယူ၍ ရောင်းချရန် ကြံစည်မိ၏။

ထို့ကြောင့် သိမ်ကြီးဈေးသို့သွားကာ ပူပေါင်းတစ်ထုပ်ဝယ်ယူလေ၏။

ရောင်စုံပူပေါင်းများ ရရှိသောအခါ ပူပေါင်းများကို ပုံစံအမျိုးမျိုးဖော်၍ ကလေးများ စိတ်ကြိုက်ဖြစ်အောင် ပြုလုပ်၏။

ထို့နောက် ဝါးလုံးတစ်လုံးတွင် ပူပေါင်းအရုပ်များကို ချိတ်ဆွဲကာ ရန်ကုန်မြို့အနှံ့ လိုက်လံရောင်းချလေ၏။ ထိုသို့ရောင်းချရင်း ဝင်ငွေအသင့်အတင့်ရရှိသဖြင့် စားဝတ်နေရေးအတွက် အဆင်ပြေလေ၏။

အိပ်စက်ရန် နေရာအတွက်မူ ခြောက်ထပ်ကြီးဘုရားအနီးရှိ ဇရပ်ကြီးတစ်ဆောင်တွင် အိပ်စက်လေ၏။

သူသည် မင်းမျိုးမင်းနွယ်တစ်ဦးဖြစ်သော်လည်း အရပ်သားများကဲ့သို့ အောက်ခြေသိမ်းအလုပ်များကို လုပ်ကိုင်၍ ဝင်ငွေရှာရခြင်းကို နှစ်သက်နေမိ၏။





နန်းတော်ထဲတွင် နေထိုင်ရသော ဘဝသည် ဟန်ဆောင်ဝကာသန များပြားလွန်းသည်ဟု ထင်မြင်မိ၏။

ယခု အရပ်သားကဲ့သို့ မိမိ၏ စားဝတ်နေရေးကို ပြေလည်အောင် ဖြေရှင်းရင်း လွတ်လပ်စွာ နေထိုင်ရခြင်းကို နှစ်သက်နေမိ၏။

သူသည် ရန်ကုန်မြို့အနှံ့ လှည့်လည်၍ ပူပေါင်းရောင်းရင်း မောင်မောင်ကြီးကို လုပ်ကြံနိုင်မည့်နည်းလမ်းများကို ရှာကြံနေမိ၏။

မောင်မောင်ကြီး၏ခြံ၌ လက်မရွံ့လူမိုက်များ များပြားစွာရှိပြီး ခြံကြီးတစ်ခုလုံး၌ လုံခြုံအောင် ပြုလုပ်ထား၏။

မည်သို့ပင်ဖြစ်စေ မျက်နှာဖြူမ မေရီ မြန်မာပြည် ပြန်မရောက်မီ မောင်မောင်ကြီးအား ရှင်းလင်းပစ်ရန် ဆုံးဖြတ်လိုက်၏။

ΔΔΔ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မိုးဇာသည် ပူပေါင်းရောင်းရင်း မင်္ဂလာဒုံရှိ မောင်မောင်ကြီး၏ခြံကြီးအနီးသို့ ရောက်ရှိသွားလေ၏။

မိုးဇာသည် ခြံကြီးနှင့်မလှမ်းမကမ်း၌ ပူပေါင်းများကို ချည် သစ်ပင်အမြင့်ကြီးပေါ်သို့ တွယ်ကပ်၍တက်လေ၏။

ထို့နောက် သစ်ပင်ပေါ်မှ ခြံကြီးအတွင်းရှိ မြင်ကွင်းကိုကြည့် လေ၏။ ထိုအခါ ခြံအတွင်း၌ လက်မရှည်လူမိုက်များ များစွာရှိပြီး ဓား၊ လှံ၊ လက်နက်များ ကိုင်ဆောင်ထားကြောင်း တွေ့ရ၏။

မြကြီး၏ အနောက်တွင်လည်း လူမိုက်များ၏ တန်းလျားများ ရှိ၏။





မောင်မောင်ကြီးသည် တပည့်တပန်းများစွာဖြင့် တထီးတနန်း နေထိုင်နေလေ၏။

မိုးဇာသည် သစ်ပင်ပေါ်မှ ပြန်ဆင်းကာ ခြံကြီး၏အနောက်သို့ တိတ်ဆိတ်ချဉ်းကပ်ခဲ့၏။

ထို့နောက် အုတ်တံတိုင်း အနီးရှိ သစ်ပင်ကြီးပေါ်သို့ ထပ်မံ၍ တက်လိုက်ပြီး အိမ်ကြီး၏ အနောက်ဘက်ကို အကဲခတ်ပြန်၏။

ထိုအခါ အစောင့်အကြပ်များ ထူထပ်စွာချထားပြီး မောင် မောင်ကြီး၏ အိပ်ခန်းဟုထင်ရသော အခန်းတစ်ခန်းကို သဲ့သဲ့မြ မိ၏။

ထိုအခန်း၌ လှပသော ခန်းစည်းရှည်ကြီးများရှိပြီး တံခါးမကြီး ထို အလွန်မြန်မာဆန်သော ကနုတ်ပန်းများဖြင့် ခြိုခြယ်ထား၏။

တံခါး၏ထိပ်တွင် သံလျက်ထမ်း၍ ထိုင်နေသော ဘီလူးရုပ် ကြီးနှစ်ရုပ်ကိုလည်း မြင်တွေ့ရ၏။

ထိုအခန်းသည် လူယုတ်မာမောင်မောင်ကြီး၏ အခန်းဖြစ်မည် ထင်၏။

မိုးဇာသည် လူယုတ်မာမောင်မောင်ကြီး၏ အခန်းသို့ တိတ် ဆိတ်ဝင်ရောက်ပြီး လုစ်ကြိုးသတ်ဖြစ်အောင် ရရှိနိုင်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးမိ၏။

ထို့ကြောင့် မောင်မောင်ကြီးအား ယခုရက်ပိုင်းအတွင်း လုပ်ကြံရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

မိုးဇာသည် လာမည့်စနေနေ့တွင် မောင်မောင်ကြီးအား လုပ်ကြံရန် ကြံစည်မိ၏။

သူသည် စနေနေ့ညသို့ ရောက်သောအခါ မိမိအိပ်စက်ရာ ဇရပ်မှ တိတ်တဆိတ်ထွက်ခဲ့လေ၏။ ဇရပ်၌ မိမိနှင့်အတူ အိပ်စက်သူ ဈေးသည်သုံးယောက်ရှိ၏။

မိုးဇာသည် မောင်မောင်ကြီး၏ အိမ်အနီးသို့ရောက်သော အခါ မှောင်ရိပ်ခို၍ အိမ်၏အနောက်ဘက်အုတ် တံတိုင်းဆီသို့ သွားလေ၏။

ထို့နောက် အုတ်တံတိုင်းမှ ခြံဝင်းအတွင်းသို့ ဝင်ခဲ့လေ၏။ ခြံဝင်းအတွင်းသို့ ရောက်သောအခါ မောင်မောင်ကြီး၏ ကြီးကျယ် ခမ်းနားသော အိမ်ကြီးအနီးသို့ တိုးကပ်ခဲ့၏။

အိမ်ကြီး၏အနောက်သို့ မှောင်ရိပ်ခို၍ တိုးကပ်သွားပြီး တံခါးများကိုဖွင့်ရန် ကြိုးစားလေ၏။

သို့သော် တံခါးများအားလုံး အထဲမှ ဂျက်ချထားကြောင်း





တွေ့ရ၏။

မိုးဇာသည် အိမ်ကြီး၏ အပေါ်ထပ်သို့ ပိုက်လုံးမှတစ်ဆင့် တွယ်တက်ရန် ကြံစည်လိုက်ပြီး အပေါ်ထပ်သို့ တရွေ့ရွေ့တက် လေ၏။

သူသည် နန်းတွင်းမှာနေထိုင်စဉ်က ရှမ်းသိုင်းဆရာကြီးထံတွင် ထွမ်းဘားပညာကိုပါ သင်ယူခဲ့ဖူး၏။

ထို့ကြောင့် ပိုက်လုံးမှတစ်ဆင့် မောင်မောင်ကြီး၏ အိပ်ခန်း ရှိရာသို့ လွယ်ကူစွာ ရောက်သွားလေ၏။

ဘီလူးရုပ်ကြီးအနီးရှိ ကျွန်းတံခါးကို တွန်းဖွင့်လိုက်သောအခါ အသာအယာပင် ပွင့်သွားကြောင်းတွေ့ရ၏။

မိုးဇာသည် တံခါးပွင့်သွားသဖြင့် မောင်မောင်ကြီး၏ အိပ်ခန်း ထဲသို့ ခြေသံမကြားအောင် တိတ်တဆိတ်ဝင်ရောက်ခဲ့၏။

အိပ်ခန်းထဲသို့ရောက်သောအခါ တစ်ခန်းလုံး ငြိမ်သက်နေပြီး လူသူအရိပ်အယောင်ကို မမြင်ရချေ။

ညသန်းခေါင်အချိန်သို့ ရောက်ရှိ နေသဖြင့် မောင်မောင်ကြီး အိပ်စက်နေပုံရ၏။

မိုးဇာသည် အမှောင်ထဲတွင် မျက်စိကို ကျင့်သားရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပြီး ကြည့်လိုက်သောအခါ အခန်းထဲရှိ လွန်စွာကြီးမားသော ခုတင်ကြီးပေါ်တွင် အိပ်စက်နေသော လူတစ်ယောက်၏ သဏ္ဌာန်ကို မြင်တွေ့ရ၏။ ထိုသူမှာ မောင်မောင်ကြီးပင် ဖြစ်ပေတော့မည်။

မိုးဇာသည် အိပ်စက်နေသော မောင်မောင်ကြီးနှင့် ထိပ်တိုက် တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိ၏။

တိုင်းပြည်၏ အကျိုးအတွက် လူယုတ်မာမောင်မောင်ကြီးကို လုပ်ကြံသတ်ဖြတ်ရပေတော့မည်။

မိုးဇာသည် နံရံတွင် ချိတ်ဆွဲထားသော လှံရှည်ကြီး တစ်ချောင်းကို လှမ်းယူလိုက်ပြီး မောင်မောင်ကြီး၏ ကိုယ်ခန္ဓာအား အားကုန်ထိုး စိုက်ချလိုက်လေ၏။

လှံရှည်သည် မောင်မောင်ကြီး၏ ကိုယ်ခန္ဓာကို ဖောက်ထွင်း သွားပြီး မွေ့ရာပေါ်တွင် ထိုးစိုက်နေ၏။

သို့သော် ခုတင်ပေါ်တွင် လှုပ်ရှားသံမကြားရသဖြင့် မျက် [illegible] မှောင်ကြုတ်လိုက်ပြီး မောင်မောင်ကြီး၏ ကိုယ်ခန္ဓာကို လွှမ်းခြုံထား သော စောင်ကြီးအား ဆွဲဖယ်လိုက်ရာ မြင်ကွင်းကြောင့် မျက်လုံးပြူး သွားလေ၏။

မိုးဇာသည် ထိုမြင်ကွင်းကို လက်နှိပ်ဓာတ်မီးငယ်လေးဖြင့်





ထိုးကြည့်လိုက်ရာ ခုတင်ပေါ်တွင် အိပ်စက်နေသူမှာ မောင်မောင်ကြီး မဟုတ်ဘဲ လူတစ်ဦး အိပ်စက်သယောင် ပြုလုပ်ထားသော ဖက် ခေါင်းအုံးများပင် ဖြစ်ကြောင်း တွေ့လိုက်ရ၏။

မိုးဇာသည် မောင်မောင်ကြီး၏ အိပ်ခန်းအတွင်း ထောင် ချောက်ဆင်ထားကြောင်း ရိပ်စားမိသဖြင့် တောက်ခေါက်လိုက်ပြီး အခန်းထဲမှ လျှင်မြန်စွာ ထွက်ခွာခဲ့၏။

သူသည် မောင်မောင်ကြီး၏ အိပ်ခန်းအပြင်သို့ ရောက်သွား သောအခါ ပိုက်လုံးမှ လျှောဆင်းမနေတော့ဘဲ မြေပေါ်သို့ တစ်ပတ်ကျွမ်းပစ်၍ ခုန်ချလိုက်၏။

ထိုမှတစ်ဆင့် ခြံစည်းရိုးရှိရာသို့ လျှင်မြန်စွာဆွဲခိုတက်သွားပြီး အိမ်ကြီး၏အနောက်ဖက်မှ မှောင်ရိပ်ခို၍ အပြင်သို့ထွက်ခဲ့လေ၏။

ထို့နောက် ရထားလုံးတစ်စီးကို ငှားရမ်းကာ ချောက်ထပ်ကြီး အနီးရှိ ဇရပ်ရှိရာသို့ ပြန်ခဲ့လေ၏။

သူသည် လမ်းတစ်လျှောက်လုံး မောင်မောင်ကြီးအား လုပ်ကြံသည့် အစီအစဉ် မအောင်မြင်ရခြင်းကို စဉ်းစားနေလေ၏။

မောင်မောင်ကြီးသည် ရန်သူရှိနိုင်သည်ဟု ယူဆသဖြင့် ကြီးကျယ်ခမ်းနားသော အိပ်ခန်းကြီးတွင် မအိပ်စက်ဘဲ အခြား



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းတစ်ခန်းသို့ ပြောင်းရွှေ့အိပ်စက်ပုံရ၏။

သူ၏လုပ်ကြံမှု မအောင်မြင်လိုက်ခြင်းသည် သတိပေးလိုက်သလို ဖြစ်သွားလေ၏။ မိုးဇာသည် မောင်မောင်ကြီးအား ထပ်မံ၍ လုပ်ကြံရန် ပိုမိုခက်ခဲသွားကြောင်းတွေးမိ၏။

မည်သို့ပင်ဖြစ်စေ မောင်မောင်ကြီးအား တော်လှန်ရေးသမားများ၏ ဘဝနောင်ရေးအတွက် လူ့လောကတွင် အသက်ဆက်ရှင်သန်ခွင့်မပေးရန် ဆုံးဖြတ်ထား၏။

△△△

ပန်းအိပ် ကွန်ပျူတာ

ဆိုင်အမှတ်(၅) [illegible]





၃၉

နောက်တစ်နေ့သို့ရောက်သောအခါ မောင်မောင်ကြီးသည် သူ၏အိပ်ခန်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာလေ၏။ မောင်မောင်ကြီးသည် ညစဉ် အိပ်ခန်းများ လှည့်လည်၍ အိပ်စက်နေတတ်၏။

သူသည် နယ်ချဲ့အလိုတော်ရိကြီးတစ်ဦးဖြစ်သဖြင့် တော်လှန်ရေး တပ်သားများ၏ ကလဲ့စားချေ တိုက်ခိုက်ခြင်းကို ခံရနိုင်သည်ဟု ယူဆ၏။

ထို့ကြောင့် မိမိအသက်ကို ကာကွယ်သည့်အနေဖြင့် ညစဉ် အခန်းများလှည့်လည်၍ အိပ်စက်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးသည် သူ၏ခုတင်ပေါ်တွင် နက်ရှိုင်းစွာ စိုက်ဝင်နေသော လှံရှည်ကိုကြည့်၍ ထိတ်လန့်တုန်လှုပ်သွားပြီး ကျယ်လောင်သောအသံဖြင့် တပည့်များကို ခေါ်ဝေါ်လိုက်၏။

ထိုအခါ မောင်မောင်ကြီး၏တပည့်များသည် အိမ်ကြီး၏ အပေါ်သို့ ဝရုန်းသုန်းကား ပြေးတက်လာကြ၏။

မောင်မောင်ကြီးက သူ၏တပည့်များဘက်သို့လှည့်၍

" ခွေးကောင်တွေ၊ မင်းတို့အားလုံး အသုံးမကျဘူး၊ ငါ့ရန်သူက ငါ့ရဲ့အိပ်ခန်းထဲကိုဝင်ပြီး ငါ့ကိုလုပ်ကြံဖို့ ကြိုးစားနေပြီ၊ ဒါဟာ မင်းတို့ လုံခြုံရေးပေါ့လျော့လို့ပဲ "

ဟု ဒေါသတကြီးအပြစ်တင်လိုက်ရာ တပည့်များသည် အိပ်ရာပေါ်တွင် ထိုးစိုက်နေသော လှံရှည်ကို အထိတ်တလန့် ကြည့်ရှုကြလေ၏

မောင်မောင်ကြီးက ခုတင်ပေါ်တွင် စိုက်နေသော လှံရှည်ကို ကြည့်၍

" ဒီနေ့ည ငါကံကောင်းသွားတယ်၊ ငါဒီအခန်းမှာအိပ်ဖို့ စိတ်ကူးလိုက်သေးတယ်၊ နောက်တော့မှ အခန်းပြောင်းပြီး အိပ်လိုက်မိတာ၊ ငါသိပ်ကံကောင်းတယ်၊ ငါ့မှာ ရန်သူရှိနေပြီ၊ ဆရာ





ကြီးမင်းယက္ခရဲ့စခန်းကို ကုလားစစ်ပုလိပ်တွေ သွားပြီးရှင်းလင်းတဲ့ အခါ တော်လှန်ရေးတပ်သားတွေ တစ်ယောက်မှမတွေ့ရတော့ဘဲ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားခဲ့တယ်၊ ဒါဟာ ငါတို့ရဲ့ အကြံအစည်ကို ကြိုတင်ပြီး ရိပ်စားမိနေလို့ပဲ၊ ငါတို့အုပ်စုထဲမှာ သစ္စာဖောက်ရှိနေပြီလို့လည်း ယူဆရတယ်၊ သူဟာ ဆရာကြီး မင်းယက္ခနဲ့ ဖမ်းဆီးခံရတဲ့ တော်လှန်ရေးတပ်သားတွေအတွက် ငါ့ကို ကလဲ့စားချေတာဖြစ်နိုင်တယ်၊ ဒီလူ ဘယ်သူလဲဆိုတာ မင်းတို့ အမြန်ဆုံးသိအောင် စုံစမ်းပါ"

ဟုပြောလေ၏။

ထိုသို့ပြောဆိုရင်း မောင်မောင်ကြီးသည် ခုတင် ခြေရင်းတွင် ကျနေသော အရာတစ်ခုကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

ပြီးနောက် ထိုအရာအား ကောက်ယူလိုက်၏။ ထိုအရာသည် လေမမှုတ်ရသေးသော ပူပေါင်းငယ်လေးတစ်လုံး ဖြစ်ကြောင်း တွေ့ရ၏။

မောင်မောင်ကြီးက ပူပေါင်းကို နေရောင်တွင် ထောင်ကြည့်လိုက်ပြီး

" ကလေးတွေဆော့တဲ့ ရောင်စုံပူပေါင်းလေးတစ်လုံးပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒီပုလေးပေါင်းလေးဟာ ရှုံ့သူနဲ့ပတ်သက်တဲ့ သဲလွန်စပဲ "

ဟု တီးတိုးရေရွတ်ကာ ပုလေးပေါင်းအား သူ၏အင်္ကျီအိတ်ထဲသို့ ထည့်၍ သိမ်းဆည်းထားလိုက်လေ၏။

ထို့နောက် သူ၏တပည့်များဘက်သို့လှည့်၍

" မင်းတို့ ဒီအချိန်ကစပြီး နိုးနိုးကြားကြား နေကြတော့၊ ငါ့အသက်ကို လုပ်ကြံမဲ့သူရှိနေပြီ၊ နောက်တစ်ကြိမ် ဒီလိုဖြစ်မှုမျိုး ကျူးလွန်မယ်ဆိုရင် မင်းတို့အားလုံးကို ငါသတ်ပစ်မယ် "

ဟုအော်ဟစ်ကြိမ်းမောင်းလိုက်လေ၏။





မိုးဇာသည် မောင်မောင်ကြီးအား လုပ်ကြံသည့်အစီအစဉ် မအောင်မြင်သဖြင့် ထိုနေ့တစ်နေ့လုံး ပုလေးရောင်းမထွက်ဘဲ ဇရပ်၌ အိပ်စက်နေလေ၏။

ထိုအခိုက်မှာပင် ဇရပ်အနီးတွင် နေထိုင်သော ကလေးငယ် တစ်ဦးသည် ဇရပ်ပေါ်သို့ တက်လာပြီး

" ဦးလေးကြီး၊ ကျုပ်ကို ဒီနေ့ပုလေးပေါင်းပေးမယ်ဆို "

ဟုမေးမြန်းလေ၏။

ထိုကလေးသည် ဇရပ်နှင့်မနီးမဝေးတွင် နေထိုင်သော ဆင်းရဲသားမိသားစုမှ ကလေးငယ်တစ်ဦးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဇာသည် ကလေးချစ်တတ်သူဖြစ်သဖြင့် ထိုကလေးအား လက်ဆောင်ပေးရန် ပူပေါင်းတစ်လုံးကို သူ၏အိတ်ထဲတွင် သိမ်းဆည်းထား၏။

ထို့ကြောင့် ကလေးငယ်အားကြည့်၍ ရယ်မောကာ

" မင်းအတွက် ဦးလေး ပူပေါင်းတစ်လုံး ချန်ထားပါတယ်ကွာ၊ ဟောဒီမှာ ဦးလေးမှုတ်ပြမယ် "

ဟုဆိုကာ သူ၏အိတ်ထဲရှိ ပူပေါင်းကို ရှာဖွေလေ၏။

သို့သော် အိတ်ထဲတွင် ပူပေါင်းကို မတွေ့ရသဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏။

ကလေးငယ်အား ပေးရန်အတွက် ပူပေါင်းကို သေချာစွာ သိမ်းဆည်းထားခဲ့၏။ ယခု အိတ်ထဲတွင်ရှိသော ပူပေါင်းငယ်ကို မတွေ့ရတော့ချေ၏။

မိုးဇာသည် မောင်မောင်ကြီးအား လုပ်ကြံရန် ကြံစည်စဉ် ပူပေါင်း ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း ရိပ်စားမိလိုက်၏။ ထို့ကြောင့် ကလေးငယ်ကို ချော့မော့ပြီး ပြန်လွှတ်လိုက်မိ၏။

မိုးဇာသည် နောက်တစ်နေ့သို့ရောက်သောအခါ သူ၏နေ့စဉ်ဝတ္တရားဖြစ်သော ပူပေါင်းများကို မြို့ထဲသို့ လှည့်လည်ရောင်းချ





လေ၏။

ထိုသို့ ရောင်းချရင်း ကမ်းနားဘက်သို့ရောက်သောအခါ မိမိနှင့် မရင်းနှီးသော လူတစ်ဦးက လာရောက်နှုတ်ဆက်ခြင်းကို ခံရ၏။ မိုးဇာက ထိုသူကိုကြည့်၍

" စိတ်မရှိပါနဲ့၊ ခင်ဗျားကိုကျုပ် မမှတ်မိလို့ပါ "

ဟုပြောလေ၏။ ထိုအခါ မိုးဇာကို လာရောက်နှုတ်ဆက်သူက လေသံတိုးတိုးဖြင့်

" ဆရာနဲ့ကျုပ်ဟာ ဆရာကြီးမင်းယက္ခရဲ့စခန်းမှာ အတူတူနေခဲ့ဖူးတယ်လေ၊ ဆရာဟာ ရဲမက်တော်ဆိုပြီး စခန်းမှာ အလွန်ထင်ရှားတဲ့အတွက် ကျုပ်တို့က သိနေခဲ့တာပါ၊ ကျုပ်တို့က သာမန်တော်လှန်ရေးတပ်သားလေးတွေဆိုတော့ ဆရာကတော့ ဘယ်မှတ်မိနိုင်ပါ့မလဲ"

ဟုပြောလေ၏။

မိုးဇာသည် ထိုသူနှင့်မိမိ တော်လှန်ရေးတပ်စခန်းတွင် အတူတူနေခဲ့ဖူးကြောင်း ရိပ်စားမိသွား၏။ ထို့ကြောင့် လေသံတိုးတိုးဖြင့်

" ဒီအကြောင်းတွေ ခင်ဗျားဘယ်သူ့ကိုမှ မပြောမိစေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့စစ်ပုလိပ်တွေဟာ တိုင်းပြည်အနှံ့အပြားမှာရှိနေကြတယ် ”

ဟုပြောလေ၏။

ထို့နောက်တွင်မူ မိုးဇာသည် တော်လှန်ရေး တပ်သား အချင်းချင်း ရိုင်းပင်းကူညီလိုသောသဘောဖြင့် ထိုသူအား မိမိ နေထိုင်ရာရပ်သို့ ခေါ်ဆောင်သွားပြီး ခေါက်ဆွဲကြော်များဖြင့် ဧည့်ခံ ကျွေးမွေးလေ၏။

ထိုသူသည် ဆင်းရဲနွမ်းပါးလွန်းသဖြင့် ရန်ကုန်မြို့သို့တက်ပြီး အလုပ်အကိုင် ရှာဖွေကြောင်း ပြောဆိုလေ၏။

မိုးဇာက ဆင်းရဲနွမ်းပါးလွန်းသော တော်လှန်ရေးတပ်သား အား မိမိ၌ရှိသော ငွေတစ်ဝက်ကို ခွဲဝေ၍ ပေးလိုက်၏။

အမှန်စင်စစ် ထိုသူသည် မောင်မောင်ကြီး၏ လျှို့ဝှက်လူယုံ တစ်ယောက်ဖြစ်၏။

သူသည် တော်လှန်ရေးတပ်သားတစ်ဦးအနေဖြင့် ဆရာကြီး ခင်းယက္ခ၏စခန်း၌ နေထိုင်ခဲ့သူဖြစ်၏။’

ထိုသူသည် မိုးဇာပေးလိုက်သော ငွေများကိုယူ၍ မောင် မောင်ကြီး၏ခြံသို့ထွက်ခွာသွားလေ၏။

သူသည် မောင်မောင်ကြီးနှင့်တွေ့ဆုံသောအခါ မိုးဇာ၏





သတင်းကို ပေးလိုက်၏။

မောင်မောင်ကြီးသည် ထိုသူ၏စကားကို နားထောင်၍ တောက်ခေါက်လိုက်ပြီး

“ တောက်… ဒါကြောင့် ငါ့ရဲ့အခန်းထဲမှာ ရောင်စုံပုပေါင်း လေးတစ်လုံးကို တွေ့ရတာကိုး။ ငါ့ကို လုပ်ကြံသွားတဲ့ကောင်ဟာ ရဲမက်တော်ဆိုတဲ့ကောင်ပဲ၊ ဒီကောင်ဟာ ရန်ကုန်မြို့ထဲမှာ ကလေး ကစားစရာ ပုပေါင်းတွေ ရောင်းနေတယ်ဆိုတာ သိရတယ်၊ ဒါကြောင့် မင်းတို့အားလုံး ဒီကောင်ရှိတဲ့ရပ်ကို သွားပြီး ဖိုက်ခိုက် ရမယ် ”

ဟုပြောလေရာ တပည့်တစ်ဦးက

“ ဆရာရယ်၊ ဒီကောင့်ကိုရှင်းဖို့ ကျွန်တော်တို့တောင် အင်အားသုံးဖို့မလိုပါဘူး၊ ဒီကောင်ဟာ အစိုးရက အလိုရှိနေတဲ့ ကောင်ပဲ၊ အစိုးရကို သတင်းပေးလိုက်ရင် ဒီကောင် ကြိုးစင်ကို တန်းပြီးတက်ရလိမ့်မယ် ”

ဟုပြောလေ၏။ ထိုအခါ မောင်မောင်ကြီးက ခေါင်းခါယမ်း ၍

“ ဒီကောင့်ကို ကြိုးစင်တက်တာ ငါမလိုချင်ဘူး၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံတဲ့လူကို ငါက ပြန်ပြီးအသေသတ်ချင်တယ် "

ဟုပြောလိုက်ရာ မောင်မောင်ကြီး၏ တပည့်များက မိုးဇာကို ရအောင်ဖမ်းဆီးပေးမည်ဖြစ်ကြောင်း ကတိပြုကြလေ၏။

ထို့နောက်တွင်မူ ၄င်းတို့သည် ထိုနေ့ညမှာပင် မိုးဇာရှိရာဇရပ်သို့ သွား၍ တိုက်ခိုက်ရန် ပြင်ကြလေ၏။ မောင်မောင်ကြီးသည် မျက်မှောင်ကြုတ်၍

" ဒီကောင့်ကို တိုက်ခိုက်တဲ့နေရာမှာ ငါကိုယ်တိုင်လိုက်ချင်တယ်၊ ဒါပေမဲ့ အင်္ဂလိပ်အစိုးရက ငါ့ကို ငြိမ်ငြိမ်သက်သက်နေပါလို့ တောင်းပန်ထားတဲ့အတွက် လိုက်လို့မဖြစ်နိုင်ဘူး "

ဟုပြောကာ သူ၏တပည့်များကို မိုးဇာအား ဖမ်းဆီးရန် စေလွှတ်လိုက်လေတော့၏။

မိုးဇာသည် ရန်ကုန်မြို့ထဲတွင် လှည့်လည်၍ ပူပေါင်းရောင်းရင်း သူ၏အိတ်ထဲရှိ ပူပေါင်းလေးတစ်လုံး ပျောက်ဆုံးသွားခြင်းအကြောင်းကို စဉ်းစားနေလေ၏။

ထိုပူပေါင်းသည် လူယုတ်မာမောင်မောင်ကြီးထံတွင် ကျန်ရစ်ခဲ့ခြင်းဖြစ်နိုင်၏။

ထိုသို့ ကျန်ရစ်ခဲ့လျှင် မောင်မောင်ကြီးသည် ပူပေါင်းမှ





တစ်ဆင့် သူ၏နောက်ကြောင်းကို လိုက်လာနိုင်၏။

ထိုအခါ မောင်မောင်ကြီးအား သုတ်သင်ရှင်းလင်းရန် ပိုမိုခက်ခဲသွားပေလိမ့်မည်။

မိုးဇာသည် ထိုအကြောင်းကိုတွေးမိပြီး ပူပေါင်းရောင်းသောအလုပ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်၏။

ထိုသို့ဆုံးဖြတ်ပြီးနောက်

" ပူပေါင်းရောင်းတဲ့အလုပ်ကို စွန့်လွှတ်ရုံနဲ့မရနိုင်ဘူး၊ ငါ့ရဲ့တည်းခိုရာနေရာကို ပြောင်းလဲပစ်မှဖြစ်မယ်၊ ငါဒီဇရပ်မှာပြန်ပြီးညအိပ်ဖို့ မဖြစ်နိုင်တော့ဘူး "

ဟု စဉ်းစားကာ ပူပေါင်းများအား ရောင်းချခြင်းမပြုတော့ဘဲ ကလေးများအား အခမဲ့ ပေးလိုက်လေတော့၏။

သူသည် ထိုနေ့ည အိပ်စက်ရန် နေရာသစ်တစ်ခုကို ရှာဖွေလေရာ မလွှကုန်းဘူတာရုံအနီးရှိ စေတီငယ်လေး၌ အိပ်စက်ရန်နေရာတွေ့လေ၏။

ထိုစေတီငယ်လေးသည် ချောင်းငယ်လေးအနီးတွင်ရှိပြီး အရိပ်အာဝါသ ကောင်းစွာရရှိသဖြင့် အိပ်စက်နားနေရန် သင့်တော်၏။

www.burmeseclassic.com



နောက်တစ်နေ့မှစ၍ အလုပ်အကိုင်အသစ်တစ်ခုကို ရှာဖွေရန် ဆုံးဖြတ်လိုက်လေ၏။

ထိုနေ့ညသို့ရောက်သောအခါ လူယုတ်မာ မောင်မောင်ကြီး၏ တပည့်များသည် မိုးဇာအိပ်စက်ရာ ဇရပ်အနီးသို့ ချဉ်းကပ်လာကြ၏။ ၎င်းတို့သည် ဇရပ်ကို လေးဘက်လေးတန် ဝိုင်းရံလိုက်ပြီး မိုးဇာအား ထွက်မပြေးနိုင်ရန် လမ်းပေါက်များကို ပိတ်ထားလိုက်၏။

ထို့နောက် ဇရပ်ပေါ်တွင် မိုးဇာအား ရှာဖွေလေ၏။ ထိုသို့ရှာဖွေ ပြီး ဈေးသည်သုံးဦးကိုသာ မြင်တွေ့ရပြီး မိုးဇာကို မတွေ့ရသဖြင့် မျက်လုံးပြူးသွားလေ၏။

ဈေးသည်များက အထိတ်ထိတ်အလန့်လန့်ဖြင့် ယနေ့ည မိုးဇာ ဇရပ်သို့ ပြန်မအိပ်ကြောင်းပြောလေ၏။ ထိုအခါ လူဆိုးများသည် မိမိတို့ အလှည့်စားခံလိုက်ရပြီဖြစ်ကြောင်း ရိပ်စားမိသွား၏။

မိုးဇာသည် နောက်တစ်နေ့သို့ရောက်သောအခါ ပူပေါင်းရောင်းခြင်းအလုပ်ကို စွန့်လွှတ်လိုက်သဖြင့် အလုပ်သစ်ရှာဖွေရန် မြို့ထဲတွင် လှည့်လည်သွားလာလေ၏။

ထိုသို့သွားလာရင်း တရုတ်တန်းသို့ ရောက်သောအခါ ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် ဆန်ပြုတ်ဆိုင်တစ်ဆိုင်တွင်





ဝင်ရောက်၍ စားသောက်လေ၏။

ထိုသို့ စားသောက်ပြီးသောအခါ တရုတ်အဘိုးကြီးအား အလုပ်အကိုင်တစ်ခု လိုချင်ကြောင်း တောင်းခံလေ၏။

ထိုအခါ သဘောကောင်းဟန်ရှိသော တရုတ်အဘိုးကြီးက

" လောကမှာ အလုပ်လုပ်ချင်တဲ့လူအတွက် အလုပ်မရှားပါဘူး၊ သတ်မှတ်ချက်မရှိဘဲ အလုပ်ကိုလုပ်ချင်တာ သက်သက်ဆိုရင် မင်းအတွက် အလုပ်အကိုင်ဟာ အမြဲရှိနေပါတယ်၊ လောလောဆယ် မင်း ငါ့ဆန်ပြုတ်ဆိုင်မှာ ကူပြီးဈေးရောင်းပေးပါလား၊ မင်းအတွက် အားစရိတ်နဲ့ နေဖို့ထိုင်ဖို့ ငါစီစဉ်ပေးပါ့မယ် "

ဟုပြောလေ၏။

ထိုအခါ မိုးဇာသည် မိမိအတွက် နေထိုင်စားသောက်ရန် နေရာ သာ လိုအပ်သဖြင့် တရုတ်အဘိုးကြီး၏ ဆန်ပြုတ်ဆိုင်တွင် ကူညီ၍လုပ်ကိုင်ရန် သဘောတူလိုက်လေ၏။

သူသည် တရုတ်အဘိုးကြီး၏ ဆန်ပြုတ်ဆိုင်တွင် ကူညီလုပ်ကိုင်ပေးရင်း လူယုတ်မာ မောင်မောင်ကြီးကို လုပ်ကြံသတ်ဖြတ်ရန် နည်းလမ်းများ အမြဲလိုလို ရှာဖွေနေမိ၏။

△△△



www.burmeseclassic.com

www.burmeseclassic.com



တစ်ညသ၌ တရုတ်လူငယ်လေးများသည် ကန်တော်ကြီး စောင်းတွင် အရိုပ်ပြပွဲပြုလုပ်မည်ဆိုသဖြင့် သွားရောက်ကြည့်ရှုရန် စိတ်အားထက်သန်နေကြ၏။

တရုတ်လူငယ်လေးတစ်ဦးသည် မိုးဇာအား အရိုပ်ပြပွဲကြည့်ရှုရန် ဖိတ်ခေါ်လေ၏။

မိုးဇာက မျက်မှောင်ကြုတ်၍

" အရိုပ်ပြပွဲဆိုတာ ဘာလဲဗျ "

ဟုမေးမြန်းလေ၏။

ထိုအခါ တရုတ်လူငယ်လေးက

" ကျုပ်တို့နိုင်ငံမှာ အရိုပ်ပြပွဲရောက်နေတာ မကြာသေးဘူးဗျ





အရိပ်ပြပွဲကို နိုင်ငံခြားသားတွေက လာပြီးပြကြတယ်၊ သူတို့ဟာ လမ်းကြိုလမ်းကြားတွေ၊ ကွင်းပြင်ကျယ်ကြီးတွေမှာ ညဘက် အရိပ် ပြပွဲ ပြလေ့ရှိတယ်၊ တစ်ယောက်ကိုတစ်မတ် ပေးရတယ်ဗျ "

ဟုပြောလေ၏။

ထိုအခါ မိုးဇာက အံ့ဩဟန်ဖြင့် ကြည့်၍

" ဟင်... တစ်ယောက်ကိုတစ်မတ်တောင် ပေးရတယ် ဟုတ်လား၊ နည်းမှမနည်းတာ၊ အရိပ်ပြပွဲဆိုတာ ဘယ်လိုပြတာလဲ"

ဟုမေးလေ၏။

ထိုအခါ တရုတ်လူငယ်တစ်ဦးက

" ကျုပ်တို့လည်း နားမလည်ဘူးဗျို့၊ သူတို့ နိုင်ငံခြားသား တွေက အရိပ်ပြပွဲပြဖို့အတွက် စက်ကြီးတစ်လုံး ယူလာတယ်၊ ဒီစက်နဲ့ မီးရောင်ထိုးပြီးပြတာပဲ၊ အရိပ်ပြပွဲမှာဆိုရင် သူတို့နိုင်ငံက သင်္ဘောကြီးတွေ၊ ပင်လယ်ကမ်းခြေတွေ၊ မော်တော်ကားကြီးတွေ၊ သွားလာနေတဲ့ ရှုခင်းတွေကို ဓာတ်ပုံထဲကအတိုင်း မြင်ရတယ်ဗျ၊ သူတို့က ဓာတ်ပုံလိုရုပ်သေမဟုတ်ဘဲ ရုပ်ရှင်ဖြစ်နေတယ် "

ဟုပြောလေရာ မိုးဇာသည် လွန်စွာစိတ်ဝင်စားသွားလေ၏။

ထို့ကြောင့် တရုတ်လူငယ်လေးများနှင့်လိုက်၍ အရိပ်ပြပွဲ

www.burmeseclassic.com



ကြည့်ရှုရန် ဆုံးဖြတ်လိုက်လေ၏။

*(မှတ်ချက်။ တစ်ထောင့်ကိုးရာပြည့်နှစ်ဝန်းကျင်က မြန်မာ နိုင်ငံတွင်*

*ရုပ်ရှင်ဟူ၍ မပေါ်သေးပါ။*

*ထိုစဉ်က နိုင်ငံခြားသား ကမ္ဘာလှည့်ရုပ်ရှင်ပြအဖွဲ့များ*

*သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြပြီး မောင်းရိပ်*

*ကောင်းသော လမ်းကြိုလမ်းကြားများ၊ ကွင်းပြင်ကျယ်*

*များတွင် အခကြေးငွေယူ၍ လက်ဖြင့်လှည့်ရသော*

*ရုပ်ရှင်များကို ပြသလေ့ရှိ၏။*

*ထိုစဉ်က ပြသသော ရုပ်ရှင်များမှာ အသံတိတ်များ*

*ဖြစ်ပြီး ၎င်းတို့နိုင်ငံရှိ ကပွဲ၊ ဆပ်ကပ်ပွဲ၊ ပိုလိုပွဲ စသော*

*အားကစားပွဲများနှင့် ပင်လယ်ကူးသင်္ဘောကြီးများကို*

*ရိုက်၍ပြလေ့ရှိ၏။*

*နောက်ခံတေးဂီတအဖြစ် လက်လှည့်ဓာတ်စက်ကလေး*

*တစ်လုံးကို အသုံးပြု၍ တေးသံစုံ ဓာတ်ပြားများကို*

*ဖွင့်လှစ်ပြသလေ့ရှိ၏။)*

*(စာရေးသူ)*

မိုးဇာနှင့် တရုတ်လူငယ်လေးများ ကန်တော်ကြီးစောင်းသို့





ရောက်သွားသောအခါ ရုပ်ရှင်အဖွဲ့သည် ဓာတ်ကားတိုလေးများကို ပြသရန်အတွက် လူများထံမှ ရုံဝင်ခ ကောက်ခံနေပြီဖြစ်၏။

မိုးဇာသည် ထိုနေ့က နိုင်ငံခြားသားများ ပြသသော ရုပ်ရှင်များကို ကြည့်ရှုရသဖြင့် အလွန်သဘောကျနေလေ၏။

သူသည် တစ်သက်တွင် ဓာတ်ပုံကိုသာ မြင်ဖူးပြီး၊ ဓာတ်ပုံထဲရှိ အရုပ်များ အရှင်ကဲ့သို့ သွားလာနေခြင်းကို အလွန်အံ့ဩနေမိ၏။

မိုးဇာသည် ထိုနေ့က ကြည့်ရှုသော ဓာတ်လမ်းတိုများအနက် အာဖရိကလူမျိုးများ၏ မှုတ်ပြောင်းဖြင့် အဆိပ်လူးထားသော တိုက်ခိုက်သော နည်းလမ်းကို အလွန်သဘောကျသွားလေ၏။

ထို့ကြောင့် နောက်တစ်နေ့မှစ၍ အာဖရိက လူရိုင်းများကဲ့သို့ မှုတ်ပြောင်းတစ်ခုကို ပြုလုပ်ကာ ညဉ့်အချိန်တွင် တိတ်တဆိတ်ထွက်၍ လမ်းနံဘေး သစ်ပင်များကို မှုတ်ပြောင်းဖြင့် ပစ်ကြည့်လေ၏။

ထိုအခါ သူ၏မှုတ်ပြောင်းသည် အလွန်ထောင်းပြီး ပစ်မှတ်ကို ထိမှန်ကြောင်းတွေ့ရလေ၏။

မိုးဇာသည် ထိုအချိန်မှစ၍ ညစဉ်ညတိုင်း ထွက်၍ မှုတ်ပြောင်းဖြင့် လေ့ကျင့်နေစဉ် အနီးသို့ တရုတ်အတိုင်းကြီး ရောက်ရှိလာပြီး မှောင်ရိပ်ထဲမှ နေ၍



www.burmeseclassic.com

www.burmeseclassic.com



" မင်းဟာ အတော်ရည်မွန်ချက်ကြီးတဲ့ လူတစ်ယောက်ပဲ၊ မင်းဘဝမှာ ဘယ်လိုရန်ငြိုးတွေရှိခဲ့ဖူးလဲ "

ဟုမေးမြန်းလေ၏။

မိုးဇာသည် သူ၏အနောက်မှ မမျှော်လင့်ဘဲ တရုတ်အဘိုးကြီး ရောက်ရှိလာသဖြင့် အံ့ဩသွားပြီး မှုတ်ပြောင်းကို ကမန်းကတန်း သိမ်းရန် ကြိုးပမ်းလိုက်၏။

သို့သော် တရုတ်အဘိုးကြီးသည် မိမိမှုတ်ပြောင်းပစ်နေပုံကို မြင်တွေ့သွားပုံရ၏။

ထို့ကြောင့် မိုးဇာက တရုတ်အဘိုးကြီးကို ကြည့်၍ ရယ်မော လိုက်ပြီး

" အလကားပါဗျာ၊ တလောက ကန်တော်ကြီးစောင်းမှာ အရိုပ်ပြပွဲ သွားကြည့်ပြီးတော့ အရိုပ်ပြပွဲထဲမှာ မှုတ်ပြောင်းပစ်နေတာ မြင်တော့ ကျုပ်လည်း လုပ်ပြီးလေ့ကျင့်ကြည့်နေတာ "

ဟုပြောလေ၏။

ထိုအခါ တရုတ်အဘိုးကြီးက မိုးဇာကို ကြည့်၍ ခေါင်းခါ ယမ်းလိုက်ပြီး

" မင်းမှာ ကြီးမားတဲ့ ရည်ရွယ်ချက်မရှိဘဲ မှုတ်ပြောင်းနဲ့ပတ်





သက်ပြီးတော့ လေးလေးနက်နက် လေ့ကျင့်မှာမဟုတ်ဘူးဆိုတာ ငါ ရိပ်စားမိပါတယ်၊ မင်းရဲ့ရည်ရွယ်ချက်က ကောင်းမွန်ပါအလို့ ငါ ဆုတောင်းပါတယ်၊ ဘာပဲဖြစ်ဖြစ် လောကကြီးမှာ လူတွေဟာ လုပ်သင့်တဲ့ အလုပ်ကို လုပ်ရမယ်၊ လုပ်သင့်တဲ့အလုပ်မှန်းသိရက်နဲ့ ခေါင်းရှောင်တဲ့လူဟာ တန်ဖိုးမရှိတဲ့လူပဲကွ၊ ဒါကြောင့် လူဆိုရင် တန်ဖိုးရှိတဲ့အလုပ်ကိုလုပ်ပါ "

ဟုပြောဆိုလေ၏။

မိုးဇာသည် တရုတ်အဘိုးကြီး၏ နားလည်မှုရှိသော စကား ကြောင့် သက်ပြင်းချလိုက်ပြီး

" လောကမှာ တန်ဖိုးရှိတဲ့အလုပ်ကို ကျုပ်လုပ်ရဦးမယ်၊ ဒါကြောင့် ကျုပ်ဘာလုပ်လုပ် တားဆီးဖို့မကြိုးစားပါနဲ့ "

ဟုပြောလိုက်ရာ တရုတ်အဘိုးကြီးက ခေါင်းခါယမ်း၍

" ငါတားလို့လည်း မရပါဘူး၊ ဆုံးဖြတ်ချက်ချပြီးတဲ့လူကို ဘယ်လိုလူကမှ တားဆီးလို့မရဘူး၊ ဒါကို ငါနားလည်ပါတယ် "

ဟုပြောလေ၏။

မိုးဇာသည် မှုတ်ပြောင်းပစ်သော အလေ့အကျင့်ကို ပိုမို ထူးချွန်ကျင်အောင် လေ့ကျင့်နိုင်ခဲ့၏။ သူသည် မှုတ်ပြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းကြီးစွာ လှေကျင့်ခဲ့ပြီးနောက် ပစ်မှတ်ကို ပိုမို၍ တိကျလာလေ၏။

သူသည် မှတ်ပြောင်းလက်နက်ကို အသုံးပြု၍ လူယုံတော်မောင်မောင်ကြီးအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ထား၏။

△△△





တစ်နေ့သ၌ မောင်မောင်ကြီး၏ ခြံကြီးထဲသို့ မယောင်မလည် သွားရောက်၍ အကဲခတ်စဉ် မောင်မောင်ကြီး၏တပည့်များ ကာကာဆိုင်သို့ သွားရောက်ကြောင်းတွေ့ရသဖြင့် နောက်ယောင်ခံလိုက်ခဲ့၏။

ထို့နောက် ၎င်းတို့၏ ပြောစကားများကို မသိမသာ နားစွင့်ကြည့်လေရာ မောင်မောင်ကြီးသည် ညောင်တုန်းဘက်တွင် ကျင်းပသော လှေပြိုင်ပွဲသို့ သွားရောက်၍ ဒိုင်လူကြီးအဖြစ် လုပ်ကိုင်ရမည် ဖြစ်ကြောင်း သိရ၏။

မိုးဇာသည် လှေပြိုင်ပွဲနေ့သို့ ရောက်သောအခါ မောင်မောင်ကြီးအား လုပ်ကြံရန် ကြံစည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဇာသည် ထိုနေ့သို့ရောက်သောအခါ ညောင်တုန်းဘက်သို့ ကူး၍ လှေပြိုင်ပွဲရှိရာသို့ သွားလေ၏။

လှေပြိုင်ပွဲကို ညောင်တုန်းမြို့ တစ်နေရာရှိ ရေကန်ကြီးအတွင်း၌ ကျင်းပခြင်းဖြစ်၏။

ထိုရေကန်ကြီး၏ တစ်ဖက်ထိပ်၌ အကဲဖြတ်ဒိုင်လူကြီးများ နားခိုရန် ယာယီတဲတန်းများ ဆောက်လုပ်ထား၏။

ထိုတဲတန်း၌ မောင်မောင်ကြီးကို တွေ့ရှိရပြီး ရေကန် ပတ်ပတ်လည်၌ လှေပြိုင်ပွဲကြည့်သော ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေလေ၏။

မိုးဇာသည် ဒိုင်အဖြစ် တာဝန်ယူထားသော မောင်မောင်ကြီး အနီးသို့ တိုးကပ်နိုင်သမျှ တိုးကပ်သွားလေ၏။

မောင်မောင်ကြီးသည် လူကြီးလူကောင်းတစ်ဦး၏ ဟန်ပန်ဖြင့် တိုက်ပုံအင်္ကျီ၊ ပိုးလုံချည်၊ ပေတင် ရှူးဖိနပ်တို့ဖြင့် အကျအန ဝတ်ဆင်ထား၏။

မိုးဇာသည် မှတ်ပြောင်းကို တင်းတင်းဆုပ်၍ လူအုပ်ကို တိုးဝှေ့ပြီး သွားလာနေလေ၏။

မောင်မောင်ကြီးနှင့်အနီးသို့ရောက်သောအခါ မှတ်ပြောင်းဖြင့်





ပစ်ခတ်နိုင်ရန် အကောင်းဆုံးအနေအထားကို ရရှိလေ၏။

ထိုအချိန်တွင် လှေပြိုင်ပွဲ စတင်နေပြီဖြစ်သဖြင့် ပရိသတ်များသည် ဆူညံစွာ အော်ဟစ်ပြီး အားပေးကြလေ၏။

လှေပြိုင်ပွဲ ယှဉ်ပြိုင်သော အသင်းနှစ်သင်းသည် ယခင်နှစ်များကပင် အကြိတ်အနယ် ယှဉ်ပြိုင်ဖူးသော အရှုံးအနိုင်ရှိသဖြင့် ယခုနှစ်တွင် တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် အနိုင်ယူကြလေ၏။

လှေပြိုင်ပွဲကြည့်သော ပရိသတ်များသည်လည်း ထိုအသင်းနှစ်သင်းအား စိတ်အားတက်ကြွစွာ အားပေးကြလေ၏။

မိုးဇာသည် ပရိသတ်များ ဆူညံစွာအော်ဟစ်နေချိန်ကို အခွင့်ကောင်းယူ၍ မောင်မောင်ကြီးအား မှတ်ပြောင်းဖြင့် ချိန်ရွယ်၍ ပစ်ခတ်လိုက်၏။

ထိုအခိုက်မှာပင် ပရိသတ်ကြီးသည် တိုးဝှေ့ရင်း တစ်ဖက်သို့ ပြိုဆင်းလေရာ မိုးဇာအား တိုက်မိပြီး မြားချက်သည် မောင်မောင်ကြီးကို မထိဘဲ ၎င်းအနီးရှိ သစ်ပင်ကို သွား၍စိုက်လေ၏။

မိုးဇာသည် လူအုပ်နှင့်အတူ ရောပါသွားရင်း စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်မိ၏။

လူယုတ်မာမောင်မောင်ကြီးတစ်ယောက် ယနေ့ထက်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သွားချေပြီ။

မောင်မောင်ကြီးနှင့် ဒိုင်လူကြီးများသည် သစ်ပင်ရိပ်များသို့ သွား၍ ၎င်းတို့အတွက် ပြင်ဆင်ထားသော ထမင်းဟင်းများကို စားသောက်၏။

လှေပြိုင်ပွဲ ဒုတိယအကြိမ်ကျင်းပရန် ပြင်ဆင်သောအခါ မောင်မောင်ကြီးသည် ဒိုင်လူကြီးများနေထိုင်သော နေရာသို့ပြန်၍ထိုင်လိုက်၏။

ထိုသို့ထိုင်ရင်း လှေပြိုင်ပွဲမစသေးသဖြင့် အနီးရှိသစ်ပင်ကို လက်ဖြင့်ထောက်လိုက်မိ၏။

ထိုအခါ သစ်ပင်တွင် စိုက်ဝင်နေသော မြားကိုမြင်တွေ့ရသဖြင့် အလွန်ထိတ်လန့်အံ့သြပြီး လှေပြိုင်ပွဲမပြီးဆုံးမီ ထိုနေရာမှ ကမန်းကတန်း ထွက်ခွာသွားလေတော့၏။





မိုးဇာသည် လှယုတ်မာ မောင်မောင်ကြီးအား လုပ်ကြံရန် ထက်မတင်လေး ဆုံးရှုံးသွားရသဖြင့် မကျေမနပ်ဖြစ်နေမိ၏။ သူသည် မောင်မောင်ကြီးအား နောက်တစ်ကြိမ်လုပ်ကြံနိုင်မည့် နည်းလမ်းကို ရှာဖွေနေမိ၏။

မောင်မောင်ကြီး၏ တပည့်များလာလေ့ရှိသော ကာကာဆိုင်သို့ မကြာခဏ သွားရောက်၍ စောင့်နေမိ၏။

ထိုသို့ စောင့်နေရင်း မောင်မောင်ကြီး ရွှေစက်တော်သို့ ဘုရားဖူးထွက်မည်ဖြစ်ကြောင်း သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးစာသည် ရွှေစက်တော်သို့လိုက်၍ မောင်မောင်ကြီးအား လှပ်ကြံရန် ကြံစည်မိပြန်၏။

မိုးစာသည် သူ၏အ ျပ်ရှင် အဖိုးကြီးအား အပြီးအပိုင်နှုတ်ဆက်၍ မောင်မောင်ကြီးတို့ လူစုရှိရာ ရွှေစက်တော်ဘုရားပွဲသို့ လိုက်ခဲ့လေ၏။

ရွှေစက်တော်သို့ ရောက်သောအခါ မောင်မောင်ကြီးတို့လူစုသည် မန်းချောင်း၌ ရေချိုးနေကြောင်း တွေ့ရ၏။ မောင်မောင်ကြီးသည် တပည့်များနှင့်အတူရေချိုးခြင်းမရှိဘဲ ကမ်းပေါ်မှ စီးကရက်တစ်လိပ်ကိုခဲ၍ ကြည့်ရှုနေလေ၏။

မိုးစာသည် မောင်မောင်ကြီးအား တိတ်တဆိတ် လုပ်ကြံလို့ ခြင်းမရှိတော့ဘဲ အတိအလင်းတိုက်ခိုက်ရန်အတွက် စာတစ်စောင်ရေးသား၍ ပေးပို့လိုက်၏။

ထို့ကြောင့် အောက်ပါစာကို ရေး၍ မောင်မောင်ကြီးထံသို့ ပို့လိုက်လေ၏။

*မောင်မောင်ကြီး*

*ခင်ဗျားဟာ မင်းဆွေမင်းမျိုးတစ်ယောက်လို့ သိရတယ်၊ ကျုပ် ကြားသိထားတဲ့ သတင်းမှန်ရင်တော့ ခင်ဗျားဟာ သူရ*





*သတ္တိကောင်းမှာပဲ၊ ဒါကြောင့် ခင်ဗျားနဲ့ကျုပ် နှစ်ယောက်ချင်းတွေ့ဖို့အတွက် ဒီနေ့ညသန်းခေါင်ယံ အချိန်မှာ မန်းချောင်းနံဘေးကို လာခဲ့ပါ...*

*ရဲမက်တော်*

ထိုစာကို ရွှေစက်တော်ဘုရားရှိ ကလေးတစ်ဦးအား မုန့်ဖိုးပေး၍မောင်မောင်ကြီးထံသို့ ပေးပို့လိုက်ခြင်းဖြစ်၏။

မောင်မောင်ကြီးသည် ယောကျ်ားကောင်းမှန်လျှင် သန်းခေါင်ယံအချိန်၌ မိမိထံသို့ လာရောက်တွေ့ဆုံမည်ဖြစ်၏။

မိုးစာသည် ထိုနေ့ညတစ်ညလုံးမန်းချောင်းဘေးတွင်စောင့်ကြိုနေသော်လည်း မောင်မောင်ကြီးရောက်ရှိလာခြင်း မရှိချေ။

နောက်တစ်နေ့နံနက် မောင်မောင်ကြီးတို့လူစု တည်းခိုရာထမင်းဆိုင်သို့ စုံစမ်းကြည့်သောအခါ ၎င်းတို့လူစုသည် လွန်ခဲ့သောညကပင် ရွှေစက်တော်မှ ကမန်းကတန်း ပြန်လည်ထွက်ခွာသွားကြောင်းတွေ့ရလေ၏။

မောင်မောင်ကြီးသည် ကိုယ့်ခံပညာကျွမ်းကျင်သော်လည်း မိမိကို ရင်မဆိုင်ဝံ့ဘဲ ရွှေစက်တော်မှ ဆုတ်ခွာထွက်ပြေး သွားချေပြီ။

မိုးစာသည် နောက်တစ်ကြိမ်တွင် မောင်မောင်ကြီးအား အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးမပေးတော့ဘဲ တစ်ပြိုင်တည်း မရရအောင်လုပ်ကြံရန် ဆုံးဖြတ်လိုက်၏။

မိုးဇာသည် မောင်မောင်ကြီးအား လုပ်ကြံရန် အခွင့်အရေးကို စောင့်မျှော်နေလေ၏။ ထိုသို့စောင့်မျှော်ရင်း မောင်မောင်ကြီးသည် အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်တော့မည်ဆိုသော သတင်းကို ရရှိလေ၏။

ထိုအမျိုးသမီးသည် မင်းဆွေမင်းမျိုးတစ်ယောက်ဖြစ်ပြီး ငွေကြေးအင်အား အလွန်တောင့်တင်းကြောင်း သိရ၏။

မိုးဇာသည် ထိုအမျိုးသမီးနေထိုင်သော ဗဟန်းကြားတောရလမ်းရှိ ခမ်းနားကြီးကျယ်သော အိမ်ကြီးသို့ သွားရောက်ကြည့်ရှုလေ၏။

ထိုအခါ မောင်မောင်ကြီးနှင့် လက်ထပ်မည့် အမျိုးသမီး၏ အမည်မှာ ခင်ခင်လတ်ဟု သိရပြီး သူမသည် ၄င်းတို့ပိုင်ဆိုင်သော ဒေါက်ကပ်မြင်းရထားကြီးဖြင့် ညနေစောင်းသည့် အချိန်တိုင်း ကန်တော်ကြီးသို့ လေညင်းခံထွက်တတ်ကြောင်း သိရ၏။

မိုးဇာသည် ခင်ခင်လတ်၏ ရုပ်ရည်ရူပကာကို မြင်တွေ့သောအခါ မောင်မောင်ကြီးကဲ့သို့ လူယုတ်မာတစ်ဦးနှင့် မည်သို့မျှမတန်





ကြောင်း တွေးမိ၏။

မောင်မောင်ကြီးကို တိုင်းပြည်သစ္စာဖောက်အဖြစ် လုပ်ကြံရန် ကြံစည်ထားသဖြင့် ခင်ခင်လတ်နှင့် လက်ထပ်မင်္ဂလာပွဲ မဖြစ်မီ လုပ်ကြံရန် ဆုံးဖြတ်လိုက်၏။

မောင်မောင်ကြီးသည် မိမိအား လုပ်ကြံမည့်သူရှိနေသဖြင့် ကိုယ်ရံတော်များစွာဖြင့် လုံခြုံရေးကို တင်းကျပ်စွာထား၏။

မောင်မောင်ကြီးသည် မိမိအားလုပ်ကြံမည့်သူမှာ နယ်နယ်ရရ မဟုတ်ဘဲ အလွန်ကြောက်မက်ဖွယ်ကောင်းသော ရဲမက်တော်ဆိုသူ ဖြစ်နေသဖြင့် ပိုမိုပြီး ထိတ်လန့်တုန်လှုပ်နေမိ၏။

ထို့ကြောင့် ရဲမက်တော်အား ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ ရှောင်တိမ်း၍သာ နေလေ၏။

မောင်မောင်ကြီးသည် သူ၏မိတ်ဆွေ မျက်နှာဖြူအရာရှိများအား ရဲမက်တော်ဆိုသူက မိမိကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားနေကြောင်း အစီရင်ခံလိုက်၏။

မောင်မောင်ကြီးသည် မျက်နှာဖြူအရာရှိများအား ရဲမက်တော်ဆိုသူသည် မိမိကိုသာမက မျက်နှာဖြူအရာရှိများကိုပင် လုပ်ကြံရန် ရည်ရွယ်ချက်ရှိကြောင်း သတင်းပို့လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မျက်နှာဖြူအရာရှိများသည် ရဲမက်တော်ဆိုသူကို ထိတ်လန့်တုန်လှုပ်နေပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြလေ၏။

မိုးစေသည် မောင်မောင်ကြီး ထိတ်လန့်တုန်လှုပ်နေသဖြင့် ၄င်းအား လုပ်ကြံရန် ပိုမို၍ခက်ခဲသွားလေ၏။

မောင်မောင်ကြီးသည် ယခုရက်ပိုင်းအတွင်း ခရီးထွက်ခြင်း မရှိဘဲ အိမ်တွင်းအောင်း၍သာနေလေ၏။ သူ၏အိမ်ကြီး၌လည်း အစောင့်အကြပ်များရှေ့ထပ်စွာ ချထားလေ၏။

မိုးစေသည် မောင်မောင်ကြီးအား လုပ်ကြံရန်ခက်ခဲနေသဖြင့် စိတ်ပျက်ခြင်းမရှိချေ။ မောင်မောင်ကြီးတစ်ယောက် ခင်ခင်လတ်နှင့် လက်ထပ်မည့်အချိန်၌ လူရှေ့မြင်ကွင်းသို့ ထွက်လာရမည် မဟုတ်ပါလား။

မောင်မောင်ကြီးသည် ခင်ခင်လတ်နှင့် လက်ထပ်မည့်နေ့ကို ရွှေ့ဆိုင်းချင်၏။

သို့သော် ခင်ခင်လတ်တို့ဘက်မှ သူမ၏မိခင်ကြီးသည် ကျန်းမာရေး မကောင်းလှသဖြင့် မင်္ဂလာပွဲကို ဦးစွာကျင်းပစေချင်၏။

ခင်ခင်လတ်နှင့် မောင်မောင်ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်





ကမေး၌ ချိန်းဆို၍ တွေ့ကြလေ၏။ မောင်မောင်ကြီးက ခင်ခင်လတ်ကို စူးစိုက်ကြည့်၍

" ကျုပ်ကို ဗိုလ်တထောင်ဘုရားက ချိန်းဆိုတာ အကြောင်းထူး ရှိမယ်ထင်တယ် "

ဟု ပြောလေ၏။

ထိုအခါ ခင်ခင်လတ်က မောင်မောင်ကြီးကိုကြည့်၍

" ဟုတ်ပါတယ်၊ မယ်မယ်က ကိုကိုမောင့်ကို တွေ့ချင်တယ် ဆိုလို့ပါ "

ဟု ပြောလေ၏။ ထိုအခါ မောင်မောင်ကြီးက

" မယ်မယ် ကိုကိုမောင့်ကိုတွေ့ချင်တာ ခင်လေးနဲ့ ကိုကိုမောင်ရဲ့ ထိမ်းမြားလက်ထပ်ပွဲကို အမြန်ဆုံးကျင်းပချင်တယ် ထင်ပါရဲ့ "

ဟု ပြောလိုက်လေ၏။

မောင်မောင်ကြီးက ခင်ခင်လတ်၏မျက်နှာကို ကြည့်၍

" ကျုပ်လည်း ခင်လေးနဲ့ အမြန်ဆုံး နီးစပ်ချင်နေပါပြီ "

ဟု ပြောလိုက်လေတော့၏။

△△△

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးသည် နောက်တစ်နေ့တွင် ခင်ခင်လတ်၏ မိခင်နှင့်သွားရောက်တွေ့ဆုံသောအခါ သူမက

" မယ်မယ်လည်း အသက်ကြီးလာပြီ၊ သမီးခင်ခင်လတ် အတွက် စိတ်အေးသွားချင်ပြီ၊ မင်္ဂလာပွဲကို ဝါကျွတ်တာနဲ့ တစ်ခါတည်း စီစဉ်ပါ "

ဟု ပြောလေ၏။

ထိုအခါ မောင်မောင်ကြီးကခေါင်းညိတ်၍

" မယ်မယ်ဘုရား သဘောတော်ရှိတဲ့အတိုင်းပါ "

ဟု ပြောကာ ခင်ခင်လတ်၏ မိခင်ထံမှ ပြန်လာခဲ့လေတော့၏။





မောင်မောင်ကြီးသည် သူ၏အိမ်သို့ ပြန်ရောက်သောအခါ လှူယုံတော်များကို ခေါ်ယူလိုက်ပြီး

" ငါ ဘယ်လိုနည်းနဲ့မှရှောင်လွှဲလို့မရတော့ဘူး ခင်ခင်လတ်နဲ့ လက်ထပ်မှဖြစ်တော့မယ် "

ဟု ပြောလေ၏။

ထိုအခါ မောင်မောင်ကြီးက ခေါင်းညိတ်၍

" ဟုတ်တယ် ငါ့မှာ အန္တရာယ် ပတ်လည်ဝိုင်းနေတဲ့အချိန်မှာ မင်္ဂလာလက်ထပ်ပွဲ မပြုလုပ်သင့်ဘူး၊ ဒါပေမဲ့ ခင်ခင်လတ်ကို လက်လွှတ်ဆုံးမခံနိုင်ဘူး၊ ခင်ခင်လတ်ဟာ မင်းမျိုးမင်းနွယ်ဖြစ်တဲ့အပြင် စည်းစိမ်ဥစ္စာတွေလည်း ကျိကျိတက်ချမ်းသာတယ်၊ ခင်ခင်လတ်လို မိန်းမမျိုးကို ငါဘယ်လိုနည်းနဲ့မှ မငြင်းသင့်ဘူး သူနဲ့ငါ ထိမ်းမြားလက်ထပ်လိုက်ရင် ငါ့အတွက် အကျိုးတွေများစွာ အများကြီးရမှာသေချာတယ် "

ဟုပြောလေ၏။ ထိုအခါ မောင်မောင်ကြီး၏ တပည့်တစ်ဦးက

" ဆရာတို့ မင်္ဂလာပွဲကို ခမ်းနားကြီးကျယ်တဲ့ ဟိုတယ်ကြီးတွေမှာ မလုပ်ဘဲ အိမ်မှာပဲ အကျဉ်းချုံးပြီးကျင်းပပါလား "

www.burmeseclassic.com



ဟုအကြံပြုလေ၏။

အခြားသော တပည့်တစ်ဦးကလည်း ထိုနည်းအတူ ဝင်ရောက်၍ အကြံပေးလေ၏။

မောင်မောင်ကြီးက ခေါင်းညိတ်၍

" မင်းတို့ရဲ့ အကြံဉာဏ်ကောင်းတယ်၊ ငါလည်း ခင်ခင်လတ်ကို မယ်တော်ကို မင်္ဂလာပွဲကိုအကျဉ်းချုံးလုပ်ဖို့ ပြောထားပြီးပြီ၊ မယ်တော်က သဘောတူညီချက်ရတယ်၊ ဒီထက်တော့ ငါ့အတွက် နည်းနည်းစိတ်အေးရတယ် "

ဟု ပြောလေ၏။

ထိုအခါ မောင်မောင်ကြီးက

" မင်္ဂလာဖိတ်စာကို အစောင်တစ်ရာပဲ ရိုက်ထားတယ်၊ ဖိတ်စာအစောင်ငါးဆယ်စီကို ခွဲပြီးဖိတ်ကြမယ်၊ ဒါကြောင့် မင်္ဂလာပွဲကိုလာမဲ့ ဧည့်သည်တွေဟာ အနည်းငယ်ပဲဖြစ်မှာပါ "

ဟု ပြောလေ၏။

ထိုအခါ မောင်မောင်ကြီး၏ လက်ရုံးတပည့်တစ်ဦးက

" မင်္ဂလာပွဲမှာ အကျွေးအမွေးကိစ္စကို ဘယ်လိုစီစဉ်ထားသလဲ ဆရာ "





ဟု မေးမြန်းလေ၏။

ထိုအခါ မောင်မောင်ကြီးက

" အကျွေးအမွေးကိစ္စအတွက် ခင်ခင်လတ်တို့ဘက်က ဘယ်လိုမှမတောင်းဆိုဘူး၊ ဒါတွေအားလုံးဟာ ငါတို့ရဲ့ သဘောဆန္ဒအတိုင်းပဲ၊ ဒါကြောင့် မင်္ဂလာဧည့်ခံပွဲအတွက် အကျွေးအမွေးကိစ္စကို အပြင်လူမခေါ်တော့ဘူး၊ မင်းတို့အားလုံးပဲ ချက်ပြုတ်ရမယ်၊ အပြင်လူရောက်လာရင် ငါ့ကို လုပ်ကြံမဲ့ရဲမက်တော်ဆိုတဲ့ကောင်က ရောယောင်ပြီး ဝင်လာနိုင်တယ် "

ဟုပြောလေ၏။

မောင်မောင်ကြီးသည် ပြောရင်း ရဲမက်တော်ဆိုသူနှင့် ပတ်သက်၍ ထိတ်လန့်လာသလိုရှိ၏။ ရဲမက်တော်နှင့် မိမိသည် မင်းဆွေမင်းမျိုး အချင်းချင်းပင်ဖြစ်ကြ၏။

သို့သော် ရုပ်တည်ချက်ခြင်းမတူဘဲ တစ်ဦးနှင့်တစ်ဦး ကမ္ဘာရန်ကြီးသဖွယ် တိုက်ခိုက်နေကြ၏။

ရဲမက်တော်ဆိုသူသည် မိမိ၏အသက်ကို မရရအောင် လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားနေပေသည်။

ရဲမက်တော်သည် အလှန့်စွန့်စားဝံ့ပြီး သူ့ရာသတ္တိရှိသူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

တစ်ကြိမ်က မိမိ၏ စံအိမ်တော်သို့ပင်ဝင်၍ လုပ်ကြံသတ်ဖြတ်ဖူး၏။

ရဲမက်တော်၏ ပြင်းထန်သောလှံချက်သည် သူ၏ခုတင်ကို ပင် ဖောက်ထွင်းပြီး ဝင်ရောက်သွားခဲ့၏။

ထိုနေ့က အခန်းပြောင်းပြီး အိပ်စက်ခဲ့သဖြင့် မိမိကံကောင်း သွားခြင်းဖြစ်၏။

ညောင်တုန်းလှေပြိုင်ပွဲ၌လည်း ရဲမက်တော်သည် မိမိအား အဆိပ်လူးမြားဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့၏။

ထိုစဉ်ကလည်း ကံကောင်းထောက်မလွန်းသဖြင့် သီသီလေး လွဲချော်သွားခြင်း ဖြစ်၏။

ရဲမက်တော်သည် မိမိ၏အနောက်၌ အရိပ်ကဲ့သို့ လိုက်လံ သတ်ဖြတ်နေ၏။

ရွှေစက်တော်ဘုရားပွဲသို့ပင် လာရောက်ပြီးမိမိနှင့် နှစ်ကိုယ် ချင်း တိုက်ခိုက်ရန် စိန်ခေါ်ခဲ့၏။ ရဲမက်တော်ကဲ့သို့ တိုက်ခိုက်ရေး ပညာကျွမ်းကျင်သော လူတစ်ဦးနှင့် ယှဉ်ပြိုင်ရန် ပြင်းဆန်လိုက် ရ၏။





သူ၏ပတ်ဝန်းကျင်တွင် ရဲမက်တော်ရှိနေသည်ဟု အမြဲပင် ခံစားရ၏။

ထို့ကြောင့် အိပ်ကောင်းခြင်းလည်း မအိပ်ရဘဲ ညစဉ် ညတိုင်း အိပ်မက်ဆိုးများမက်၍နေ၏။

မောင်မောင်ကြီးသည် ခင်ခင်လတ်နှင့် လက်ထပ်ရမည့်ပွဲ အတွက် အလွန်ရင်လေး၍ နေလေ၏။

မင်္ဂလာလက်ထပ်ပွဲ၌ ရဲမက်တော် လာရောက်ပြီး မိမိ အသက်ကို ရယူနိုင်၏။

ရဲမက်တော်ကို အမြန်ဆုံးဖမ်းဆီးရမိပြီး ကြိုးစင်သို့ ပို့လိုက် ချင်၏။

ထို့ကြောင့် သူ၏တပည့်များအား ရဲမက်တော်နှင့် ပတ်သတ် ၍ နီးနီးကြားကြားရှိနေရန် အစွမ်းကုန် နှိုးဆော်ထား၏။

သူ၏တပည့်တစ်ဦးက

" ဆရာရဲ့ တပည့်ထဲမှာ ထမင်း၊ ဟင်း အချက်အပြုတ် အလွန်ကောင်းတဲ့ ဖိုးတုတ်ကြီးဆိုတာ ရှိပါတယ်၊ ဖိုးတုတ်ကြီးက အချက်အပြုတ်ကို တာဝန်ယူပါလိမ့်မယ် "

ဟုပြောလေရာ ၎င်း၏တပည့်တစ်ဦးကလည်း ဝင်ရောက်၍



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပါတယ် ဆရာ၊ ဖိုးတုတ်ကြီးက အချက်အပြုတ်တင် မကပါဘူး၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ ဆန္ဒမ်းမကင်း အကုန်လုံးလုပ်တတ်ပါတယ် "

ဟုပြောလေ၏။

ထိုအခါ မောင်မောင်ကြီးသည် သူ၏တပည့် ဖိုးတုတ်ကြီးအို အလွန်သဘောကျသွားပြီး

" ဖိုးတုတ်ကြီး သူတို့ပြောတာ အမှန်ပဲလား "

ဟုမေးမြန်းလေ၏။ ထိုအခါ ဖိုးတုတ်ကြီးဆိုသူ တပည့်က ခေါင်းညိတ်၍

" ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့အရပ်မှာနေတုန်းက ကျွန်တော်ဟာ အိုးသူကြီး လုပ်ခဲ့တဲ့သူပါ၊ အလှူပွဲကြီးတွေဆိုရင် ကျွန်တော်ပဲ တာဝန်ယူပြီး ချက်ခဲ့ပါတယ်၊ ဆရာ့ရဲ့မင်္ဂလာပွဲလောက် ကတော့ ကျွန်ုပ်အတွက် မခက်ခဲပါဘူး "

ဟုပြောလေ၏။

မောင်မောင်ကြီးသည် သူ၏တပည့်များ အားကြိုးမာန်တက် ရှိနေပုံကိုကြည့်၍ အနည်းငယ်စိတ်အေးသွားပြီး

" မင်္ဂလာပွဲကျရင် ငါ့မိတ်ဆွေ ရာဇဝတ်အုပ်ကို အကူအညီ





တောင်းပြီးတော့ ပုလိပ်တွေကိုလည်း မြဝင်းအနှံ့မှာ ချထားလိုက်ဦး မယ်၊ မင်းတို့အားလုံးလည်း လက်နက်တွေ ကိုယ်နဲ့မကွာ ဆောင်ပြီး ရဲမက်တော်ဆိုတဲ့ကောင်ကို စောင့်နေကြရမယ်၊ ဒါဆိုရင်တော့ ဒီကောင် အနားကို ကပ်လို့မယ်မထင်ဘူး၊ မင်္ဂလာဖိတ်စာကိုလည်း ငါကိုယ်တိုင် ကြီးကြပ်စစ်ဆေးပြီးတော့ ဖိတ်သင့်တဲ့လူကို ရွေးဖိတ် မယ်၊ ဒါဆိုရင်တော့ မင်္ဂလာပွဲဟာ အန္တရာယ်မရှိနိုင်ပါဘူး "

ဟုပြောလေ၏။

ထိုအခါ မောင်မောင်ကြီး၏တပည့်များကလည်း မောင်မောင် ကြီး စိတ်အားတက်ကြွစေရန်အတွက် ဝိုင်းဝန်း၍ ထောက်ခံကြ လေ၏။

မောင်မောင်ကြီးသည် ထိုအခါမှပင် အနည်းငယ် စိတ်အေး သွားပြီး

" ငါ့ရဲ့မင်္ဂလာပွဲပြီးတာနဲ့ ရန်ကုန် ပုလိပ်မင်းကြီးနဲ့ တွေ့ပြီး တော့ ရဲမက်တော်ကို မရရအောင်ဖမ်းပြီး ကြိုးစင်ကိုပို့ပစ်မယ်"

ဟု ဝီးတိုးရေရွတ် လိုက်လေတော့၏။

ΔΔΔ



www.burmeseclassic.com

www.burmeseclassic.com



မိုးစာသည် မောင်မောင်ကြီး၏ တပည့်များ ဆုံတွေ့နေကျ ကာကာဆိုင်သို့ မကြာခဏ သွားရောက်ပြီး ၎င်းတို့၏ သတင်းကို စုံစမ်းလေ၏။

မိုးစာသည် ကာကာဆိုင်သို့ မကြာခဏ သွားရောက်သဖြင့် ကာကာဆိုင်ရှင် ကုလားနှင့် ခင်မင်နေပြီဖြစ်၏။

ကာကာဆိုင်ရှင်ကုလားသည် မိုးစာအကြိုက် လက်ဖက်ရည်ကို ဖျော်ပေးတတ်ပြီး ပဲပြုတ်နှင့်နံပြားကိုလည်း မိုးစာအကြိုက် ပြုလုပ်ပေးလေ၏။

မိုးစာသည် ကာကာဆိုင်သို့သွားပြီး မောင်မောင်ကြီး၏ သတင်းကိုစုံစမ်းလေရာ မောင်မောင်ကြီးနှင့် ခင်ခင်လတ်တို့၏ မင်္ဂလာလက်ထပ်ပွဲသတင်းကို ရရှိလေ၏။





မိုးစာသည် မောင်မောင်ကြီး၏လက်ထပ်ပွဲသည် ၎င်းအား လုပ်ကြံရန် မဟာအခွင့်အရေးကြီးပင်ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

မောင်မောင်ကြီးသည် သေမည့်ကံမကြုံသေးသဖြင့် အကြိမ်ကြိမ်ကံကောင်းနေလေ၏။

ယခုတော့ မောင်မောင်ကြီး သေနေ့စေ့မည့်နေ့ကို နီးသထက်နီးလာချေပြီ။

မိုးစာသည် မောင်မောင်ကြီး၏ မင်္ဂလာလက်ထပ်ပွဲ၌ ၎င်း၏ စံအိမ်အတွင်းသို့ မရရအောင်ဝင်ပြီး လုပ်ကြံသတ်ဖြတ်ရန် ဆုံးဖြတ်၏။

ထို့ကြောင့် မင်္ဂလာလက်ထပ်ပွဲ ကျင်းပမည့်နေ့ကို စောင့်ကြို နေလေ၏။

မောင်မောင်ကြီးသည် ၎င်းအား အကြိမ်ကြိမ်အဖန်ဖန် လုပ်ကြံခဲ့သဖြင့် မင်္ဂလာလက်ထပ်ပွဲ၌ အန္တရာယ်ကျရောက်လာမည်ကို ကြိုတင်ရိပ်စားမိနိုင်၏။

ထို့ကြောင့် မောင်မောင်ကြီးအား လုပ်ကြံရန် အခက်အခဲများ စွာနှင့် တွေ့နိုင်၏။

မည်သို့ပင်ဖြစ်စေ မောင်မောင်ကြီးသည် အမျိုးသားသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်တစ်ဦးဖြစ်သဖြင့် ၄င်းအား လူပြည်မှ မရရအောင် မောင်းထုတ်ရပေတော့မည်။

တစ်နေ့သ၌ မိုးဇာသည် မောင်မောင်ကြီး၏ စံအိမ်တော်ရှိရာ မင်္ဂလာဒုံဘက်မှ ပြန်လာပြီး ၄င်းတည်းခိုရာ သရက်တောကျောင်းတိုက်သို့ ပြန်ခဲ့လေ၏။

သရက်တောကျောင်းတိုက်အနီးသို့ ရောက်သောအခါ ညဆယ်နာရီကျော်ပြီဖြစ်သဖြင့် လူသူကင်းရှင်းနေလေ၏။

သရက်တောကျောင်းတိုက်နှင့် မလှမ်းမကမ်းတွင် တွန်းလှည်းနှင့်ရောင်းချသော ဆန္ဒွင်းမကင်းဆိုင်တစ်ဆိုင်ရှိ၏။

ထိုဆိုင်ရှိ ဆန္ဒွင်းမကင်း လက်ရာသည် အလွန်ကောင်းမွန်သဖြင့် ရန်ကုန်မြို့နေရာ အနှံ့အပြားမှ လာရောက်၍ ဝယ်ယူကြ၏။

ဆိုင်ရှင်မှာ အမေပုဟု အမည်တွင်သော အဘွားကြီးတစ်ဦးဖြစ်၏။

ထိုအဘွားကြီးသည် ဆန္ဒွင်းမကင်းပြုလုပ်ရာတွင် အလွန်ကျွမ်းကျင်ပြီး အနံ့အရသာ ကောင်းမွန်အောင် ပြုလုပ်တတ်သဖြင့် သူ၏ ဆန္ဒွင်းမကင်းကို အလွန်လူသိများ၏။

မိုးဇာသည် သရက်တောကျောင်းတိုက်၌ တည်းခိုရင်း အိမ်ရှေ





သည့်ညများတွင် ဆန္ဒွင်းမကင်းဆိုင်သို့သွားရောက်ပြီး လှူဒါန်းလုပ်ကိုင်ပေးတတ်၏။

ဆိုင်ရှင်အဘွားကြီးသည် မိုးဇာကို မြေအရင်းတစ်ယောက်ကဲ့သို့ ခင်မင်ပြီး မုန့်မျိုးစုံနှင့် ကျွေးမွေးပြီး ဖော်ရွေစွာ ဧည့်ခံတတ်၏။

ထိုသို့ ဧည့်ခံရင်း မိုးဇာ၏ အလုပ်အကိုင်ကို မေးမြန်းလေ၏။

ထိုအခါ မိုးဇာက အလုပ်အကိုင် မည်မည်ရရမရှိသေးကြောင်း ပြောလေ၏။

ထိုအခါ အမေပုက

" သြော် . . . ငါ့မြေးက အလုပ်မရှိသေးဘူးကိုး၊ ရန်ကုန်မြို့မှာ အလုပ်တစ်ခုမရှိဘဲ ရပ်တည်ဖို့အတော်ခက်တယ်၊ ငါ့မြေး အမေပုဆီမှာ အလုပ်လုပ်မလား "

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ မိုးဇာက

" ဘယ်လိုအလုပ်လုပ်ရမလဲ အမေ "

ဟုမေးမြန်းလေ၏။

အမေပုက

" အမေပုရဲ့ ဆန္ဒွင်းမကင်းတွေကို လက်မလည်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းရတာ ငါ့မြေးအသိပဲ၊ အမေပုရဲ့ဆိုင်တွေဟာ ရန်ကုန်မြို့ထဲတင် မကဘူး၊ ပုဇွန်တောင်နဲ့ကျောက်မြောင်းဘက်မှာလည်း ရှိတယ် "

ဟု ပြောလိုက်ရာ မိုးဇာက ခေါင်းညိတ်၍

" အမေပုရဲ့ ဆိုင်တွေမှာ အမျိုးသမီးအလုပ်သမားတွေ အများကြီးရှိတာ ကျုပ်သိပြီးသားပါ၊ ကျုပ်ကိုဘယ်နေရာမှ အလုပ် ပေးလို့ရမှာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ အမေပုက

" အမေပုရဲ့ဆိုင်တွေမှာ မိန်းကလေးအလုပ်သမားတွေရှိတယ် ဆိုတာ ဟုတ်တယ်၊ ဒါပေမဲ့ တစ်ခါတစ်ရံမှာ အမေပုဟာ လူကုံထံ သူဌေးတွေရဲ့ ညှော်ခံပွဲကြီးတွေမှာ ကိုယ်တိုင်သွားပြီးတော့ ဆွမ်း မကောင်း ဖုတ်ပေးရလေ့ရှိတယ်၊ ဒီအခါမျိုးမှာ မိန်းကလေးတွေထက် မင်းတို့လိုယောကျ်ားလေးတွေဟာ ပိုပြီးတော့သင့်တော်တယ် ဒါကြောင့် အမေပုဆီမှာ ငါ့မြေးကို အလုပ်ပေးထားလို့ရတယ် ငါ့မြေး တစ်လလုံးလုံး အလုပ်လုပ်စရာမလိုဘူး၊ အလှူရှိတဲ့နေ့ တွေမှာ အမေပုရဲ့နောက်ကို လိုက်လို့ရတယ် "

ဟု ပြောလေရာ မိုးဇာသည် ရန်ကုန်မြို့တွင် မိမိ၏စားသောက်





နေရေး အခက်ပြေစေရန် အမေပု ဆွမ်းမကောင်းဖုတ်ရာတွင် ကူညီ လုပ်ကိုင်ပေးမည်ဖြစ်ကြောင်း ပြောလေ၏။

ဤသို့ဖြင့် မိုးဇာသည် အလှူအိမ်ကြီးများသို့လိုက်၍ အမေပု နှင့်အတူကူညီလုပ်ကိုင်ပေးရလေ၏။ ထိုသို့လုပ်ကိုင်ပေးရင်း မိမိ၏ မင်းညီမင်းသား ဘဝကိုပြန်တွေးမိကာ မိမိ၏အလုပ်ကို သိမ်ငယ် သယောင်ခံစားမိ၏။

သူသည် မဟာဆီမဟာသွေး တစ်ယောက်ဖြစ်သော်လည်း အောက်ခြေသိမ်းအလုပ်များကို လုပ်ကိုင်နေရ၏။

နန်းတွင်း၌ နေထိုင်စဉ်က မိမိကဲ့သို့ မင်းညီမင်းသားတို့သည် ဤသို့ လူသာမန်များလုပ်ကိုင်သော အလုပ်များကို လုပ်ရမည်ဟု အိပ်မက်ပင်မမက်ဖူးခဲ့ချေ။

မင်းညီမင်းသားတစ်ဦး ဖြစ်သဖြင့် ရှာဉ်နေထိုင်စဉ်ကပင် အောက်ခြေသိမ်းအလုပ်များကို မလုပ်ကိုင်တတ်ချေ။ ထို့ကြောင့် ရွာသူရွာသားများ၏ အမြင်တွင် လူပေါ်ကြောတစ်ဦးဟု အထင်မှား ခံခဲ့ရ၏။

မိုးဇာသည် အမေပုနှင့် မလိုက်ရသည့်နေ့များတွင် ကာလပေ ဆိုင်သို့သွားရောက်ကာ မောင်မောင်ကြီးနှင့် လူများ၏သတင်းတို့



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းနေလေ၏။

မောင်မောင်ကြီး၏ မင်္ဂလာပွဲကျင်းပမည့် နေ့၊ ရက်၊ အချိန်တို့ကိုလည်း အတိအကျသိရှိရလေ၏။

ထိုနေ့၌ မောင်မောင်ကြီးအား လုပ်ကြံသတ်ဖြတ်နိုင်မည်ဟုလည်း ယုံကြည်နေမိ၏။

ထိုအချိန်တွင် မောင်မောင်ကြီးတို့လူစုသည် မင်္ဂလာပွဲ၌ ၎င်းတို့အား လုပ်ကြံတိုက်ခိုက်ခြင်းမခံရစေရန်အတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ကြလေ၏။

မောင်မောင်ကြီး၏တပည့်များသည် မင်္ဂလာပွဲလာ ပရိသတ်များကို ကျွေးမွေးရန်အတွက် စားသောက်ဖွယ်ရာများကို ဝယ်ယူလေ၏။

ခင်ခင်လတ်၏ မိခင်ကြီးသည် မင်္ဂလာပွဲကို သူမ၏ခြံကြီး၌ ကျင်းပလိုသည်ဆိုသဖြင့် မောင်မောင်ကြီး အခက်တွေ့သွားလေ၏။

မောင်မောင်ကြီးသည် ၎င်း၏တပည့်များအား သွားရောက်ကြည့်ရှု၍

" မင်္ဂလာပွဲကို ခင်ခင်လတ်ရဲ့မိခင်ကြီးက သူတို့ခြံထဲမှာ





မင်္ဂလာပွဲလုပ်မယ်ဆိုတော့ ငါတို့အတွက် အခက်အခဲနည်းနည်းဖြစ်သွားတယ် "

ဟု ပြောလေ၏။

မောင်မောင်ကြီး၏ တပည့်တစ်ဦးက လက်သီးဆုပ်၍

" ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ တပည့်တွေအားလုံး ဆရာ့အတွက် နီးနီးကြားကြား ရှိနေမှာပါ၊ ဆရာ့ရဲ့ခြံထဲမှာဖြစ်ဖြစ်၊ ဆရာ့မိန်းမရဲ့ခြံမှာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားပြီး ဆရာ့ကိုစောင့်ရှောက်ကြမှာပါ "

ဟု ပြောလေ၏။

မောင်မောင်ကြီးက အားရဟန်ဖြင့်

" မင်းတို့အားလုံး စည်းစည်းလုံးလုံးနဲ့ ငါ့ကိုဝိုင်းပြီးစောင့်ရှောက်ကြရင် ရန်သူဟာ အနီးကို မကပ်နိုင်ပါဘူး၊ ရဲမက်တော်ဆိုတဲ့ကောင်မှာ အတောင်မရှိသရွေ့ ငါတို့ရဲ့မင်္ဂလာဓာတ်ထဲကိုရောက်မလာစေရဘူး "

ဟု ပြောလေ၏။

မင်္ဂလာပွဲကျင်းပရန် နှစ်ရက်ခန့်လိုသောအခါ မောင်မောင်ကြီးနှင့် တပည့်များသည် ခင်ခင်လတ်၏ နေအိမ်ခြံဝန်းအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ပြီး ကြိုတင်ပြင်ဆင်ကြလေ၏။

ခြံပတ်ဝန်းကျင်ကို ခုတ်ထွင်ရှင်းလင်းပြီး အမှိုက်များပြောင်စင်အောင် လှဲကျင်းထားလေ၏။

မောင်မောင်ကြီးသည် မင်္ဂလာပွဲကျင်းပမည့်နေ့အတွက် သူ၏ တပည့်များအား ကိုယ်တိုင်နေရာချထားလေ၏။

မောင်မောင်ကြီးက တပည့်များအား နေရာချထားရင်း

" မင်္ဂလာပွဲနေ့မှာ ငါ့မိတ်ဆွေ ရာဇဝတ်အုပ်ရဲ့ အကူအညီနဲ့ ပုလိပ်တွေလည်း အစောင့်ချထားဦးမယ်၊ ဒါကြောင့် ရဲမက်တော်ဆိုတဲ့ကောင် အတောင်ပေါက်မယ်ဆိုရင်တောင် ငါ့ဆီကို မလာနိုင်ပါဘူး "

ဟု ပြောလေ၏။

မင်္ဂလာပွဲကြီးကျင်းပရန် သုံးရက်ခန့်အလိုတွင် မိုးစာသာ အမေပုထံသို့သွား၍

" လာမဲ့စနေနေ့မှာ ကျွန်တော်ခွင့်တစ်ရက်ယူပါရစေ "

ဟု ပြောလေရာ အမေပုက အံ့ဩဟန်ဖြင့် ကြည့်၍

" အဲဒါမှခုက္ခပဲ၊ လာမဲ့ စနေနေ့မှာ အမေပုအတွက် အင်မတန်အရေးကြီးတဲ့ ပွဲကြီးတစ်ပွဲ ရှိဖို့ရှိတယ် "





ဟု ပြောလေ၏။

မိုးစာကသက်ပြင်းချလိုက်ပြီး

" ဘာပဲဖြစ်ဖြစ် အဲဒီနေ့မှာ ကျွန်တော်လိုက်လို့မဖြစ်နိုင်ဘူး၊ ဒါကြောင့် အမေပုရဲ့ မိန်းကလေးတွေကိုပဲ ခေါ်သွားပါ "

ဟု ပြောလေ၏။

ထိုအခါ အမေပုက

" ဒီနေ့ပွဲက သိပ်အရေးကြီးတယ်၊ မင်းမပါရင်တော့ အမေပု အခက်အခဲဖြစ်မှာပဲ၊ အဲဒီပွဲဟာ မင်းမျိုးမင်းနွယ်တွေရဲ့ မင်္ဂလာလက်ထပ်ပွဲကြီးကွ၊ မင်္ဂလာပွဲကို ဗဟန်းဘက်က စံအိမ်တော်ကြီးမှာ ကျင်းပလိမ့်မယ်၊ သတို့သမီးရဲ့မိခင်ကြီးက အမေပုရဲ့ ဆန္ဒင်းကောင်းကို အလွန်ကြိုက်တယ်၊ သူ့ရဲ့စံအိမ်တော်မှာ ကျင်းပတဲ့ အလှူပွဲတိုင်း အမေပုကို တကူးတကခေါ်ပြီး ဆန္ဒင်းမကောင်း ချက်ခိုင်းလေ့ရှိတယ်၊ တိုတိုပြောရရင်တော့ သူ့ရဲ့စံအိမ်တော်မှာ အမေပုဆန္ဒင်းမကောင်းမပါရင် မပြီးဘူး၊ သူဟာ အမေပုရဲ့ လက်ရာကို ကြိုက်လွန်းလို့ ကျသင့်ငွေအပြင် ဆုလာဘ်တွေတောင်ပေးပြီး ချီးမွှမ်းလိုက်သေးတယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဇာသည် အမေပု၏စကားကြောင့် အလွန်စိတ်ဝင်စားသွားပြီး

" ဟင် ... ဗဟန်းလမ်း ကြားတောရလမ်းမှာ မင်္ဂလာပွဲလုပ်မှာ မဟုတ်လား "

ဟု ပြောလေရာ အမေပုသည် မိုးဇာကိုအံ့သြဟန်ဖြင့်ကြည့်၍

" သိပ်ဟုတ်တာပေါ့ကွယ်၊ သူတို့ရဲ့ မင်္ဂလာပွဲကို မင်း ဘာကြောင့်သိနေတာလဲ "

ဟု ပြောလိုက်လေ၏။

ထိုအခါ မိုးဇာက ဝမ်းသာအားရဖြင့်

" သူတို့ဟာ ထင်ရှားတဲ့လူတွေပဲ အမေရဲ့၊ ကျုပ်မသိဘဲနေပါ့မလား၊ ရန်ကုန်မြို့မှာ သူတို့လောက် ချမ်းသာကြွယ်ဝတဲ့လူတွေ ရှိမှမရှိတာ၊ ဒါကြောင့် ကြားဖူးနားဝရှိနေတာပေါ့ "

ဟု ပြေလိုက်လေ၏။

ထိုအခါ အမေပုက

" ဒါဆိုရင် ဒီမင်္ဂလာပွဲ ဘယ်လောက်ကြီးတယ်ဆိုတာ မင်းသိမှာပေါ့၊ မင်းကို အဲဒီနေ့မှာ ခွင့်ပေးလို့မရဘူး၊ အမေပုနဲ့ လိုက်ပြီးတော့ ကူညီပေးရမယ် "





ဟု ပြောလေ၏။

မိုးဇာသည် မောင်မောင်ကြီးနှင့် ခင်ခင်လတ်မင်္ဂလာပွဲသို့ လိုက်ပါရမည်ဆိုသဖြင့် အလွန်စိတ်လှုပ်ရှားသွားပြီး

" ဒါဆိုရင် ကျုပ်ခွင့်မယူတော့ပါဘူး၊ အမေ့ကိုလိုက်ပြီး အားတက်သရော ကူညီပေးပါ့မယ် "

ဟုပြောလိုက်ရာ အမေပုသည် အလွန်ကျေနပ်သွားလေ၏။ မိုးဇာသည် မင်္ဂလာပွဲကျင်းပမည့်ရက် နီးကပ်လာသည်နှင့်အမျှ စိတ်ထဲတွင် ပိုမို၍ လှုပ်ရှားလာမိ၏။

မောင်မောင်ကြီးသည် အမျိုးသား သစ္စာဖောက်တစ်ယောက် ဖြစ်သဖြင့် ၎င်းအား သုတ်သင်ရှင်းလင်းလိုက်လျှင် အပြစ်မဖြစ်နိုင်ဟု ယုံကြည်နေမိ၏။

△△△



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကျင်းပမည့်နေ့သို့ မရောက်မီ စမ်းချောင်းဘက်တွင် ရှိသော အမေပု၏နေအိမ်ဆီသို့ မြင်းဖြူကြီးနှစ်ကောင်ဆွဲသည့် ဒေါက်ကပ်မြင်းရထားကြီး ထိုးဆိုက်လာ၏။

ထိုမြင်းရထားကြီးသည် မင်္ဂလာပွဲကျင်းပမည့် သတို့သမီး၏အိမ်မှ ဖြစ်၏။

အမေပုက မိုးဇာဘက်သို့လှည့်၍ ဂုဏ်ယူဟန်ဖြင့်

"ဒါဟာ သတို့သမီးအိမ်က အကြိုထောက်လိုက်တဲ့ ဒေါက်ကပ်မြင်းရထားကြီးလေ၊ သူတို့ဟာ အမေပုရဲ့ ဆန္ဒင်းမကင်းကို ဘယ်လောက် အသည်းစွဲ ကြိုက်တယ်ဆိုတာ တွေ့ပြီ မဟုတ်လား"

ဟုပြောလေ၏။





သတို့သမီးအိမ်မှ အကြိုထောက်လိုက်သော မြင်းဖြူကြီးဆွဲသော မြင်းရထားကြီးသည် အလွန်သားနားသပ်ရပ်သော မိုးဇာတို့သည် သတို့သမီးအိမ်မှ အကြိုထောက်လိုက်သော ဒေါက်ကပ်မြင်းရထားကြီးပေါ်သို့ ဆန္ဒင်းမကင်းအိုးကြီးများကို တင်၍ လိုက်ပါသွားလေ၏။

မင်္ဂလာပွဲသည် နောက်တစ်နေ့နံနက် ကိုးနာရီတွင် စတင်မည်ဖြစ်၏။

မိုးဇာတို့ လိုက်ပါသော ရထားလုံးသည် ဗဟန်း ကြားတောရလမ်းသို့ရောက်သောအခါ အိမ်ကြီးတစ်လုံးရှေ့တွင် ရပ်လိုက်လေ၏။

ထိုအခါ အိမ်ကြီး၏ တံခါးဝတွင် ခြံစောင့်ကိုသာမက မောင်မောင်ကြီး၏ တပည့်များ စောင့်ကြပ်နေကြောင်း တွေ့ရ၏။

မောင်မောင်ကြီး၏ တပည့်များသည် သတို့သမီးစံအိမ်တော်မှ ရထားလုံးဖြစ်ကြောင်း သိရသဖြင့် စစ်ဆေးခြင်းမရှိဘဲ အထဲသို့ အသာတကြည် ဝင်ခွင့်ပြုလိုက်၏။

ရထားလုံးမောင်းသော ကုလားသည် အမေပုကို ဆန္ဒင်းစောင်းစုတ်ရန် ခေါ်ဆောင်နေကျဖြစ်သဖြင့် ရထားလုံးကို အိမ်ကြီး၏ရှေ့ရှိ

www.burmeseclassic.com



ဆင်ဝင်အောက်၌ မရပ်ဘဲ အိမ်ကြီး၏ နံဘေးလမ်းအတိုင်း မောင်းနှင်သွားလေ၏။

ထိုသို့ သွားလာရင်း အိမ်ကြီးနှင့် မလှမ်းမကမ်းတွင်ရှိသော အစေခံ တန်းလျားရှေ့တွင် ရပ်တန့်လိုက်လေ၏။ ထိုအခါ အမေပုတို့သည် ရထားလုံးပေါ်မှဆင်း၍ ဆန္ဒင်းမကာင်းပြုလုပ်ရန် ပစ္စည်းများကို ချလေ၏။ ရထားလုံးပြန်လည် ထွက်ခွာသွားအခါ အမေပုက

"အစေခံ တန်းလျားနောက်မှာ ငါတို့မီးမွှေးနေကျနေရာရှိတယ်၊ အဲဒီနေရာမှာမီးမွှေးပြီး ဆန္ဒင်းမကာင်းအိုးတွေ ဖုတ်ကြမယ်၊ ဆန္ဒင်းမကာင်းဖုတ်တဲ့ အနံ့တွေဟာ စံအိမ်တော်ကြီးဆီကို ရောက်လို့ မဖြစ်ဘူး၊ စံအိမ်တော်ကြီးရဲ့ပိုင်ရှင် သခင်မကြီးက အင်မတန် စည်းစနစ်ကြီးတယ်"

ဟုပြောလေ၏။

မိုးဇာသည် အစေခံတန်းလျားနောက်တွင် လူမသိ၊သူမသိ ဆန္ဒင်းမကာင်းဖုတ်ရမည်ဖြစ်သဖြင့် ပိုမို၍ သဘောကျသွားလေ၏။

ထိုနေ့ညသို့ရောက်သောအခါ မောင်မောင်ကြီး၏ တပည့်များသည် ဓား၊ လှံ၊ လက်နက်များကို ကိုင်ဆောင်၍ ခြံပတ်ဝန်းကျင်





တွင် စောင့်ကြပ်ကြ၏။

၄င်းတို့သည် ခြံထဲတွင်လှည့်လည်ကြည့်ရှုရင်း ဆန္ဒင်းမကာင်း ဖုတ်နေသော အမေပုနှင့် မိုးဇာကို မြင်သောအခါ သတို့သမီးအိမ်မှ အလုပ်သမားများဟု ထင်မြင်နေလေ၏။

ထို့ကြောင့် မိုးဇာတို့ကို စစ်ဆေးခြင်းမရှိဘဲ အိမ်ကြီး၏ ပတ်ဝန်းကျင်ကိုသာ လှည့်လည်ကြည့်ရှုနေလေ၏။

နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ မနက်ခုနစ်နာရီခန့်တွင် မောင်မောင်ကြီးသည် ၄င်း၏ဖို့ဒ်ကား အနက်ရောင်လေးဖြင့် မင်္ဂလာပွဲကျင်းပမည့် စံအိမ်တော်သို့ ရောက်ရှိလာလေ၏။

မောင်မောင်ကြီးနှင့်အတူ တပည့်တပန်း အစောင့်အကြပ် တွေထပ်စွာပါရှိ၏။

မောင်မောင်ကြီး၏ တပည့်တစ်ဦးက ခြံပတ်ဝန်းကျင်ကို အစောင့်အကြပ်များစွာ ချထားသောကြောင်း၊ မင်္ဂလာပွဲသို့ လာရောက်မည့်သူများကိုလည်း မျက်စိဒေါက်ထောက် ကြည့်ရှုနေမည် ဖြစ်ကြောင်း ပြောလေ၏။

ကျန်တပည့်တစ်ဦးက မကြာမီ ဗဟန်းဂတ်မှ ပုလိပ်များ လာရောက်၍ မင်္ဂလာပွဲကို စောင့်ကြပ်ပေးကြမည် ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၏။

မောင်မောင်ကြီးသည် သူ၏တပည့်များ၏ အစီအမံကောင်းမှုကြောင့် သဘောကျသွားပြီး

"မင်းတို့တော်တယ်၊ မင်္ဂလာပွဲပြီးမှ အားလုံးကို ဆုချီးမြှင့်မယ်"

ဟု သဘောကျဟန်ဖြင့် ပြောဆိုလေ၏။

မောင်မောင်ကြီး၏ တပည့်များသည် ထမင်း၊ ဟင်းများကို ကိုယ်တိုင်ချက်ပြုတ်လေ၏။

မင်္ဂလာဧည့်ခံပွဲကျင်းပရန် ခြံကြီးကို ၄င်းတို့စိတ်တိုင်းကျ အလှဆင်ကြ၏။

ခြံကြီးတွင်ရှိသော သစ်ပင်များကို ရောင်စုံစက္ကူများနှင့် မီးပုံးပူပေါင်းများ ချိတ်ဆွဲကြ၏။ ဗီယာနာကဖီးတိုက်မှ ငှားထားသော ကုလားထိုင်များ၊ စားပွဲခုံများဖြင့် အလှဆင်ကြ၏။

ထိုနေ့မနက် ရှစ်နာရီခန့်ရှိသောအခါ အမေပုသည် ငွေလင်ဗန်းလေးထဲတွင် ဆွန်းမကင်းအချို့ကိုထည့်၍ အိမ်ကြီး၏ အပေါ်ထပ်သို့တက်ရန် ပြင်လေ၏။

မိုးစာက

"ဘယ်သွားမလို့လဲ အမေပု"

ဟု မေးမြန်းလိုက်သောအခါ အမေပုက

"သတို့သမီးရဲ့မယ်တော် ဒေါ်သူဇာကြီးဟာ အမေပုရဲ့ ဆွန်းမကင်းကို အရင်ဦးဆုံးမြည်းစမ်းလေ့ရှိတယ်၊ သူစိတ်တိုင်းကျ မြည်းစမ်းပြီးမှ အမေပုတို့က ဧည့်ပရိသတ်တွေကို ကျွေးမွေးရတယ်၊ ဒါကြောင့် အရင်ဆုံး ဒေါ်သူဇာကြီး မြည်းစမ်းဖို့အတွက် ဆွန်းမကင်းတွေ သွားပြီးပို့ပေးတာပဲ၊ ဒေါ်သူဇာက ဆွန်းမကင်းကို သိပ်ချိုလွန်းရင်လည်း မကြိုက်ဘူး၊ အချိုပေါ့လွန်းရင်လည်း မကြိုက်ဘူး၊ သူ့အကြိုက်ကို အမေပဲသိတယ်"

ဟု ဆိုကာ ငွေလင်ဗန်းကိုကိုင်၍ အိမ်ကြီး၏အပေါ်ထပ်သို့ တက်သွားလေ၏။

မိုးစာသည် သူ၏လွယ်အိတ်ထဲတွင် ထည့်ထားသော ဓားမြှောင်နှစ်ချောင်းကို တင်းတင်းဆုပ်ကိုင်၍ မောင်မောင်ကြီးအား လက်စားချေ တိုက်ခိုက်ရန် စိတ်အားထက်သန်နေမိ၏။

"ဒေါ်သူဇာကြီးကတော့ အမေရဲ့ ဆွန်းမကင်းကို ကြိုက်သွားပြီး သူဟာ နန်းတွင်းမှာ နေစဉ်ကတည်းက ဆွန်းမကင်းကို ကြိုက်လို့ နေ့စဉ်စားတယ်လို့ ပြောတယ်၊ သူ့သမီးရဲ့ မင်္ဂလာပွဲမှာ







www.burmeseclassic.com

www.burmeseclassic.com



တောင် အစားအစာမှန်သမျှ သတို့သားဘက်က စိတ်တိုင်းကျ လုပ်ကိုင်စေခဲ့တယ်၊ ဒါပေမဲ့ ဆန္ဒမကောင်းကိုတော့ သူစိတ်တိုင်းကျ တဲ့ အမေပုကိုပဲ ဖုတ်ခိုင်းခဲ့တယ်၊ ဒီအတွက် အမေပုဂုဏ်ယူထယ်"

ဟု ပြောလေ၏။

မိုးဓာသည် အမေပုကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" ဘဝမှာ လူဟာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်ရ တာတဲ့၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကိုလုပ်ရင်းနဲ့ သူ့ထစ်ပါးကို ထိခိုက်ရင် ထိခိုက်သွားနိုင်တယ်၊ အမေပုက ဆန္ဒမကောင်းဖုတ်တဲ့ အလုပ်မှာ ဘဝတစ်ခုလုံးကို မြှုပ်နှံထားခဲ့တယ်၊ ဒီမင်္ဂလာပွဲကြီးမှာ ဆန္ဒမကောင်းဖုတ်တဲ့အတွက် အမေပု သိပ်ဂုဏ်ယူခဲ့တယ်၊ အမေပု ဒီတစ်ကြိမ် ဆန္ဒမကောင်းဖုတ်တာ ကျွန်တော် သတိထားမိတယ်၊ ဟိုအရင်တုန်းက ဖုတ်တာတွေနဲ့ မတူဘူး၊ အများကြီးပိုပြီး ဂရု စိုက်တာတွေ့ရတယ်"

ဟု ပြောလေရာ အမေပုက

" အမေပုဟာ အမြဲတမ်းအလုပ်အပေါ်မှာ သစ္စာရှိခဲ့ပါတယ်၊ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ အမေပုရဲ့အလုပ်ကို အတိမ်းအစောင်း လုံးဝမခံနိုင်ဘူး၊ ဒေါ်သူဇာကြီးဟာ အမေပုလောက်နီးနီး ဆန္ဒ





မကောင်းဖုတ်တာကို ကျွမ်းကျင်တဲ့သူပဲ"

ဟု ပြောလေ၏။

မိုးဓာသည် အမေပုကိုကြည့်၍

" တကယ်လို့မပြောမကောင်း၊ မဆိုမကောင်း ဒီဆန္ဒမကောင်း ဖုတ်တဲ့ပွဲကြီး ပျက်သွားတယ်ဆိုရင် အမေပု ဘယ်လိုခံစားရမလဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ အမေပုက

"အမေပုရဲ့ ဘဝမှာ ဒီနေ့ပွဲဟာ အရေးအကြီးဆုံးပဲ လူလေး အမေပု အသက်ကြီးပြီ၊ အိမ်တွေမှာလည်ပြီး ဆန္ဒမကောင်းဖုတ်တဲ့ အလုပ်ကို ဒီနေ့နောက်ဆုံးလုပ်တာပဲ၊ နောက်ဆိုရင် အိမ်မှာပဲ ဆန္ဒမကောင်းဖုတ်ပြီးတော့ ကလေးတွေကိုပဲ ရောင်းခိုင်းတော့မယ်"

ဟု ပြောလိုက်လေရာ မိုးဓာက အမေပုကို စိတ်မကောင်းဟန် ဖြင့် ကြည့်၍

"အမေပု နောက်ဆုံး ဆန္ဒမကောင်းဖုတ်တဲ့ပွဲမှာ ဂုဏ်သိက္ခာ ကျစေရပါဘူး"

ဟုတိုးတိုးပြောလိုက်လေ၏။ အမေပုက မိုးဓာအား ကျေညီဟန်ဖြင့် ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"လူလေး ဘာကိုပြောတာလဲ"

ဟုပြောလေရာ မိုးဇာက ခေါင်းခါယမ်း၍

"ဘာမှ မပြောပါဘူး အမေပုရယ်၊ ဆန္ဒင်းမကောင်းတွေကို အိမ်ကြီးရှင် ဒေါ်သူဇာကြီးက ကြိုက်တယ်မဟုတ်လား"

ဟု စကားလမ်းကြောင်း ပြောင်းလွှဲလိုက်လေ၏။ ထိုအခါ အမေပုက စိတ်အားတက်ကြွဟန်ဖြင့်

" ဒီနေ့ အမေပုဖုတ်တဲ့ ဆန္ဒင်းမကောင်းလက်ရာဟာ သူ့တစ်သက်မှာ အကောင်းဆုံးပဲလို့ ဒေါ်သူဇာကြီးက ချီးမွမ်းတယ်၊ ဒေါ်သူဇာ ချီးမွမ်းတာကို အမေ သိပ်ဝမ်းသာတာပဲ၊ အမေ ဂုဏ်လည်းယူတယ် "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် အမေပုက

" အမေပု ဆန္ဒင်းမကောင်းအိုးတွေကို နောက်ဆုံးအနေနဲ့ သွားကြည့်လိုက်ဦးမယ်၊ လူလေး ရေမိုးချိုးပြီး အဝတ်အစားလဲထားတော့လေ "

ဟု ပြောလေ၏။

မိုးဇာသည် အမေပုထွက်ခွာသွားသောအခါ သူ၏လွယ်အိတ်ထဲ





မှ ဓားမြှောင်နှစ်လက်ကိုဆုပ်ကိုင်၍ အဘွားအို၏ နောက်ကျောကို စိတ်မကောင်းဟန်ဖြင့် ကြည့်လိုက်လေ၏။

ယနေ့ မောင်မောင်ကြီးကို မိမိလုပ်ကြံသွားလျှင် အမေပုအတွက် များစွာ ထိခိုက်သွားနိုင်၏။ ဒီထက်ပို၍ ကံဆိုးလျှင် အမေပု ထောင်နန်းစံသွားနိုင်၏။

မိုးဇာသည် မိမိအား သားမြေးကဲ့သို့ သဘောထားသော အမေပုအား ဒုက္ခရောက်အောင် မလုပ်ရက်သကဲ့သို့ ဖြစ်သွားလေ၏။

ယနေ့သည် အမေပုဘဝအတွက် အလွန်အရေးပါသော နေ့တစ်နေ့ဖြစ်၏။

ယနေ့ဖုတ်သော ဆန္ဒင်းမကောင်းများသည် အမေပုဘဝ၏ နောက်ဆုံးလက်ရာပင် ဖြစ်၏။

အမေပုသည် ထိုပွဲကလေးအတွက် အလွန်ဂုဏ်ယူခဲ့၏။

အမေပုနှင့် အခြားသော အိမ်များ၌ ဆန္ဒင်းမကောင်းဖုတ်သည့်အခါတိုင်း မိမိလိုက်ပါခဲ့ဖူး၏။

ထိုသို့လိုက်ပါသည့်အခါတိုင်း အမေပုသည် ယနေ့ပွဲကဲ့သို့ အလေးအနက်ထားခြင်းမရှိဟု ထင်မြင်နေမိ၏။

မိုးဇာသည် ရောက်တတ်ရာရာတွေးရင်း ရေမိုးချိုးသော အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားများလဲလှယ်နေမိ၏။

သူ၏လွယ်အိတ်ထဲတွင် လူယုတ်မာမောင်မောင်ကြီးအား လုပ်ကြံရန် ဓားနှစ်လက်ရှိနေ၏။

မနက်ကိုးနာရီထိုးသောအခါ မောင်မောင်ကြီးတို့ ဖိတ်ကြားထားသော ဧည့်သည်များသည် မင်္ဂလာဧည့်ခံပွဲသို့ တဖွဲဖွဲ ရောက်ရှိလာလေ၏။

မောင်မောင်ကြီးသည် ခင်ခင်လတ်နှင့် အတူယှဉ်တွဲ၍ မင်္ဂလာပွဲလာ ပရိသတ်များကို ဧည့်ခံနေလေ၏။

မောင်မောင်ကြီးသည် ပရိသတ်များကို ဧည့်ခံနေသော်လည်း ကနာမငြိမ်နိုင်ဘဲ ရှိနေလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ခင်ခင်လတ်က လေသံတိုးတိုးဖြင့်

" ကိုကိုမောင် ဘယ်လိုဖြစ်နေတာလဲ၊ ဣန္ဒြေရရနေစမ်းပါ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်လှုပ်ရှားနေရတာလဲ "

ဟု မေးမြန်းလေ၏။

မောင်မောင်ကြီးကို ခင်ခင်လတ်သည် မည်မျှပင် နှစ်သိမ့်စေကာမူ အသက်အန္တရာယ်အတွက် စိုးရိမ်ဟန်ဖြင့် ဧည့်ပရိသတ်များကို ကောင်းမွန်စွာမဧည့်ခံနိုင်ဘဲ စိတ်လှုပ်ရှားဟန်ဖြင့် ရှိနေလေ၏။





ခင်ခင်လတ်နှင့် ဒေါ်သူဇာကြီးသည် ကနုတ်များစီခြယ်ထားသော ကျွန်းကုလားထိုင်ကြီးတွင်ထိုင်၍ ၎င်းတို့အား လာရောက် နှုတ်ဆက်သူများကို ပြန်လည်နှုတ်ဆက်နေလေ၏။

သူမ၏ကျန်းမာရေး ညှိုးမှိုင်းသောကြောင့် ဧည့်ပရိသတ်များအား ကိုယ်တိုင်လိုက်လံ၍ ဧည့်မခံနိုင်ခြင်းကို တောင်းပန်နေရှာ၏။

မောင်မောင်ကြီးသည် မင်္ဂလာပွဲသို့ ရဲမက်တော်ဆိုသူ ကြိမ်းသောရောက်ရှိလာပြီး မိမိကိုလုပ်ကြံသတ်ဖြတ်နိုင်သည်ဟု ထင်မြင်နေမိ၏။

နေ့လယ် ဆယ့်တစ်နာရီခန့် ရှိသောအခါ မင်္ဂလာပွဲ ပြီးဆုံးသွားလေ၏။

မောင်မောင်ကြီးသည် ထိုအခါမှပင် ပင့်သက်ကိုချနိုင်ပြီး ခန္ဓာကိုယ်တစ်ခုလုံးရှိ ချွေးများကို လက်ကိုင်ပဝါဖြင့် သုတ်ရလေ၏။

ခင်ခင်လတ်သည် မောင်မောင်ကြီး၏ စိတ်လှုပ်ရှားနေသော အမူအရာကို နားမလည်နိုင်ဟန်ဖြင့် ကြည့်၍

" ကိုကိုမောင် ဘယ်လိုဖြစ်နေရတာလဲ၊ ခင်လေးနဲ့လက်ထပ်ရတာ ဘာဖြစ်လို့ ဒီလောက်စိတ်လှုပ်ရှားနေရတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။

ထိုအခါ မောင်မောင်ကြီးက

" ဘာမှ မဖြစ်ပါဘူး ခင်လေးရယ်၊ ကိုယ့်တစ်သက်မှာ ဒီလိုပွဲမျိုး တစ်ကြိမ်တစ်ခါမှ မနွဲဖူးဘူးဆိုတော့ စိတ်လှုပ်ရှားနေလို့ပါ၊ ညှို့ဝရိသတ်တွေလည်း ပြန်သွားကြပြီ၊ အခုမှပဲ စိတ်အေးရတယ်"

ဟု ပြောကာ သူ၏တပည့်များရှိရာသို့ လျှောက်လှမ်းသွားပြီး

" မင်းတို့ ဘာမသက်သာစရာ တွေ့သေးလဲ "

ဟုမေးမြန်းလေ၏။

ထိုအခါ သူ၏တပည့်တစ်ဦးက လက်မထောင်၍

" မင်္ဂလာပွဲလာတဲ့ ပရိသတ်တွေအားလုံးဟာ လူကြီးလူကောင်းတွေချည်းပဲ၊ ရဲမက်တော်ဆိုတဲ့ကောင် တစ်ယောက်မှ မဖြစ်နိုင်ဘူး၊ ခြံပတ်ဝန်းကျင်အနှံ့လည်း ကျွန်တော်တို့ လှည့်လည်စစ်ဆေးကြည့်ပြီးပြီ၊ ဘာမှမသက်သာစရာရှိဘူး၊ ခြံအပြင်ဘက်မှာလည်း ဗဟန်းဂိတ်က ဝုလိပ်တွေ မျက်ခြေမပြတ် စောင့်ကြပ်နေတယ်၊ ဒါကြောင့် ဆရာရဲ့မင်္ဂလာပွဲဟာ ပြီးဆုံးသွားပါပြီ၊ ရဲမက်တော်ဆိုတဲ့ကောင် အစောင့်အကြပ် ထူထပ်လွန်းလို့ ရောက်မလာနိုင်တော့ပါဘူး "

ဟု ပြောလေ၏။





မောင်မောင်ကြီးသည် ထိုအခါမှပင် ဝမ်းသာစွာဖြင့် ရယ်မောလိုက်ပြီး

" ဟား… ဟား… ဟား… အခုမှပဲ စိတ်အေးလက်အေး ရယ်မောနိုင်တော့တယ်ကွာ၊ မင်းတို့အားလုံး သိစ်စတော်တယ်၊ မင်္ဂလာပွဲပြီးရင် မင်းတို့ကို ဆုငွေတွေချီးမြှင့်ပေးရမယ်၊ လောလော ဆယ်တော့ ခင်လေးနဲ့ သွားတွေ့လိုက်ဦးမယ်၊ တော်ကြာ ငါ့ကို သံသယဖြင့်သွားလိမ့်မယ် "

ဟု ပြောကာ ခင်ခင်လတ်ရှိရာသို့သွား၍ ရယ်ရွှင်စွာဖြင့် စကားများကို ပြောဆိုနေ၏။

ခင်ခင်လတ်သည် ပြောင်းလဲသွားသော မောင်မောင်ကြီး၏ မျက်နှာကို နားမလည်နိုင်ဟန်ဖြင့် ကြည့်၍

" ကိုကိုမောင် ဘယ်လိုဖြစ်တာလဲ၊ အခုတော့လည်း လေသံတွေက ရွှင်လို့ပါလား၊ စောစောတုန်းကတော့ ညှို့ဝတ်မကျေဘူး၊ စကားပြောရင်း ကနာမငြိမ်နဲ့ ဟိုကြည့်ဒီကြည့် လုပ်နေတယ်"

ဟု ပြောဆိုလိုက်လေ၏။

ထိုအခါ မောင်မောင်ကြီးက သဘောကျဟန်ဖြင့် ခင်ခင်လတ်၏ ပခုံးကိုဖက်၍



www.burmeseclassic.com

www.burmeseclassic.com



" ကိုကိုမောင်က လူမျိုးဘဝကနေ သူအိုဘဝကို ရောက်ရ
နေတာမယ်ဆိုလို့ စိတ်လှုပ်ရှားလွန်းပြီး ကနာမငြိမ် ဖြစ်နေရတာပါကွာ၊
အစ်ကိုတို့ အေးအေးဆေးဆေး နားလို့ရပြီ "

ဟု ဆိုကာ ခင်ခင်လတ်၏ ပခုံးကိုဖက်၍ အိမ်ကြီး၏ အပေါ်
ထပ်သို့ တက်သွားလေ၏။

အိမ်ကြီးအပေါ်ထပ်ရှိ ဘုရားခန်းအနီးတွင် ခင်ခင်လတ်နှင့်
မောင်မောင်ကြီးတို့အတွက် သီးသန့်ပြုလုပ်ထားသောအိပ်ခန်းရှိ၏။

ထိုအခန်းထဲတွင် မင်္ဂလာခန်းဝင်ပစ္စည်းများကို အဆင်သင့်
ပြင်ဆင်ထားပြီးဖြစ်၏။ မောင်မောင်ကြီးသည် ခင်ခင်လတ်၏ ပခုံးကို
ဖက်၍

" အစ်ကိုတို့ သိပ်ပင်ပန်းသွားပြီ၊ ခဏလောက်အနားယူလိုက်
ကြရအောင် "

ဟု ပြောကာ ခုတင်ရှိရာသို့ယှဉ်တွဲ၍ လျှောက်လာခဲ့လေ၏။

ခင်ခင်လတ်မှာလည်း ပင်ပန်းလွန်းသဖြင့် ခုတင်ပေါ်တွင်
ခဏမျှလှဲရန်အတွက် ခုတင်စောင်းတွင်ဝင်၍ ထိုင်လိုက်၏။

မောင်မောင်ကြီးသည် သူ၏မင်္ဂလာပွဲ မည်သည့်အနှောင့်အယှက်မျှ
မရှိဘဲ ပြီးဆုံးသွားသဖြင့် အလွန်အင်မတန် စိတ်လက်ပေါ့ပါးသွား





လေ၏။

ခဏကြာလျှင် ၎င်းတို့နှစ်ဦးစလုံး ပင်ပန်းလွန်းသဖြင့် အိပ်ပျော်
သွားကြလေ၏။

အတန်ကြာသောအခါ အိပ်ခန်းတံခါးကို တခေါက်ခေါက်
လာခေါက်သောကြောင့် မောင်မောင်ကြီးသည် အိပ်ရာမှလူးလဲ၍
လန့်နိုးလာ၏။

မောင်မောင်ကြီးသည် အိပ်ခန်းတံခါးကိုသွား၍ဖွင့်သောအခါ
အိမ်တွင် အဖော်ခေါ်ထားသော မိန်းကလေးတစ်ဦးကို မြင်တွေ့ရ၏။

သူမက

" မမကြီးက အစ်ကိုတို့စားဖို့အတွက် ဆန္ဒင်းမကင်း
ဗန်းကန်ပို့ပေးလိုက်ပါတဲ့ "

ဟု ပြောလေ၏။

မောင်မောင်ကြီးသည် ထိုကောင်မလေးလက်မှ ဆန္ဒင်းမကင်း
ဗန်းကန်ကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" ဒီဆန္ဒင်းမကင်းက ဘယ်ပဉ္စမဟုတ်ရ လုပ်တာလား "

ဟု ပြောလေ၏။

ထိုအခါ ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်ပါဘူး အစ်ကိုကြီး၊ မေမေကြီး အိမ်မှာခေါ်ပြီး ဖုတ်ခိုင်းထားတာပါ "

ဟု ပြောလေ၏။

ကောင်မလေး၏စကားကြောင့် မောင်မောင်ကြီးသည်အလွန် အံ့သြထိတ်လန့်သွားပြီး

" ဘာ..! အိမ်မှာခေါ်ပြီး ဆန္ဒင်းမုန့်ကောင်း ဖုတ်ခိုင်းတယ် ဟုတ်လား၊ ဘယ်သူ့ကို ဖုတ်ခိုင်းတာလဲ "

ဟု အထိတ်တလန့် မေးမြန်းလိုက်လေ၏။

ထိုအခါ အဖော်ကောင်မလေးက

" အမေပုနဲ့ အစ်ကိုကြီးတစ်ယောက် လာဖုတ်ပေးပါတယ် "

ဟု ပြောလေ၏။

မောင်မောင်ကြီးသည် အန္တရာယ်၏အငွေ့အသက်များကို ခံစားလိုက်မိပြီး

" ဘာ... အစ်ကိုကြီးတစ်ယောက်လာပြီးတော့ ဆန္ဒင်းမုန့်ကောင်း ဖုတ်ပေးတယ် ဟုတ်လား၊ အဲဒီလူဘယ်မှာလဲ "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ အိမ်ဖော်ကောင်မလေးကခဖြေဆိုရန် တုံ့ဆိုင်းနေစဉ်





၎င်းတို့၏ အနောက်မှ

" ကျုပ် ဒီမှာပါ၊ မောင်မောင်ကြီး "

ဟူသော အသံကို ကြားလိုက်ရလေ၏။

မောင်မောင်ကြီးသည် တံခါးနောက်တွင်ရပ်နေသော မိုးစာကို ကြည့်၍ အလွန်ထိတ်လန့်အံ့သြပြီး

" ရဲမက်တော် "

ဟု တီးတိုးရေရွတ် လိုက်လေ၏။

မိုးစာက

" ဟုတ်တယ်၊ ခင်ဗျားနဲ့ ကျုပ် ဒီနေ့အပြီးဆိုင်စာရင်းရှင်းမှ ဖြစ်မယ်၊ ခင်ဗျား သူရသတ္တိရှိတဲ့ ယောကျ်ားတစ်ယောက်ဆိုရင် အဆင်သင့်ပြင်ပြီး ကျုပ်နဲ့ ဒီအိမ်ကြီးရဲ့ ခေါင်းမိုးပေါ်ကို လိုက်ခဲ့ပါ၊ ခင်ဗျားရဲ့နံဘေးမှာ ကြောင်လိမ်လှေကားရှိတယ်၊ ကြောင်လိမ်လှေကားအတိုင်း ခေါင်မိုးပေါ်ကို တက်လို့ရတယ်၊ ကျုပ်တို့နှစ်ယောက် ယောကျ်ားပီပီ ဓားချင်းပြိုင်ပြီး ဆုံးဖြတ်ရအောင်၊ ခင်ဗျားကြိုက်ရာ လက်နက်ကို ယူဆောင်လာနိုင်တယ်၊ ကျုပ်လက်ထဲမှာတော့ ယောဒီဓားတိုလေး နှစ်ချောင်းဖဲ့ပါတယ် "

ဟု ဆိုကာ သူ၏ကိုယ်ပေါ်တွင်ဝှက်၍ ယူဆောင်လာသော



www.burmeseclassic.com

www.burmeseclassic.com



ဘေးချောင်နှစ်ချောင်းကို မောင်မောင်ကြီး မြင်သာအောင် ပြလိုက်လေ၏။

မောင်မောင်ကြီးသည် မိမိ၏အန္တရာယ်ကို ရှောင်လွှဲမရတော့ဟု ယူဆလိုက်လေ၏။ ဤတစ်ကြိမ် ရှောင်လွှဲလျှင်လည်း၊ နောင်တစ်ကြိမ် ပြန်လည်တွေ့ဆုံနိုင်၏။

ထို့ကြောင့် စိတ်လှုပ်ရှားခြင်းကင်းမဲ့သော အမူအရာဖြင့်ရဲမက်တော်ကိုကြည့်၍

" ကောင်းပြီ၊ ကျုပ်လိုက်လာခဲ့မယ်၊ ခင်များနဲ့ကျုပ် ဒီတစ်ကြိမ် နောက်ဆုံးစာရင်းရှင်းကြတာပေါ့ "

ဟု ဆိုကာ အခန်းထဲသို့ ဝင်သွားလေ၏။

△△△





မိုးဇာသည် နောက်ဖက်တံခါးမှထွက်၍ ကြောင်လိမ်လှေကားအတိုင်းအိမ်ကြီး၏ ခေါင်မိုးပေါ်သို့ တက်သွားလေ၏။ ခေါင်မိုးပေါ်တွင် လေတဖြူးဖြူးတိုက်ခတ်နေလေ၏။

သူသည် ဓားတို့နှစ်လက်ကို မြဲမြဲဆုပ်ကိုင်၍ စောင့်ကြံနေလိုက်၏။ မောင်မောင်ကြီးသည် အိပ်ခန်းထဲသို့ရောက်သောအခါ အံဆွဲကိုဖွင့်၍ ခြောက်လုံးပြူးသေနတ်ကို အင်္ကျီအတွင်းသို့ ထိုးထည့်လိုက်၏။

သူသည် လက်ထဲတွင် ခြောက်လုံးပြူးသေနတ်တစ်လက် ရှိနေသဖြင့် ရဲမက်တော်ကို အနိုင်ယူနိုင်လိမ့်မည်ဟု မျှော်လင့်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးသည် အခန်းထဲမှထွက်ခါနီးတွင် အိပ်မောကျနေသော ခင်ခင်လတ်၏ပါးကို နမ်းလိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့လေတော့၏။

မောင်မောင်ကြီးသည် ကြောင်လိမ်လှေကားအတိုင်းအိမ်၏ ခေါင်မိုးပေါ်သို့ တက်သွားသောအခါ လေတဖြူးဖြူးတိုက်နေသော ခေါင်မိုးပေါ်တွင် ကျောခိုင်း၍ ရပ်နေသော ရဲမက်တော်ကို မြင်တွေ့ရ၏။

မိုးဇာကနောက်သို့ လှည့်မကြည့်ဘဲ

" ခင်ဗျားရောက်လာပြီလား၊ သတ္တိကတော့ ဘယ်ဆိုးလို့လဲ "

ဟု ချီးမွမ်းလိုက်လေ၏။

မောင်မောင်ကြီးက ငှက်ကြီးတောင် ဓားကိုထုတ်၍

" ခင်ဗျားကို ကျုပ်ဘယ်လိုမှ ရှောင်လွှဲလို့မရတော့ဘူး ဒီတစ်ကြိမ် ထိပ်တိုက်ရင်ဆိုင်ပြီး၊ ခင်ဗျားနဲ့ကျုပ် တစ်ယောက်ယောက် သေမှအေးတော့မယ် "

ဟု ပြောလေ၏။

ထိုအခါ မိုးဇာက မောင်မောင်ကြီးဘက်သို့လှည့်လိုက်ပြီး

" ခင်ဗျား ဘာဖြစ်လို့ မျိုးချစ်တော်လှန်ရေးသမားတွေကို





ဒုက္ခပေးနေရတာလဲ "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ မောင်မောင်ကြီးက အံကိုကြိတ်၍

" မျိုးချစ်တော်လှန်ရေးသမားတွေ ဟုတ်လား၊ အဲဒီမျိုးချစ်တယ်ဆိုတဲ့ပုဂ္ဂိုလ်တွေကပဲ ကျုပ်အမေကို သေမှာပို့လိုက်တာလေ၊ ကျုပ်သိပ်ချစ်တဲ့ မယ်မယ်ဘုရားဟာ အိမ်နိမ့်စံဘဝနဲ့နေရတုန်း ကျန်းမာရေးမကောင်းလို့ နွားလှည်းတစ်စီးနဲ့ဆေးကုအသွားမှာ ခင်ဗျားတို့တော်လှန်ရေးသမားတွေပဲ နယ်ချဲ့စစ်ပုလိပ်နဲ့မှားပြီး တိုက်ခိုက်ခဲ့တယ်၊ အဲဒီတုန်းက တိုက်ပွဲမှာ ကျုပ်အလွန်ချစ်ခဲ့တဲ့ မယ်မယ်ဘုရား လူ့လောကကြီးထဲက ထွက်သွားရတယ်၊ ဒီအချိန်ကစပြီး ကျုပ်ဟာ တော်လှန်ရေးသမားတွေကို အမုန်းကြီးမုန်းတီးခဲ့တယ်၊ နောက်ပြီးတော့ ဗြိတိသျှအစိုးရကို နေမဝင်အင်ပါယာရှင်ဆိုပြီး ကျုပ်သိပ်ပြီးအထင်ကြီးတယ်၊ ဗြိတိသျှတွေဟာ ကမ္ဘာကြီးတစ်ခုလုံးကို ကြီးစိုးထားပြီလေ၊ ကျုပ်တို့မြန်မာပြည်ကို မအုပ်ချုပ်နိုင်စရာ အကြောင်းမရှိဘူး၊ ဒါကြောင့် ဗြိတိသျှအုပ်ချုပ်ရေးကို ကျုပ်အလွန်ကြိုက်တယ် "

ဟု ပြောလေရာ မိုးဇာက မောင်မောင်ကြီးကို သေသတကြီး



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်လိုက်ပြီး

" တိတ်စမ်း… ခင်ဗျားကျွန်စိတ်ပေါက်နေလား၊ ခင်ဗျားဟာ အလောင်းဘုရားရဲ့သွေးမရှိဘူးလား၊ နယ်ချဲ့လက်အောက်မှာ ကျွန်သပေါက်ဘဝနဲ့နေချင်သလား၊ အဲ့ပါရဲ့ဗျာ… ခင်ဗျားဟာ ရိုးရိုးအရပ်သားတစ်ယောက် မဟုတ်ဘူး၊ မင်းညီမင်းသား တစ်ယောက်ပါ၊ မဟာဆီမဟာသွေးတစ်ယောက်ဖြစ်ပြီး နယ်ချဲ့ကို အလိုရှိနေတာ ကျုပ်တော့ အံ့သြလို့မဆုံးတော့ဘူး၊ ခင်ဗျားကို ကျုပ် ဗုဂ္ဂိုလ်ရေးအရ မုန်းတီးမှုမရှိပါဘူး၊ ဒါပေမဲ့ တိုင်းပြည်မှာရှိတဲ့ တော်လှန်ရေးခေါင်းဆောင်တွေရဲ့ ဘဝနောင်ရေးအတွက်ခင်ဗျားကို သုတ်သင်ရှင်းလင်းမှဖြစ်မယ် "

ဟု ပြောလေ၏။

မောင်မောင်ကြီးက ရဲမက်တော်ကိုကြည့်၍ ရယ်မောလိုက်ပြီး

" ဟား… ဟား… ဟား… ကျုပ်ကလည်း လာမဲ့အေးကို ဖြေးတွေ့မဲ့ကောင်ပါ၊ လူဆိုတာ သေတစ်နေ့မွေးတစ်နေ့ပါပဲ၊ ကဲ… ကျုပ်တို့ ရင်ဆိုင်ကြရအောင် "

ဟု ပြောကာ ငှက်ကြီးတောင်ဓါးအား ဓားအိမ်မှထုတ်လိုက်





လေ၏။

မိုးဇာသည် သူ၏ခါးကြားတွင် ထိုးထားသောဓားတိုလေးနှစ်လက်ကို ဘယ်တစ်လက်၊ ညာတစ်လက် ကိုင်ဆောင်ထားလိုက်၏။

မောင်မောင်ကြီးသည် ကျားခုန်ကြွေးကြော်၍ မိုးဇာအား ဓားဖြင့်ပြေးခုတ်လိုက်၏။ မိုးဇာသည် မောင်မောင်ကြီး၏ ဓားချက်များကို ရှောင်တိမ်းရင်း သူ၏လက်ထဲမှ ဓားတိုလေးနှစ်ချောင်းဖြင့် ပြန်လည်ခုခံလေ၏။

မောင်မောင်ကြီးသည် ဓားရှည်ကိုကိုင်ဆောင် ထားသဖြင့် ပိုမို၍ အခွင့်အရေးသာနေပြီး မိုးဇာအား ဒလကြမ်းတိုက်ခိုက်နေလေ၏။

မိုးဇာသည် မောင်မောင်ကြီး၏ ဓားချက်များကို ခုခံရင်း ၎င်း၏တိုက်ခိုက်ရေးပညာကို စိတ်ထဲတွင် ကျိတ်၍ ချီးကျူးလိုက်မိ၏။

မောင်မောင်ကြီးသည် မိမိထင်ထားသကဲ့သို့ လူညံ့တစ်ယောက်မဟုတ်ဘဲ တိုက်ခိုက်ရေးပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းထားသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီး၏ ဓားသိုင်းများသည် အလွန်ကြောက်မက်ဖွယ်ကောင်းပြီး အားမာန်ပါ၏။ မိုးဓာသည် မောင်မောင်ကြီးအား အထင်သေးမိသဖြင့် မိမိကိုယ်မိမိ နောင်တရသလို ဖြစ်သွားမိ၏။

မောင်မောင်ကြီးသည် မိုးဓာအား ပြန်လည်တိုက်ခိုက်ခွင့် မပေးဘဲ အစွမ်းကုန် တိုက်ခိုက်နေလေ၏။ တစ်ချိတွင် မောင်မောင်ကြီး၏ ဓားချက်ကို ရှောင်တိမ်းရင်း ခေါင်းမိုးပေါ်သို့ မိုးဓာခြေချော်၍ လဲလေ၏။

မောင်မောင်ကြီးသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ မိုးဓာအား ဓားရှည်ဖြင့် ခုတ်ပိုင်းရန် ပြေးလာလေ၏။

မိုးဓာသည် မတတ်သာသည့် အဆုံးတွင် သူ၏လက်ထဲမှ ဓားမြှောင်ဖြင့် မောင်မောင်ကြီးအား လှမ်းပစ်လိုက်၏။ မိုးဓာ၏ ဓားမြှောင်သည် မောင်မောင်ကြီး၏ ရင်ဝသို့စိုက်ဝင်သွားပြီး မောင်မောင်ကြီးသည် အားခနဲအော်၍ ယိမ်းယိုင်သွားလေ၏။

မောင်မောင်ကြီးသည် သူ၏ ကိုယ်ခန္ဓာသို့ ဓားချက်ထိမှန်သွားသဖြင့် ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ မိုးဓာအား တဒိုင်းဒိုင်းပစ်ခတ်လိုက်၏။

မိုးဓာသည် ခေါင်းမိုးပေါ်တွင် လှိမ့်၍ ရှောင်တိမ်းရာမှ အမှိုး





လွန်ပြီး ခေါင်းမိုးစွန်းမှ အောက်သို့ ပြုတ်ကျသွားလေ၏။ သို့သော် ကံကောင်းထောက်မစွာဖြင့် ညာဘက်လက်က ခေါင်းမိုးစွန်းတစ်ဖက်ကို တွဲလောင်းခိုဆွဲလိုက်နိုင်၏။

မောင်မောင်ကြီးသည် မိုးဓာရှိရာသို့ ဒယီးဒယိုင် ရောက်ရှိလာပြီး သဘောကျဟန်ဖြင့် ရယ်မောလိုက်ကာ

" ဟား... ဟား... ဟား... ရဲမက်တော်ကြီး၊ အခုတော့ ဘာတတ်နိုင်သေးလဲ၊ ကျုပ်လက်ချက်နဲ့ ခင်ဗျားသေရတော့မယ်၊ ကျုပ်ကို ရက်ရှည်လများ ဒုက္ခပေးနေတဲ့ကောင် သေပေတော့ "

ဟု ဆိုကာ မိုးဓာအား ခြောက်လုံးပြူးသေနတ်ဖြင့်ပစ်ရန် ချိန်လိုက်၏။

မိုးဓာသည် ခေါင်းမိုးစွန်းတစ်ဖက်ကို လက်ဖြင့် ဆွဲကိုင်ထားရသဖြင့် မောင်မောင်ကြီးအား ပြန်လည်ခုခံရန် လွန်စွာခက်ခဲနေလေ၏။

မိုးဓာသည် နောက်ဆုံးအခြေအနေတွင် စွန့်စားရန် ဆုံးဖြတ်လိုက်ပြီး ဘယ်ဘက်လက်တွင်ရှိသော ဓားမြှောင်ကို အားကုန်လွှဲ၍ မောင်မောင်ကြီးအား ပစ်ပေါက်လိုက်လေ၏။

ထိုအခါ ခေါင်းမိုးစွန်းကို ကိုင်ဆောင်ထားသော သူ၏လက်မှ လွတ်ထွက်သွားပြီး၊ ခေါင်းမိုးပေါ်မှအောက်သို့ လန်ကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးမှာလည်း မိုးဇာ၏ ဓားမြှောင်စိုက်ဝင်သွားသဖြင့် အားခနဲအော်ကာ ခေါင်မိုးပေါ်မှ အောက်သို့ ပြုတ်ကျသွားလေ၏

မိုးဇာသည် ခေါင်းမိုးပေါ်မှ အရှိန်ဖြင့်ကျသော်လည်း ကျွမ်းဘားဆရာရှင်တစ်ဦးဖြစ်သဖြင့် မိမိကိုယ်၏ဟန်ချက်ကို ထိန်းလိုက်ရာ မြေပေါ်သို့ အထိမနာဘဲ ရှိလေ၏။

မောင်မောင်ကြီးမှာမူ မြေပေါ်သို့ ဇက်ကြိုးကျသွားလေ၏။

မိုးဇာသည် မောင်မောင်ကြီး၏ အနီးသို့ သွားရောက်ကြည့်ရှုပြီး

" တိုင်းပြည်နဲ့ လူမျိုးအတွက် ခင်ဗျားကို လုပ်ကြံရတာ စိတ်မကောင်းပါဘူး "

ဟုပြောရင်း အုတ်တံတိုင်းမှ ခိုဆွဲတက်ကာ ပျောက်ကွယ်သွားလေ၏။

ΔΔΔ





မိုးဇာသည် မောင်မောင်ကြီးအား လုပ်ကြံပြီးနောက် လော်ရီကားကြီးတစ်စီးကို လမ်းကြုံလိုက်၍ ရန်ကုန်မြို့မှ အမြန်ဆုံး ထွက်ခဲ့လေ၏။

သူသည် မောင်မောင်ကြီးအား လုပ်ကြံခဲ့သော်လည်း မိမိအတွက်ကြောင့် ဆန္ဒမ်းမကောင်းရောင်းသော အသွားအို ဒုက္ခရောက်မှာ စိုးရိမ်ပူပန်၏။

မိုးဇာသည် အဝေးပြေးကားကြီး အနောက်ရှိ ဆန့်အိတ်များကြား တွင် လူးလိမ့်ရင်း လိုက်ပါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ၏အင်္ကျီအိတ်ထဲမှ ခိုးလိုးခုလုဖြစ်နေသော အရာကို ဆွဲထုတ်လိုက်သောအခါ ဆန္ဒင်းမကင်းအဘွားအို ဝယ်ခိုင်းလိုက်သော ဈေးစာရင်းစာရွက်ဖြစ်နေလေ၏။

မိုးဇာသည် အဘွားအို၏ စာရင်းစာရွက်ကို အဓိပ္ပာယ်မဲ့ ဖွင့်ကြည့်လိုက်၏။

ထိုအခါ စာရွက်ထဲတွင် ဈေးစာရင်းများကို မတွေ့ရဘဲ စာတစ်စောင်ကို မြင်ရသဖြင့် တအံ့တသြ ဖြစ်သွားလေ၏။ စာမှာ

*အမေ့ရဲ့စာကိုဖတ်ရလို့ လူလေးသိပ်အံ့သြသွားပြီလား၊ တကယ်တော့ လူလေး အမေ့ဆီမှာ အလုပ်စလုပ်ဖို့ ကြိုးစားစဉ်ကတည်းက လူလေးရဲ့ ရည်ရွယ်ချက်ကို အမေသိပါတယ်၊ အမေရဲ့ ခင်ပွန်းဟာ မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဦးအောင်ဇင်ပါ၊ အမေရဲ့ခင်ပွန်းဟာ ဆင်ဖြူကိုင်ရွာမှာ မောင်မောင်ကြီးရဲ့ လုပ်ကြံခြင်းကို ခံခဲ့ရတယ်၊ ဒီအချိန်ကစပြီး အမေတို့ မျိုးချစ်တော်လှန်ရေးအဖွဲ့တွေ ပြိုကွဲခဲ့ရတယ်၊ အမေလည်း အားမတန်မာန်လျှော့ပြီး ရန်ကုန်မှာ ဆန္ဒင်းမကင်းဖုတ်တဲ့*





*အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းရတယ်၊ ဒါပေမဲ့ အမေဟာ မျိုးချစ်ပုဂ္ဂိုလ်တွေနဲ့ လျှို့ဝှက်ပြီး ကြောခတာ ဆက်သွယ်လျှက်ရှိပါတယ်၊ တိုင်းပြည်အတွက် အမေကိုယ်တိုင် စွန့်စွန့်စားစား မလုပ်နိုင်ပေမဲ့ မျိုးချစ်တွေရဲ့ အောင်မြင်မှုသတင်းကို အမြဲကြားချင်သေးတယ်၊ ဒါကြောင့် လူလေး အမေ့ဆီကို လာကတည်းက ရဲမက်တော်ဆိုတာ လူလေးမှန်းသိခဲ့တယ်၊ လူလေးရဲ့ မောင်မောင်ကြီးကို လုပ်ကြံချင်တဲ့ ရည်ရွယ်ချက်ကိုလည်း နားလည်ခဲ့တယ်၊ ဒါကြောင့် လူလေးရဲ့လုပ်ရပ်တွေကို အမေ မသိနားမလည်ဟန်ဆောင်ပြီး အားပေးခဲ့တာပဲ၊ လူလေးရဲ့အကြံအစည် အောင်မြင်ရမယ်လို့ အမေယုံတယ်၊ တိုင်းပြည်သစ္စာဖောက် မောင်မောင်ကြီးဟာ လူ့လောကမှာ ရှိမနေသင့်ဘူး၊ အမေ့အတွက် လူလေး မစိုးရိမ်ပါနဲ့၊ အားလုံးအဆင်ပြေချောမွေ့သွားမှာပါ။*

*အရေးတော်ပုံအောင်ရမည်*

*အမေ*



www.burmeseclassic.com

www.burmeseclassic.com



မိုးဇာသည် အဘွား၏စာကို ဖတ်ရှုပြီး အရာအားလုံးကို သဘောပေါက်သွားလေ၏။

ထို့ကြောင့် လေသံတိုးတိုးဖြင့်

" အရေးတော်ပုံအောင်ရမည် အမေ "

ဟု ရေရွတ်လိုက်လေတော့၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူရ



BURMESE CLASSIC
www.burmeseclassic.com